# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အနှစ်ရှိသော တရားကိုရနိုင်

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

ယမကဝဂ်(ဓမ္မပဒ-၁၂)


၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက် | ၂၀၁၉ ခုနှစ်၊ မေ ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၀၃)


## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန် တရုတ်နိုင်ငံသို့ သွားရောက်မည်

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ်မြောက် ရပ်ဝန်းနှင့် ပိုးလမ်းမ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း အလုပ်သဘောခရီးစဉ် သွားရောက်မည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကမ္ဘောဒီးယားနိုင်ငံ၊ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင် ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီး ဆက်လက်သွားရောက်မည် ဖြစ်သည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီခရိုင် ဖလူးကျေးရွာအုပ်စု ကျောက်ခက်စံပြကျေးရွာ ပြည်သူလူထုနှင့် တွေ့ဆုံစဉ်။ ဓာတ်ပုံ-မင်းထက်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း မြဝတီခရိုင်တောင်ပိုင်း ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**မြဝတီ မေ ၂၀**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြဝတီခရိုင် တောင်ပိုင်း ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံသည်။

ခရီးစဉ်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် အမျိုးသားလွှတ်တော် ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြဝတီမြို့နယ် စုကလိမြို့နယ်ခွဲ ဆုံဆည်းမြိုင်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဝင်း ကွန်ကရစ်လမ်းဖွင့်ပွဲသို့ တက်ရောက်ပြီး ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လမ်းကို ဖြတ်သန်းကြည့်ရှုသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ထို့နောက် ဝေါလေမြိုင်မြို့နယ် ဝေါလေမြို့၌ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဝေါလေမြို့ အမှတ်(၁)ရပ်ကွက် ဈေးအဝင်လမ်းဖွင့်ပွဲသို့ တက်ရောက်ပြီး လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ် ဂေါလီချောင်း ကျောက်စီနံရံ ကာရံထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် မြဝတီခရိုင် တောင်ပိုင်း ဒေသခံပြည်သူများအား ဝေါလေမြိုင်မြို့ အရဏ်ဦး မူလတန်းကြိုကျောင်း၌ လည်းကောင်း၊ စုကလိမြို့နယ် မဲကလားကျေးရွာအုပ်စု ဝါးမိထကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ ဖလူးကျေးရွာအုပ်စု ကျောက်ခက်စံပြကျေးရွာ

စာမျက်နှာ ၃ ကော်လံ ၁ ✽

## နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့၏ တတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချုပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

## မြောက်ဦးမြို့အနီးရှိ နယ်မြေခံတပ်ဌာနချုပ်သို့ AA အဖွဲ့က အလစ်အငိုက် တိုက်ခိုက်ရန် ဝင်ရောက်လာစဉ် လုံခြုံရေးကင်းအဖွဲ့များနှင့် ထိတွေ့မှုဖြစ်ပွား

စာ » ၉






![မြန်မာ့အလင်း]

# အမွေအနှစ်များဟူသည် . . .

လွန်ခဲ့သော ၁၆ ဧပြီ ၂၀၁၉ နေ့မှာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် ပြင်သစ်နိုင်ငံ ပဲရစ်မြို့က နော်ထရာဒိမ်း ဘုရားရှိခိုးကျောင်းကြီး မီးလောင်ပျက်စီးသွားခဲ့သည်။ ခရစ်နှစ် ၁၁၆၃ မှာ စတင်တည်ဆောက်ခဲ့ပြီး နှစ် ၂၀၀ နီးပါးအကြာ ၁၃၄၅ ခုနှစ်တွင် ပြီးစီးခဲ့၏။ နှစ် ၂၀၀ နီးပါး တည်ဆောက်ခဲ့သော ဗိသုကာလက်ရာကြီးသည် နာရီအနည်းငယ်မျှဖြင့် ပျက်စီးဆုံးရှုံးသွားခဲ့ချေပြီ။

ဘုရားရှိခိုးကျောင်းကြီး၏ ဗိသုကာလက်ရာ၊ တည်ဆောက်ထားပုံ၊ အနုစိတ်များ စသည်တို့က ရင်သပ်ရှုမောဖွယ်လှပ၏။ ယင်းအဆောက်အအုံကြီး မီးသင့်ပျက်စီးရသည့်သတင်းနှင့် မရှေးမနှောင်းမှာပင် အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမားက သည်ဘုရားရှိခိုးကျောင်းကြီးက ကမ္ဘာ့ရတနာတွေထဲက တစ်ခုပါပဲဟုဆို၏။ ပြန်လည်ထူထောင်ကြဖို့လည်း နှိုးဆော်လိုက်၏။

ပြင်သစ်နိုင်ငံအတွင်းက သူဌေးကြီးများက ဘုရားကျောင်းကြီးကို မူလလက်ရာအတိုင်း ပြန်လည်တည်ဆောက်နိုင်ရန် ဒေါ်လာသန်းပေါင်းများစွာချီ၍ ရန်ပုံငွေထူထောင်လိုက်ကြသည်။

ကမ္ဘာတစ်ဝန်းရှိ ပြည်သူတို့ကလည်း ဘုရားကျောင်းကြီး မီးသင့်ပျက်စီးရသည့်အတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်ကြကြောင်းကို ထုတ်ဖော်ခဲ့ကြသည်။

ကမ္ဘာ့တစ်နေရာမှာရှိနေသည့် တန်ဖိုးကြီးမြင့်လှသော အမွေအနှစ်လက်ရာကောင်းတစ်ခု ဆုံးရှုံးရသည်ကို ကမ္ဘာ့ပြည်သူတို့က ဝမ်းနည်းယူကျုံးမရဖြစ်ကြရသည်။ အမွေအနှစ်လက်ရာတို့မှာ နယ်နိမိတ်မရှိ။ ပဲရစ်မှာ ရှိနေသည်ဖြစ်စေ၊ ရောမမှာ ရှိသည်ဖြစ်စေ၊ အေသင်မှာရှိသည်ဖြစ်စေ၊ ဗုဒ္ဓဂယာမှာ ရှိသည်ဖြစ်စေ၊ လုမ္ဗိနီမှာ ရှိသည်ဖြစ်စေ၊ ကဘူးလ်မှာ ရှိသည်ဖြစ်စေ၊ ပရပ်မှာ ရှိသည်ဖြစ်စေ၊ ပုဂံမှာ ရှိသည်ဖြစ်စေ အားလုံးသည် ကမ္ဘာသူ ကမ္ဘာသားအားလုံးနှင့် သက်ဆိုင်သည့် အမွေအနှစ်များသာတည်း။

ယဉ်ကျေးသော လူမှုအသိုက်အမြုံထဲက ကမ္ဘာသူ ကမ္ဘာသားအားလုံးတို့ မြတ်နိုးတန်ဖိုးထားကြ၊ ထိန်းသိမ်းစောင့်ရှောက်လိုကြသည်ချည်း။

မြန်မာနိုင်ငံအတွင်း၌လည်း ကျောက်ခေတ်နံရံဆေးရေးများ၊ လက်နက်ပစ္စည်းအသုံးအဆောင်များ၊ ပုတီးများ၊ အိုးများအစရှိသည့် သမိုင်းဆိုင်ရာအမွေအနှစ်များရှိနေသည့် ပြဒါးလင်းလို၊ ပျူ သရေခေတ္တရာလို၊ ဗိဿနိုးလို၊ ဟန်လင်းလို ဒေသများရှိသကဲ့သို့ သမိုင်း၊ ယဉ်ကျေးမှု၊ ဗိသုကာ၊ အနုပညာလက်ရာအစုစုတို့နှင့် သာသနိကအဆောက်အအုံတို့ ပြည့်ကြွယ်ဝသည့် အမွေအနှစ်ဒေသကြီးများ၊ ရွှေတိဂုံစေတီတော်ကြီးကဲ့သို့ ကြည်ညိုလေးမြတ်ဖွယ်ရာ သာသနိကအမွေအနှစ်ကြီးတို့လည်း ရှိသည်။ မြစ်ဖျားခံရာ မြစ်ဆုံမှသည် မြစ်ညာသို့ တစ်စတစ်စ စီးဆင်းလာသည့် မြစ်ရိုးတစ်လျှောက်က သဘာဝရေမြေတောတောင် အလှအပတို့ဖြင့် လွှမ်းမိုးထားသည့် ဧရာဝတီ၊ ချင်းတွင်း စသည်တို့လို မြစ်ကြီးများ၏ သဘာဝအမွေအနှစ်များကလည်း ပေါကြွယ်ဝစွာရှိသည်။

ဤသည်တို့ကဲ့သို့သော ဆုပ်ဆုပ်ကိုင်ကိုင်ပြနိုင်သည့် အမွေအနှစ်များက ကြွယ်ဝသလို ဆုပ်ကိုင်မပြနိုင်သည့် ပွဲတော်များ၊ ဓလေ့ထုံးစံများ၊ သနပ်ခါးရနံ့၊ တိုင်းရင်းသားရိုးရာအဆင်ဒီဇိုင်းအကွက်အမွမ်းများ စသည်တို့လို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကလည်း များစွာရှိနေသည်ပဲဖြစ်ပါသည်။

မိမိတို့မှာရှိနေသည့် အမွေအနှစ်များကို မိမိတို့မည်သို့ တန်ဖိုးထားတတ်သည်လဲ၊ မိမိတို့ မည်သို့ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ရှိသည်လဲ ဆိုသည်က အလွန်အရေးကြီးမည် ဖြစ်ပါသည်။

ယဉ်ကျေးသည့် လူ့ကမ္ဘာမှာ အမွေအနှစ်ကို တန်ဖိုးထားခြင်းဖြင့် လူ့ဘဝ၊ လူ့ဖြစ်စဉ်၊ လူ့သမိုင်းကို တန်ဖိုးထား ထိန်းသိမ်းနေကြသည်။ ကမ္ဘောဒီးယားက အန်းကောဝပ်ဘုရားကျောင်းကြီးများက ပဲ့ကြွေလွင့်စဉ်ကျလာသော အုတ်ကျိုးများကအစ ဖုန်သုတ်ကာ တယုတယထိန်းသိမ်းပုံ၊ ပြင်သစ်နိုင်ငံက အီဖယ်မျှော်စင်ကြီး၏ ပတ်ဝန်းကျင် မြင်နိုင်သမျှ မြင်ကွင်းပတ်ပတ်လည်ကို အဆောက်အအုံမြင့်များ လုံးဝဆောက်လုပ်ခွင့်မပေးဘဲ စောင့်ရှောက်ပုံ၊ အင်္ဂလန်က အောက်စဖို့ဒ်တက္ကသိုလ် ဝန်းကျင်တစ်ခုလုံးက အဆောက်အအုံများ၏ အရောင်ကို ကန့်သတ်ထားကာ ဂရုစိုက်ပုံ အစရှိသော ကမ္ဘာအရပ်ရပ်က တန်ဖိုးထားမှုအစုစုကို လေ့လာဆန်းစစ်ကြပြီး မိမိတို့နိုင်ငံတွင်းရှိ အမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရေး အလေးပေးကြရန် အစီရင်ခံတင်ပြလိုက်ရပါကြောင်း။



## သင်္ကြန်အပြီးကာလ မန္တလေးပဲဈေးကွက်တွင် အဖွင့်ဈေးကောင်းသဖြင့် အရောင်းအဝယ်သွက်

**မန္တလေး ဧပြီ ၂၀**

သင်္ကြန်အပြီးကာလဖြစ်သော ဧပြီ ၂၀ ရက်တွင် မန္တလေးပဲဈေးကွက်၌ အဖွင့်ဈေးကောင်းမွန်ကာ ဝယ်လက်စုံလာရောက်မှုဖြင့် အရောင်းအဝယ်များ ပြန်လည်သွက်လက်စည်ကားလာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

"အရင်နှစ်တွေက သင်္ကြန်အပြီးမှာ ဈေးကွက်က အေးစက်နေတတ်ပြီး အဖွင့်ဈေးကောင်းလေ့မရှိပေမယ့် ဒီနှစ်သင်္ကြန်အပြီးကတော့ ထူးထူးခြားခြား ပဲဈေးကွက် ဖွင့်ဖွင့်ချင်းနေ့မှာ အဖွင့်ဈေးတွေက သင်္ကြန်မတိုင်ခင်ဈေးထက်ပိုပြီးကောင်းနေတဲ့အပြင် ရောင်းသူဝယ်သူ လူစုံတက်စုံနဲ့ သွက်လက်မြန်ဆန်နေတယ်"ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

မန္တလေးပဲဈေးကွက်တွင် သင်္ကြန်မတိုင်မီကာလက ပြည်ပသို့ အဓိက တင်ပို့ကုန်များဖြစ်သည့် ပဲစင်းငုံမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေတောက်ပဲမှာ ငွေကျပ် ၁၂၈၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ပဲတီစိမ်းမှာ ငွေကျပ် ၁၂၂၀၀၀ နှုန်းဖြင့် လည်းကောင်း၊ မြေပဲလုံးဆံမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၇၀၀ နှုန်းဖြင့် လည်းကောင်း ပေါက်ဈေးရှိခဲ့ရာမှ သင်္ကြန်ကာလအပြီး ဧပြီ ၂၀ ရက်တွင် ပဲစင်းငုံမှာ ငွေကျပ် ၉၁၀၀၀ နှုန်း၊ မြေတောက်ပဲမှာ ငွေကျပ် ၁၃၀၀၀၀ နှုန်း၊ ပဲတီစိမ်းမှာ ငွေကျပ် ၁၂၅၀၀၀ နှုန်းနှင့် မြေပဲလုံးဆံမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၈၅၀ နှုန်းအထိ ဈေးမြင့်တက်လာကြောင်း သိရသည်။

ထို့အတူ မတ်ပဲ၊ ထောပတ်ပဲ၊ နှမ်း၊ ပြောင်းဖူးစေ့နှင့် ကုလားပဲအုပ်စုဝင်များဖြစ်သည့် V2, V7 နှင့် ထိုင်ဝမ်ပဲတို့မှာ သင်္ကြန်မတိုင်မီ ဈေးနှုန်းများအတိုင်း ဆက်လက်အရောင်းအဝယ်ဖြစ်နေပြီး လက်ရှိဈေးကွက်အစတွင် သင်္ကြန်မတိုင်မီ ဈေးနှုန်းထက်ကျဆင်းသွားသော ပဲအမျိုးအစားများ မရှိသလောက် ဖြစ်ပေါ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့ပြင် ယခင်နှစ်များက ဧပြီလအတွင်း ပုံမှန်ရွာသွန်းလေ့ရှိသည့် သင်္ကြန်မိုးသည်းထန်မှုကြောင့် တချို့အညာဒေသများတွင် သီးနှံပျက်စီးမှုများ ကြုံတွေ့ခဲ့ရသော်လည်း ယခုနှစ်တွင် အဆိုပါ သင်္ကြန်မိုးရွာသွန်းမှုမရှိခဲ့သဖြင့် သီးနှံပျက်စီးမှုနည်းပါးကာ အထွက်နှုန်း ပုံမှန်ထွက်ရှိနိုင်ကြောင်း သိရသည်။

**အောင်ဖြိုးကျော်**

## ပဲစင်းငုံဈေးနှုန်း အမြင့်ဆုံးသို့ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၂၀**

ပြည်တွင်းပဲဈေးကွက်၌ ပဲစင်းငုံဈေးနှုန်းသည် (နှစ်နှစ်ခွဲ)ဝန်းကျင်အကြာတွင် အမြင့်ဆုံးဈေးနှုန်းသို့ ပြန်လည်ရောက်ရှိလာပြီး ရန်ကုန်ပဲဈေးကွက်တွင် ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၉၇၅၀၀၀ နှုန်းဖြင့် ကုန်သေတ္တာအလုံးပေါင်း ၁၅လုံး အရောင်းအဝယ်ဖြစ်ခဲ့သည်ဟု နေ့စဉ်ထုတ်ပြန်နေသော ဘုရင့်နောင်ကုန်စည်ဈေးနှုန်းသတင်းများအရ သိရသည်။

သင်္ကြန်ပွဲတော်ရက်မတိုင်မီ ဧပြီ ၁၀ ရက်တွင် ပဲစင်းငုံနီ RC တစ်တန်လျှင် ငွေကျပ် ၈၃၈၀၀၀ နှုန်းသာရှိရာမှ ဧပြီ ၁၉ ရက်အထိ ရန်ကုန်ပဲဈေးကွက်တွင် ပဲစင်းငုံဈေး ဈေးမဖွင့်ဘဲ ဧပြီ ၂၀ ရက်တွင် ယင်းပဲဈေးနှုန်း စတင်ဈေးဖွင့်ဖော်ပြလာရာ နှစ်နှစ်ခွဲခန့်ကာလအတွင်း ပြည်တွင်းပဲဈေးကွက်တွင် အမြင့်ဆုံး ပဲစင်းငုံဈေးနှုန်းအဖြစ် ပြန်လည်ရောက်ရှိလာသည်။

မြန်မာ့ပဲအဓိကဝယ်လက်ဖြစ်သော အိန္ဒိယပြည်၏ ယင်းပြည်တွင်းသို့ ပဲတင်သွင်းရေးဆိုင်ရာ ကန့်သတ်ချက်များကို ၂၀၁၇ ခုနှစ် ဩဂုတ်လလယ်ပိုင်းတွင် ထုတ်ပြန်ပြီး ရန်ကုန်ပဲဈေးကွက်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၂ ရက်မှ ၂၅ ရက်အထိ ပဲအရောင်းအဝယ် ယာယီရပ်နားခဲ့သည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၈၀၀၀၀၀ နှုန်း၊ ပဲစင်းငုံနီ RC တစ်တန် ငွေကျပ် ၅၀၅၀၀၀ နှုန်း ရှိခဲ့သော်လည်း ဩဂုတ် ၂၉ ရက်တွင် မတ်ပဲ RC တစ်တန် ၅၃၇၀၀၀ကျပ်၊ ဩဂုတ် ၃၀ ရက်တွင် ၄၂၆၀၀၀ ကျပ်နှုန်းသို့ ဈေးကျခဲ့သည်။ ပြည်တွင်း ပဲဈေးကွက်တည်ငြိမ်ရန် ပဲ NGOအဖွဲ့က မတ်ပဲတစ်တန် ငါးသိန်းကျပ်နှုန်း၊ ပဲစင်းငုံတစ်တန် ငွေကျပ် လေးသိန်းနှုန်း သတ်မှတ်ဝယ်ယူခဲ့ခြင်း ရှိခဲ့သည်။

ပြည်တွင်းပဲဈေးနှုန်းများ ကျဆင်းနေ၍ မတ်ပဲနှင့်ပဲစင်းငုံများကို စီးပွားဖြစ်မစိုက်ပျိုးရန် တာဝန်ရှိသူများနှင့် ပဲ NGO အဖွဲ့တို့က အကြံပြုတိုက်တွန်းပြောကြားခြင်းများကို ၂၀၁၈ ပဲစင်းငုံမစိုက်ပျိုးမီ မေလဆန်းတွင်ရှိခဲ့သည်။ ယင်းရက်ပိုင်းတွင် အိန္ဒိယပြည်၏ ပဲတင်သွင်းခွင့်အသိပေးခြင်း ထွက်ပေါ်လာသည်။ ၂၀၁၈ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း သုံးလကာလတွင် မတ်ပဲနှင့် ပဲတီစိမ်းတန်ချိန် တစ်သိန်းခွဲစီ၊ ပဲစင်းငုံတန်ချိန် နှစ်သိန်း အိန္ဒိယပြည်တွင်းသို့ တင်သွင်းခွင့်ပြုမည်ဟု ဖော်ပြထားသည်။

၂၀၁၉ ခုနှစ် မတ် ၂၉ ရက်တွင် ထုတ်ပြန်သော အိန္ဒိယပြည်၏ ပဲတင်သွင်းခွင့် အသိပေးချက်အရ ယခင်နှစ်အတိုင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အိန္ဒိယပြည်တွင်းသို့ ပဲတန်ချိန်တင်သွင်းခွင့်ရှိသည်ဟု သိရပြီး တင်သွင်းရမည့်ကာလ သတ်မှတ်ချက် မဖော်ပြထားကြောင်း သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ လေးလတာအတွင်း အမေရိကန်ဒေါ်လာ ၁၆၄ ဒသမ ၈၃၈ သန်း တန်ဖိုးရှိ မတ်ပဲတန်ချိန် ၃၃၈၆၆၃ ဒသမ ၈၁၆ နှင့် အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၁၄၄ သန်း တန်ဖိုးရှိ ပဲစင်းငုံတန်ချိန် ၅၂၆၉၈ ဒသမ ၃၄၁ တန်ကို ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်ဟု သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

၂၀၁၉ ခုနှစ် ဧပြီ ၂၀ ရက်တွင် ပဲစင်းငုံဈေးနှုန်း နှစ်နှစ်ခွဲခန့်ကာလအတွင်း အမြင့်ဆုံးသို့ ပြန်လည်ရောက်လာခဲ့သော်လည်း မတ်ပဲ RC တစ်တန်မှာ ယင်းနေ့တွင် ၂၀၁၈ နှစ်ထွက်မှာ ငွေကျပ် ၇၈၇၀၀၀၊ SQ/RC တစ်တန် ငွေကျပ် ၉၂၇၀၀၀ နှုန်း၊ ၂၀၁၉ နှစ်ထွက် မတ်ပဲ RC တစ်တန် ငွေကျပ် ၇၉၃၀၀၀၊ SQ/RC တစ်တန် ငွေကျပ် ၉၃၇၀၀၀ နှုန်းသာရှိရာ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ရှိခဲ့သော မတ်ပဲ RC တစ်တန် ငွေကျပ် ၉၈၈၀၀၀ နှုန်းသို့ မရောက်သေးဟု ပဲကုန်သည် ကိုသက်က ဆိုသည်။

**ခင်ဆိုင်**

## ထန်းတပင်မြို့နယ်၌ မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပ

**ထန်းတပင် ဧပြီ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သည့် ဆုတောင်းပြည့်ပေါ်တော်မူ မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၁၅၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဧပြီ ၁၇ ရက်မှ ဧပြီ ၁၉ ရက်အထိ သုံးရက်တိုင်တိုင် အမှတ်(၁)ရပ်ကွက်ရှိ မြသိန်းတန် ဘုရားကြီးကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ဘုရားပွဲတော်ရက်များ စည်ကား**

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို နှစ်စဉ်တန်ခူးလဆန်း ၁၃ ရက်၊ ၁၄ရက်၊ ၁၅ရက်နေ့တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ဖူးမြော်ကြည်ညိုသဒ္ဓါပွားများသူ ဒေသ့ပရိသတ်များဖြင့် ဘုရားပွဲတော်ရက်များက စည်ကားကြောင်း သိရသည်။

**ကျင်းပ**

ထို့အပြင် ဆုတောင်းပြည့်ပေါ်တော်မူ မြသိန်းတန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရှင်ဥပဂုတ္တ၊ ရှင်သီလဝိမထေရ်မြတ်များ မြို့တွင်းရပ်ကွက်အသီးသီးသို့ ဒေသစာရီကြွချီပွဲတော်ကိုလည်း နှစ်စဉ်တန်ဆောင်းမုန်းလဆန်း ၁၄ ရက်၊ လပြည့်နေ့၊ လပြည့်ကျော် ၁ ရက်နေ့တိုင်း ကျင်းပကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု(အခြေခံအပ်ချုပ်စက်)သင်တန်းဖွင့်



**ရွှေတောင် ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းကို ကျောင်းကုန်းကျေးရွာအုပ်စု တောဇီးကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် သင်တန်းသူဦးရေ ၂၅ ဦးဖြင့် ဧပြီ ၁၉ ရက်က ဖွင့်လှစ်ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေ၊ မြို့နယ်ဦးစီးမှူး ဦးရန်နိုင်စိုးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများ တက်ရောက်ကြသည်။ (ဓာတ်ပုံ)

အဆိုပါ အခြေခံအပ်ချုပ်စက်သင်တန်းကို သင်တန်းကာလ ရက် ၃၀ ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် တောဇီးကုန်းကျေးရွာနေအမျိုးသမီးငယ်များ အိမ်တွင်းလက်မှုပညာတတ်မြောက်၍ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နိုင်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သည့် အကျိုးကျေးဇူးများရရှိလာနိုင်မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

### ဆက်သွယ်စုံစမ်းနိုင်

သတင်းစာမှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာထည့်သွင်းခြင်းကိစ္စများအတွက် သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း - ၀၉၄၄၂၅၅၀၇၆၄

ကြေးမုံ - ၀၉၂၅၀၁၈၉၂၇၇

### ထူးခြားသည့် နေ့အပူချိန်များ

၂၀- ၄- ၂၀၁၉

| | | |
|---|---|---|
| ချောက်မြို့ | ၄၆ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၃ | ဒီဂရီစင်တီဂရိတ် |

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ ကျေးဇူးဘယ်လောက် ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁-၄-၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ မြဝတီမြို့နယ် ဆုံဆည်းမြိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဝင်း ကွန်ကရစ်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ ဓာတ်ပုံ-မင်းထက်

✽ *ရှေ့ဖုံးမှ*

မူလတန်းကျောင်း၌ လည်းကောင်း တွေ့ဆုံသည်။

ထိုသို့ပြည်သူများနှင့် တွေ့ဆုံစဉ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိအနေဖြင့် လွှတ်တော်နားရက်မှသာ မိမိမဲဆန္ဒနယ်မြေသို့ ရောက်ရှိနိုင်ခြင်းဖြစ်သဖြင့် ဒေသခံပြည်သူများ၏ အခက်အခဲများကို တင်ပြပေးစေလိုကြောင်း၊ သိရှိလိုသည်များကိုလည်း မေးမြန်းစေလိုကြောင်း၊ သို့မှသာ မိမိအနေဖြင့် ပြည်သူများ၏ ခံစားမှုများ၊ အခက်အခဲများကို သိရှိပြီး လိုအပ်ချက်များမှ ဆောင်ရွက်နိုင်သည်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ကဏ္ဍအလိုက် လိုအပ်မှုများကို တင်ပြကြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖလူးကျေးရွာအုပ်စု ကျောက်ခက်ကျေးရွာရှိ မန်းဘခိုင်ကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

**မောင်စိန်လွင်**

## တာမွေမြို့နယ်တွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ တတိယအကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ စီစဉ်ကျင်းပသော တတိယအကြိမ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဘာသာရေးကိုယ်စားလှယ် အသီးသီးက သက်ဆိုင်ရာ ဘာသာများအလိုက် ကျင့်ကြံအားထုတ်မှု၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှုများအား ရှင်းလင်းပြောကြားခဲ့ပြီး ဩဝါဒစကားများ ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ တာမွေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်အေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဗဟိုကော်မတီဝင် ဦးစိုးဝင်း၊ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်း၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

အခမ်းအနားသို့ တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တိုင်းဒေသကြီး/ခရိုင် /မြို့နယ် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင် (ပြန်/ဆက်)**

**တာမွေမြို့နယ်တွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ တတိယအကြိမ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပစဉ်။**



# (၁၇) ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၂၀**

(၁၇)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

**စာပေနှင့်အနုပညာကို ချီးမြှောက်ခြင်းဖြစ်**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာ၌ ယနေ့အခမ်းအနားသည် ဆရာဝန်တင်ရွှေမိသားစုက ဆုချီးမြှင့်ထိုက်သည့် ပုဂ္ဂိုလ်များကို ဆုချီးမြှင့်ခြင်းဖြစ်သည့်အတွက် အလွန်မင်္ဂလာရှိပါကြောင်း၊ ဆရာဝန်တင်ရွှေမိသားစုအနေဖြင့် ဆုရပုဂ္ဂိုလ်များကို ဆက်လက်ဆုချီးမြှင့်နိုင်ခြင်းမှာ အလွန်ဝမ်းမြောက်ဖွယ်ကောင်းသလို ကျေးဇူးလည်းတင်ပြီး ချီးကျူးစရာလည်း ကောင်းပါကြောင်း၊ စာပေဆုများအပါအဝင် အနုပညာနှင့် ပတ်သက်သည့် ဆုများကို ချီးမြှင့်ခြင်းမှာ စာပေနှင့်အနုပညာကို ချီးမြှောက်ခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆုများချီးမြှင့်ခြင်းကြောင့်လည်း စာပေနှင့် အနုပညာသည် ပိုမိုတန်ဖိုးရှိပြီး စိတ်ဝင်စားဖွယ် ပိုမိုဖြစ်လာပါကြောင်း၊ စာပေဆုများချီးမြှင့်ခြင်းအားဖြင့် တန်ဖိုးရှိသည့် စာအုပ်ကောင်းများ ပိုမိုတည်တံ့ရှင်သန်အောင်၊ ၎င်းတို့၏ တန်ဖိုးကို ပိုမိုပြန့်ပွားအောင် ဆောင်ရွက်ပေးနိုင်သည်ဟု မြင်ပါကြောင်း၊ စာပေဆုများကို ချီးမြှင့်သည့် ပုဂ္ဂိုလ်များရှိသည့်အတွက်ကြောင့်လည်း စာပေသမားများသည် ဆုရစာအုပ်များကို စိတ်ဝင်တစားလေ့လာဖတ်ရှုကြရာ ၎င်းတို့အတွက် လမ်းကြောင်းပေးသည့်သဘောဖြစ်သည့်အတွက် တန်ဖိုးရှိပါကြောင်း။

စာပေဆုချီးမြှင့်ခြင်းအခမ်းအနားကို တက်ရောက်ရခြင်းအားဖြင့် တက်ရောက်လာသူများက ဆုရပုဂ္ဂိုလ်များကို မုဒိတာပွားသလို ဆုချီးမြှင့်သည့် ပုဂ္ဂိုလ်များအပေါ်တွင်လည်း မုဒိတာပွားပြီး အားကျကြမည်ဖြစ်ကာ အလားတူ မိမိတို့ကိုယ်တိုင်လည်း စာပေနှင့်ပတ်သက်သည့် အလှူဒါန သို့မဟုတ် ပံ့ပိုးကူညီမှု၊ စောင့်ရှောက်မှု စသည့် အလုပ်များတွင် ပိုပြီးစိတ်အားထက်သန်မှုများ ရှိလာကြသည်ကို တွေ့ရပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဒေါက်တာခင်အေး(မောင်ခင်မင် ဓနုဖြူ)က ၂၀၁၈ ခုနှစ်အတွက် ဆရာဝန်တင်ရွှေ စာပေဆုရရှိသူများအား ရွေးချယ်ရခြင်းနှင့် ပတ်သက်သည့် မှတ်ချက်အကျဉ်းကို ရှင်းလင်းပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆုရ ဆရာမကြီး ဒေါက်တာရီရီလှ(ယုဝတီခင်ဦး)၊ ပညာရေးဆောင်းပါးပေါင်းချုပ် စာအုပ်ဖြင့် ဆုရရှိသူ ဆရာကြီးဒေါက်တာသန်းဦး၊ စာကြည့်တိုက်ထဲက စကားပြန် စာအုပ်ဖြင့် ဆုရရှိသူ ဆရာဝင်းတင့် ကိုယ်စား ဒေါက်တာဥမ္မာဦး၊ ယင်းကျားစာအုပ်ဖြင့် ဆုရရှိသူ ဇော်လွင်ဦး(ဟသ်ာတ)နှင့် The Sweet Honey Drop on the Sharp Scalpel Blade စာအုပ်ဖြင့် ဘာသာပြန်စာပေဆုရရှိသူ ဒေါက်တာဇော်ထွန်း တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေ၏ သမီးဖြစ်သူ KMD ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင်တင်အေးနှင့် ဘာသာပြန်စာရေးဆရာ ဦးကျော်ဆွေ ဇနီး ဒေါ်သင်းသင်းနိုင်တို့က သက်ကြီးစာရေးဆရာများအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)က လက်ခံပြီး ဆရာဝန်တင်ရွှေ၏ သားဖြစ်သူ ဦးသက်လွင်ရွှေက ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား ဆရာဦးကြည်မင်းအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ဆုရရှိသူများနှင့် စာပေဆုအလှူရှင်မိသားစုကိုယ်စား သမီး ဒေါ်သက်သက်ရွှေတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးသည် ဆုရရှိကြသူများ၊ စာပေဆုအလှူရှင် မိသားစုတို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် (၁၇)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်



**ရောဝတီတိုင်းဒေသကြီး မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။**

# မအူပင်-ကျိုက်လတ်-ဖျာပုံလမ်း အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် အဆင့်မြှင့်တင်

**ရန်ကုန် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းသည် ဧရာဝတီမြစ်ဝှမ်းဒေသအရှေ့ပိုင်း တောင်မြောက် ခရိုင်ချင်းဆက်သွယ်သောလမ်းဖြစ်ပြီး အရှည်အားဖြင့် ၅၄ ဒသမ ၅ ကီလိုမီတာရှိကြောင်း သိရသည်။

လမ်းဖြတ်သန်းသွားရာတစ်လျှောက်ရှိ မြို့အပြင်တို့၌ ကတ္တရာ ကွန်ကရစ်ခင်းထားပြီး စုစုပေါင်းအရှည် ၅၀ ကီလိုမီတာရှိပြီး မြို့တွင်းဖြတ်သန်းသွားသောနေရာ (ကျိုက်လတ်၊ ဖျာပုံ)တို့၌ ကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး အရှည် ၄ ဒသမ ၅ မီတာ ရှိသည်။

လမ်းအကျယ်မှာ ကတ္တရာကွန်ကရစ်လမ်းပိုင်းတွင် ယာဉ်သွားလမ်းအကျယ် ၂ × ၃ ဒသမ ၃ မီတာ၊ ပေအားဖြင့် ၂၂ ပေကျယ်ပြီး တစ်ဖက်စီ၌ လမ်းပခုံး ၁ ဒသမ ၈ မီတာ Seal Paved Shoulder ဖြင့် စုစုပေါင်း ၁၀ ဒသမ ၂ မီတာ ပေအားဖြင့် ၃၃ ပေခန့်ရှိသည်။ ကွန်ကရစ်လမ်းတွင် ယာဉ်သွားလမ်းအကျယ် ၂ × ၃ ဒသမ ၅ မီတာ စုစုပေါင်း ၇ မီတာရှိသည်။

အဆိုပါ မအူပင်-ဖျာပုံလမ်းစီမံကိန်းအား ၁၉-၁၀-၂၀၁၅ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် နိုင်ငံတော်အစိုးရက ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၀ ဒသမ ၈ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၀၈ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ပြည်သူများအသုံးပြုခွင့်ပြုထားပြီ ဖြစ်သည်။

လမ်းစီမံကိန်းအကျိုးသက်ရောက်မှုမှာ ဒေသအတွင်း ခရီးသွားလာရသည့် ပြည်သူများအတွက် အချိန်ကုန်သက်သာ၍ သယ်ယူပို့ဆောင်စရိတ် လျော့ကျစေပြီး စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်စေရေး စသည်တို့အပြင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအတွက် လမ်းတည်ဆောက်ခြင်း၊ နည်းပညာလမ်းပုံစံထုတ်လုပ်ခြင်း၊ နည်းပညာများရရှိပြီး အလားတူဒေသများ၌ ပြန်လည်အသုံးချနိုင်ရန်တို့ ဖြစ်သည်။

**ခရမ်းစိုးမြင့်**

# မန္တလေးမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးတွင် အပူရှပ်လူနာများ ရောက်ရှိလာပါက အချိန်မီကုသမှုပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထား

**မန္တလေး မေ ၂၀**

မန္တလေးမြို့တွင် အပူရှိန်လွန်ကဲမှုကြောင့် ဖြစ်ပွားနိုင်သည့် အပူရှပ် (Heat Stroke) လူနာများ ရောက်ရှိလာပါက အချိန်မီကုသမှုပေးနိုင်ရန် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြောင်း အဆိုပါဆေးရုံကြီး ဆေးလူမှုဆက်ဆံရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်က ပြောကြားသည်။

**ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထား**

လက်ရှိတွင် မန္တလေးမြို့၏ နေ့အပူချိန်မှာ မေ ၁၂ ရက်မှစ၍ ၄၀ ဒီဂရီစင်တီဂရိတ် အထက်သို့ ရောက်ရှိနေပြီး မေ ၁၆ ရက်တွင် ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လျက်ရှိရာ အပူဒဏ်လွန်ကဲမှုကြောင့် အပူရှပ် (Heat Stroke) ရောဂါများ ဖြစ်ပွားလာပါက ကာကွယ်တားဆီး၍ အချိန်မီကုသမှုပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းသန်းမြင့်နှင့် မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးတို့ ဦးဆောင်သည့် အဖွဲ့ကိုးဖွဲ့ ပါဝင်သော ကာကွယ်တားဆီးထိန်းချုပ်ရေးနှင့် ကုသရေးကော်မတီကို ဖွဲ့စည်းကာ စီမံချက်များ ရေးဆွဲ၍ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ထားကြောင်း သိရသည်။

"လက်ရှိမှာတော့ ကျွန်တော်တို့ ဆေးရုံကြီးကို ဒီလို ဝေဒနာရှင်တွေ ရောက်ရှိလာတာမရှိသေးပေမယ့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေအနေနဲ့ မေလ ဒုတိယပတ်ကတည်းက ကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်ထားပါတယ်။ ကုသရေးပိုင်းအတွက် အထူးကုဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ ကျွမ်းကျင်ဝန်ထမ်းတွေကို အဆင်သင့်ထားရှိပြီး ကုသဆောင်တွေကိုလည်း လေဝင်လေထွက်ကောင်းဖို့ သက်သောင့်သက်သာ ကုသမှုခံယူနိုင်အောင် ပြင်ဆင်ထားပါတယ်။ ဒါ့အပြင် ရေခဲစက်တွေ လူမှုကူညီရေးအသင်းတွေနဲ့လည်း ချိတ်ဆက်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါကော်မတီတွင် ဆေးဝါးနှင့် စက်ပစ္စည်းကိရိယာဖြည့်ဆည်းရေးအဖွဲ့၊ ပို့ဆောင်ရေးအဖွဲ့၊ နှစ်သိမ့်ဆွေးနွေးပညာပေးရေးအဖွဲ့၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ပြုစုရေးအဖွဲ့၊ ပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့၊ ရေခဲနှင့် အခြားလိုအပ်ချက်များ ဝယ်ယူဖြည့်တင်းရေးအဖွဲ့နှင့် ညှိခံကျွေးမွေးရေးအဖွဲ့ စသည့် အဖွဲ့ ကိုးဖွဲ့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




**မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကို တွေ့ရစဉ်။**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၌ ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ၊ လှိုင်တက္ကသိုလ် GIS ဓာတ်အားခွဲရုံဖွင့်

**နေပြည်တော် မေ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် လှိုင်မြို့နယ် ယောဂီကျောင်းလမ်းနှင့် ပြည်လမ်းထောင့်ရှိ ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ လှိုင်တက္ကသိုလ် Gas Insulated Switchgear (GIS) ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက အဆိုပါ ဓာတ်အားခွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ အဓိက လိုအပ်ချက်များကို သာတူညီမျှဖြစ်အောင် ဘက်ပေါင်းစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာတွင် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားသုံးစွဲသူအများအပြားရှိရာသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးလျက်ရှိရာတွင် ဓာတ်အားလိုင်းများ ဝန်အားပြည့်နေခြင်းအား ဖြေရှင်းနိုင်ရန်အတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်း (ပြည်ထောင်စုမဟာဓာတ်အားလိုင်းUnion Grid) အနေဖြင့် စတင်တည်ဆောက်လျက်ရှိပြီး နိုင်ငံအတွင်း ၅၀၀ ကေဗွီ ဓာတ်အားလိုင်း ငါးလိုင်းဆောင်ရွက်သွားရန် စီမံဆောင်ရွက်နေကြောင်း။

### အဆင့်မြှင့်တင်

ယခု ဓာတ်အားခွဲရုံ တည်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်းရှိ လျှပ်စစ်မီးသုံးစွဲသူပြည်သူများ (အိမ်ထောင်စု ၁၀၂၁၃ စု/ မီးသုံးစွဲသူ ဦးရေ ၄၃၇၅၈)သို့ လှိုင်မြို့နယ်နှင့် မရမ်းကုန်းမြို့နယ်အတွင်းရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ တစ်ရုံနှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ လေးရုံတို့မှ တစ်ဆင့် ဓာတ်အားရယူဖြန့်ဖြူးပေးလျက်ရှိရာ နွေရာသီကာလများတွင် ဓာတ်အားခွဲရုံများ၊ ထရန် စဖော်မာများနှင့် ဓာတ်အားလိုင်းများတွင် ဝန်အားပြည့်ကျော်လွန်မှု (Overload) များဖြစ်ပေါ်လျက်ရှိပြီး ဗို့အားပြည့်ဝမှုမရှိခြင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိခြင်း စသည့်အခြေအနေများ ဖြစ်ပေါ်နေသည့်အတွက် အရည်အသွေးပြည့်ဝပြီး တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ဖြန့်ဖြူးပေးနိုင်ရန်၊ Load Sharing ပြုလုပ်ပေးနိုင်ရန်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ပြီး Load Center ကျသည့် ယခု ဓာတ်အားခွဲရုံနေရာတွင် တပ်ဆင်အင်အား ၃၀ အမ်ဗွီအေရှိသော ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံကို ဗီဒါ ရှစ်ခုဖြင့် အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခင်က ၆ ဒသမ ၆ ကေဗွီ ဗို့အား စနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ ဗို့အားကျဆင်းမှုများရှိခဲ့၍ ယခုအခါ ၁၁ ကေဗွီဗို့အားစနစ်သို့ အဆင့်မြှင့်တင်ပြောင်းလဲ ဓာတ်အားပေးခဲ့သည့်အတွက် ဗို့အားတည်ငြိမ်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး တက္ကသိုလ်၊ ကောလိပ်များ၏ ပညာသင်ကြားရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများတွင် ထိရောက်သည့် အကျိုးကျေးဇူးများရရှိလာမည်ဟု ယုံကြည်ပါကြောင်း။

### ဓာတ်အားဖြန့်ဖြူးပေး

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် Residential & Commercial ၉၁၄ မဂ္ဂါဝပ်၊ Industrial ၁၈၂ မဂ္ဂါဝပ်၊ စုစုပေါင်း ၁၀၉၆ မဂ္ဂါဝပ်ခန့်သာ သုံးစွဲနိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် Residential & Commercial ၁၂၇၈ မဂ္ဂါဝပ်၊ Industrial ၂၇၀ မဂ္ဂါဝပ်၊ စုစုပေါင်း ၁၅၄၈ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲလာ နိုင်ခဲ့ပါကြောင်း၊ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပေါင်း ၂၁ မြို့သည် လျှပ်စစ်မီးရရှိသုံးစွဲနေပြီး ကျေးရွာပေါင်း ၂၁၄၃ ရွာရှိသည့်အနက် ၁၀၆၉ ရွာကို ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ကျေးရွာများအနက် ကျေးရွာပေါင်း ၁၆၆ ရွာ ဓာတ်အားရရှိရေးကို ပြည်ထောင်စုဘဏ္ဍာငွေ၊ တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာငွေ၊ World Bank၊ ADB၊ JICA စသည့် အဖွဲ့အစည်းများ၏ ချေးငွေများဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများအပေါ် ပြည်သူတစ်ရပ်လုံးမှလည်း အားသွန်ခွန်စိုက် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဓာတ်အားခွဲရုံ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားများပြောကြားကြပြီး လှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ၊ လှိုင်တက္ကသိုလ် Gas Insulated Switchgear (GIS) ဓာတ်အားခွဲရုံဖွင့်ပွဲအထိမ်းအမှတ် ဖဲကြိုးအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လှိုင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကျော်ကျော်ထွန်းနှင့် ဒေါ်ခိုင်မာဌေး၊ ရန်ကုန်တက္ကသိုလ် ဆရာများသမဂ္ဂမှ ဥက္ကဋ္ဌ ဒေါက်တာထွန်းထွန်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ၚင်းနောက် ၆၆/၁၁-၆ ဒသမ ၆ ကေဗွီ၊ ၃၀ အမ်ဗွီအေ ၊ လှိုင်တက္ကသိုလ် Gas Insulated Switchgear (GIS) ဓာတ်အားခွဲရုံ၏ ကမ္ပည်းမော်ကွန်းကျောက်စာအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့မှ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ဓာတ်အားခွဲရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် လှိုင်တက္ကသိုလ် GIS ဓာတ်အားခွဲရုံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

# အခြေခံပညာဦးစီးဌာန ၂၀၁၉ ခုနှစ် ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၂၀**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၁၉ ခုနှစ် ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးကို အဘက်ဘက်က မြှင့်တင်ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် အားကစားကိုလည်း တစ်ပါတည်း မြှင့်တင်ဆောင်ရွက်သွားရန် အလွန်အရေးကြီးပါကြောင်း၊ ကိုယ်လက်ကြံ့ခိုင်သန်စွမ်းမှုရှိမှသာ ပေးသည့်ပညာကို အလွယ်တကူ လက်ခံရယူနိုင်ပြီး နိုင်ငံသားကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ပါကြောင်း၊ အခြေအနေအကြောင်းကြောင်းကြောင့် ကာယပညာသင်တန်းများ ဆက်လက်မဖွင့်လှစ်နိုင်ခဲ့ရာ ယခုအချိန်တွင် ပညာရေးဝန်ကြီးဌာန အောက်ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းပေါင်း ၈၂၀၄ ကျောင်းတွင် ကာယပညာ ဆရာ ဆရာမ ၆၁၀၉ ဦး လစ်လပ်လျက်ရှိပါကြောင်း။




**ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း ကာယပညာနှင့်အားကစား အခြေခံနည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။**

### ကြိုးစားအားထုတ်ကြစေလို

အခြေခံပညာ သင်ရိုးသစ်အရ အခြေခံပညာကျောင်းတိုင်းတွင် ကာယပညာ ဘာသာရပ်သည် အဓိကသင်ရိုးဝင် ဘာသာရပ်တစ်ခု ဖြစ်သည့်အတွက် ကာယပညာသင်ချိန်တွင် ကာယပညာနှင့် အားကစားဘာသာရပ်ကို စနစ်တကျ မှန်ကန်စွာ သင်ကြားပေးနိုင်မည့် အရည်အသွေးပြည့်ဝသော ကာယပညာ ဆရာ ဆရာမများ ပြည့်ပြည့်စုံစုံခန့်ထားနိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ လူသားအရင်းအမြစ်များကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးထိန်းချုပ်ရန် အကောင်းဆုံးနည်းလမ်းသည် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အားကစားတွင် ပိုမိုစိတ်ဝင်စားလာအောင် စနစ်တကျ လေ့ကျင့်သင်ကြားပျိုးထောင်ပညာပေးခြင်းပဲ ဖြစ်ပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးသည့် ပညာရပ်များအား ကြိုးကြိုးစားစား လေ့ကျင့်သင်ယူ၍ ထူးချွန်ထက်မြက်သည့်အရည်အသွေးပြည့်ဝသော ကာယပညာ ဆရာ ဆရာမများဖြစ်လာအောင် ကြိုးစားအားထုတ်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀) ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

### ပူးပေါင်းကူညီ

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။ ထို့နောက် သင်တန်းတွင် သင်တန်းနည်းပြအဖြစ် တာဝန်ယူကြမည့် အခြေခံပညာဦးစီးဌာနမှ ကာယပညာ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက ဂါရဝပြုနှုတ်ဆက်ကြသည်။

### သင်တန်းသား သင်တန်းသူ ၄၀၀ တက်ရောက်

၂၀၁၉ ခုနှစ် ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀) သင်တန်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၄၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၀ ရက်မှ မေ ၃၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလား ပင်လယ်အော် တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ချင်းပြည်နယ်ရှိ မသန်စွမ်းသူများအားလုံးအတွက် ကနဦးထောက်ပံ့ခြင်း၊ ကိုယ့်အားကိုယ်ကိုးမှုကြိုကျောင်းများ၊ ပရဟိတဂေဟာများ၊ လူငယ်ရိပ်သာများနှင့် မိခင်ဝိုင်းများကို ထောက်ပံ့မှုများပေးအပ်

နေပြည်တော် မေ ၂၀

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ချင်းပြည်နယ် ဖလမ်းမြို့၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဘက်စုံသုံးဘေးဒဏ်ခံအဆောက်အအုံ ဆောက်လုပ်ပေးနိုင်ရေး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး တည်ဆောက်နိုင်ရေးနှင့် လူငယ်ရေးရာ မူဝါဒကို မဟာဗျူဟာစီမံချက်ပါလုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Multipurpose Cyclone Shelter နှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး တည်ဆောက်နိုင်မည့် မြေနေရာများကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟားခါးမြို့မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သော ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသောအသက် နှစ်နှစ်အောက် ကလေးငယ်များ၊ မသန်စွမ်းသူများ၊ ပရဟိတဂေဟာများ၊ ကိုယ့်အားကိုယ်ကိုးမှုလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

**ထောက်ပံ့မှုများပေးအပ်မည်**

ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော ကလေးအသက်နှစ်နှစ်အထိ ငွေကြေးထောက်ပံ့ခြင်းနှင့်အတူ အာဟာရပညာပေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးပညာပေးနှင့် မိသားစုစီမံကိန်းပညာပေးအစီအစဉ်များဖြင့် ဆောင်ရွက်ပေးနေပါကြောင်း၊ ဤစီမံချက်သည် စွမ်းရည်ပြည့်ဝသော အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များ ထွက်ပေါ်လာရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူသားတစ်ဦးချင်းစီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မသန်စွမ်းသူများကိုပါ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မသန်စွမ်းအဆင့်သတ်မှတ်ပြီးပါက ပိုမိုစနစ်ကျသော ထောက်ပံ့မှုများပေးအပ်နိုင်မည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများကို လူမှုရေးပင်စင်ထောက်ပံ့ရာ၌ လမ်းပန်းဆက်သွယ်မှုခက်ခဲသော ချင်းပြည်နယ်တွင် ခံစားခွင့်ရရှိမည့် ဘိုးဘွားများမကျန်ရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့အခမ်းအနား၌ ချင်းပြည်နယ် တစ်ခုလုံးရှိ မသန်စွမ်းသူများအားလုံးအတွက် ကနဦးထောက်ပံ့ခြင်း၊ ကိုယ့်အားကိုယ်ကိုးမှုကြိုကျောင်းများ၊ ပရဟိတဂေဟာများ၊ လူငယ်ရိပ်သာများနှင့် မိခင်ဝိုင်းများကို ထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များသည် ပြည်သူများ တိုက်ရိုက်အကျိုးခံစားရရှိစေရန် ကြိုးပမ်းဆောင်ရွက်ခြင်း ဖြစ်ပြီး ပြည်သူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် လူမှုအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းပြောကြားသည်။

**ပူးပေါင်းဆောင်ရွက်**

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုတွင်ပြည်နယ်အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များ၊ မသန်စွမ်းသူများ၊ ပရဟိတဂေဟာများ၊ ကိုယ့်အားကိုယ်ကိုးမှုလတန်းကြိုကျောင်းများနှင့် မိခင်ဝိုင်းများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**လက်ခံရယူ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်နှစ်နှစ်အောက် ကလေးငယ် ၃၀၁၇၇ ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၉၉ ဒသမ ၇၆ သန်း၊ မသန်စွမ်းသူ ၂၆၉၁ ဦးအတွက် ထောက်ပံ့ငွေကျပ် ၈၀ ဒသမ ၇၃ သန်း၊ မိခင်ဝိုင်း ငါးဝိုင်းဖွင့်လှစ်ရန် ထောက်ပံ့ငွေကျပ် ၃ ဒသမ ၅၃ သန်း၊ ပရဟိတဂေဟာ ၁၃ ခုအတွက် ထောက်ပံ့ငွေကျပ် ၄၃ ဒသမ ၃၆ သန်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် ထောက်ပံ့ငွေကျပ် ၂၄ ဒသမ ၇ သန်းနှင့် လူငယ်ရိပ်သာ ၁၁ ခုအတွက် ထောက်ပံ့ငွေကျပ် ၁၁ သိန်းတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ၊ မသန်စွမ်းသူများအား ထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်၍ ကလေးငယ်များအတွက် အာဟာရမုန့်များနှင့် ကစားစရာအရုပ်များ ပေးအပ်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ပံ့မှုများအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် မေ ၁၉ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အစည်းအဝေးခန်းမ၌ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံများနှင့်တွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ညှိနှိုင်းဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် ပြည်သူများ၏ ဒုက္ခအမျိုးမျိုးကို ကူညီကယ်တင်ပေးနေကြခြင်း ဖြစ်သဖြင့် မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အတူတကွပူးပေါင်းခြင်းဖြင့် ပြည်သူ့အကျိုးကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် ပြည်သူအားလုံးသာတူညီမျှ အကျိုးခံစားခွင့်ရရှိရေးကို အလေးထားဆောင်ရွက်ပေး လျက်ရှိပြီး လက်ရှိအပြောင်းအလဲကို ကြုံတွေ့ရသည့်အချိန်တွင် ရင်ဆိုင်ရမည့် အခက်အခဲများကို အောင်မြင်အောင် ပူးပေါင်း ကျော်လွှားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယနေ့တက်ရောက်လာသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ အနေဖြင့် မိမိတို့ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ အကြံပြုချက်များကို ပွင့်လင်းစွာဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

**အလုပ်အကိုင်ဖော်ဆောင်ရေး**

ထို့နောက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ သဘာဝဘေး ကြိုတင်ကာကွယ်တားဆီးရေး၊ ရေရှားပါးမှု ကြိုတင်ကာကွယ်ရေး၊ ကလေးခရိုင်ရှိ ရာဇဝြုတ်ဆည်အတွင်း သဲနုန်းများဝင်ရောက်မှုနှင့် ချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်းများ၊ ဒေသတွင်းတစ်နိုင်တစ်ပိုင် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ရေးနှင့် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသော အခက်အခဲများကို တင်ပြကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ချက်ချင်းဖြေရှင်းဆောင်ရွက်ပေးနိုင်သည့်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဆက်လက်ဖြေရှင်းဆောင်ရွက်ရမည့်ကိစ္စရပ်များအပေါ် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ချင်းပြည်နယ်အတွင်း ယနေ့ထောက်ပံ့ငွေစုစုပေါင်းမှာ ငွေကျပ်သန်းပေါင်း ၁၀၄၃ ဒသမ၀၈သန်း ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**ပွင့်ဖြူမြို့နယ် ပြည်လုံးကျော်ကျေးရွာအုပ်စုရှိ လွမ်းတောင်သံသရာအေးစေတီ ဘုန်းတော်ကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် တရားစခန်း၌ တရားဘာဝနာပွားများ အားထုတ်နေသည့် ရဟန်း၊ သံဃာ၊ သီလရှင်များနှင့် ယောဂီဝင်များ သောက်ရေသုံးရေအဆင်ပြေရန်အတွက် ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသန်းထိုက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် ရေလှူဒါန်းပေးစဉ်။**

ရဲဝင်းနိုင် (ညောင်ဦး)

**၈-၄-၂၀၁၉ ရက်နေ့မှစ၍ ခရီးသည်တင် Express ယာဉ်များ၊ Mini Bus များ၊ ဘုရားဖူးယာဉ်များနှင့် Telematic စနစ်တပ်ဆင်ထားသောယာဉ်များသည် အောက်ပါအချက်များ မပြည့်စုံပါက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ် ဖြတ်သန်းမောင်းနှင်ခွင့်မရှိ**

၁။ ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာအလုပ်လုပ်သုံးစွဲနိုင်ရမည်။
၂။ ယာဉ်၏ကိုယ်ထည် ကြံ့ခိုင်ကောင်းမွန်မှုရှိရမည်။
၃။ တာယာများစံချိန်စံညွှန်းနှင့်အညီ ကောင်းမွန်ကြံ့ခိုင်မှုရှိရမည်။
၄။ အင်ဂျင်၏ မီးခိုးထွက်နှုန်းသည် (၅၀%) Bosch Unit ထက်မပိုရ။
၅။ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်ထက် ပိုမိုတပ်ဆင်ထားခြင်း မရှိရ။
၆။ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည်။
၇။ မီးသတ်ဆေးဘူး (3Kg) (၂ ဘူး)တပ်ဆင်ထားရှိရမည်။
၈။ အရေးပေါ်ထွက်ပေါက်အသုံးပြုနိုင်မှု ရှိရမည်။ (အရေးပေါ်ထွက်ပေါက်နေရာအား ထိုင်ခုံဖြင့် ပိတ်ဆို့တားဆီးခြင်း မရှိစေရ)
၉။ လေကာမှန်၊ ရေသုတ်တံ၊ (Wiper) များ ကောင်းမွန်မှုရှိရမည်။
၁၀။ ရောင်ပြန်ပြားများ သတ်မှတ်ချက်အတိုင်း တပ်ဆင်ထားရှိရမည်။
၁၁။ ယာဉ်ရပ်နားစဉ်တွင် အသုံးပြုသည့် တြိဂံရောင်ပြန်ပါရှိရမည်။
၁၂။ အရေးပေါ်အချိန်တွင် မှန်ခွဲသည့်တူ (Emergency Hammer) များအား ခရီးသည်များ အလွယ်တကူအသုံးပြုနိုင် သော နေရာတွင် တပ်ဆင်ထားရှိရမည်။
၁၃။ ရှေ့လေကာမှန်နှင့် ဘေးပြူတင်းမှန်များ(Safety Glass) ဖြစ်ပြီး ကောင်းမွန်ပြည့်စုံမှုရှိရမည်။
၁၄။ နောက်မြင်ကွင်းအား လွယ်ကူရှင်းလင်းစွာ တွေ့မြင်နိုင်ရမည်။
၁၅။ ယာဉ်မောင်းနှင့် ခရီးသည်များအားလုံး ထိုင်ခုံခါးပတ် ပတ်ဆင်ထားရမည်။
၁၆။ လုပ်ငန်းလိုင်စင်စည်းကမ်းများနှင့် ကိုက်ညီရမည်။ (င)ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်ထားသူသာ မောင်းနှင်ခွင့် ပြုမည်။
၁၇။ ယာဉ်မောင်း၊ ယာဉ်အကူနှင့် ယာဉ်လုပ်သားများအရက်သေစာမသောက်စားရ။
၁၈။ ယာဉ်မောင်းချိန် (၈)နာရီထက်ကျော်လွန်သော ခရီးစဉ်တွင် ယာဉ်မောင်း(၂)ဦး ပါရှိရမည်။
၁၉။ အမြန်လမ်းအားအသုံးပြုသည့် မည်သည့်ယာဉ်မဆို ခေါင်မိုးပေါ်တွင် လူနှင့်ပစ္စည်းများ တင်ဆောင်ခြင်း မပြုလုပ်ရ။
၂၀။ Telematic စနစ်တပ်ဆင်ထားသော ကုန်စည်တင်ယာဉ်များသည် အမိုးအကာ၊ တာလပတ်များဖြင့် စနစ်တကျ အုပ်ဆိုင်းချည်နှောင်ထားရမည်။

**ရန်ကုန်-မန္တလေးအမြန်လမ်းအသုံးပြုယာဉ်များ၏ ကြံ့ခိုင်မှုပူးပေါင်းစစ်ဆေးရေးအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်ဖန်တီးရိုက်ကူးခြင်း သင်တန်းဆင်းပွဲတက်ရောက်ပြီး ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများ လှည့်လည်ကြည့်ရှု

ရန်ကုန် မေ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရုပ်ရှင်ဖန်တီးရိုက်ကူးမှုသင်တန်းအမှတ်စဉ်(၁) ဆင်းပွဲကို တက်ရောက် အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် ရုပ်ရှင်ရုံများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ရုပ်ရှင်ဖန်တီးရိုက်ကူးမှုသင်တန်းအမှတ်စဉ်(၁) (JCGV Toto's Film Making Class Closing Ceremony ) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ JCGV Junction City (Starium Theater)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် JCGV Toto's Film Making Class Batch-1 အောင်မြင်စွာ ပြီးမြောက်ခြင်းအတွက် JCGV မှ CEO ဒေါ်မိမိခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက ဒါရိုက်တာ ပန်းချီဦးစိုးမိုးက ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ JCGV Toto's Film Making Class Batch-1 မှ သင်တန်းသားများ၏ မှတ်တမ်းတင် ဗီဒီယိုနှင့် သင်တန်းသားများ ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်ကားများကို ပြသသည်။

### ပေးအပ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က JCGV Toto's Film Making Class Batch-1 အောင်မြင် ပြီးမြောက်ခြင်းအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကို JCGV မှ CEO ဒေါ်မိမိခိုင်အား ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် ရုပ်ရှင်ဖန်တီးမှုကို စိတ်ဝင်စားသော မျိုးဆက်သစ်လူငယ်များအတွက် ရုပ်ရှင်တစ်ကားဖန်တီးရိုက်ကူးခြင်း ပညာရပ်ဖြစ်သော ဇာတ်ညွှန်းရေးသားခြင်း၊ သရုပ်ဆောင်ခြင်း၊ ရုပ်ရှင်ရိုက်ကူးမှုနှင့် တည်းဖြတ်ခြင်း၊ ဈေးကွက်ဖော်ဆောင်ခြင်း၊ ဇာတ်ကားပြသခြင်းအပါအဝင် ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုဆိုင်ရာ အခြေခံအချက်အလက်များမှအစ ဇာတ်ကားပြသသည်အထိ လိုအပ်သည့် ပညာရပ်များကို ပြည်တွင်း ရုပ်ရှင်အတတ်ပညာရှင်များ၊ ဝါရင့်ဒါရိုက်တာများနှင့် လူငယ်ဒါရိုက်တာများက ပို့ချသင်ကြားပေးခဲ့သည်။

### ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်

ယင်းသင်တန်းမှာ ရုပ်ရှင်ဖန်တီးထုတ်လုပ်မှုပညာရပ်ကို စိတ်ပါဝင်စားသည့် အသက် ၁၂ နှစ်မှ ၁၆ နှစ် အတွင်းရှိ မျိုးဆက်သစ်လူငယ် ၃၀ အား ရွေးချယ်၍ မေ ၁ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်သည်။

### ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ JCGV Junction Square ၊ သမ္မတရုပ်ရှင်ရုံ၊ ရွှေဆောင်အဆင့်မြင့်ရုပ်ရှင်ရုံ၊ နေပြည်တော်အဆင့်မြင့်ရုပ်ရှင်ရုံကို လှည့်လည်ကြည့်ရှုရာ မင်္ဂလာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရုပ်ရှင်ရုံအတွင်း လေဝင်လေထွက်ကောင်းမွန်မှု၊ Foot Lighting အတွက် လုံလောက်သော အလင်းပေးစနစ်၊ ခေတ်ကာလနှင့် လျော်ညီပြီး နေရာဒေသနှင့် ကိုက်ညီသော ပွဲကြည့်ထိုင်ခုံများ၊ အရန်လျှပ်စစ် ဓာတ်အားပေးစနစ်များ တပ်ဆင်ထားမှု စသည်တို့ကို လှည့်လည်ကြည့်ရှုသည်။

ယခုအခါ မြန်မာတစ်နိုင်ငံလုံး၌ ရုပ်ရှင်ရုံ ၁၃၀၊ ပိတ်ကား ၁၅၀ ရှိပြီး ရန်ကုန်မြို့တွင် ရုပ်ရှင်ရုံ ၅၆ ရုံ၊ ပိတ်ကား ၆၉ ခုအထိ တိုးတက်ဖွင့်လှစ်လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် သမ္မတရုပ်ရှင်ရုံ ရုပ်ရှင်ပြစက်ခန်းအတွင်း ကြည့်ရှုစဉ်။

# မေလတတိယပတ်တွင် တစ်ကမ္ဘာလုံးကာကွယ်ဆေးထိုးခြင်း ရက်သတ္တပတ်ဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန် တိုက်တွန်း

ရန်ကုန် မေ ၂၀

**ကမ္ဘာပေါ်တွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားလာသည်နှင့်အမျှ ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ကူးစက်ရောဂါများဖြစ်ပွား၊ သေဆုံးမှုတစ်နှစ်ထက်တစ်နှစ် လျော့ကျလာသော်လည်း ရောဂါဝေဒနာများစွာ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ကာကွယ်ဆေးထိုးသောလုပ်ငန်းများအပေါ်၌ ပြည်သူလူထုအနေဖြင့် စိတ်ဝင်စားမှုလျော့ကျမှုမရှိစေဘဲ ပိုမိုမြင့်တင်ပေးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တိုက်တွန်းနှိုးဆော်လျက်ရှိရာ မေလတတိယပတ်တွင် တစ်ကမ္ဘာလုံး ကာကွယ်ဆေးထိုးခြင်း ရက်သတ္တပတ်အဖြစ် ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်းရှိ ကလေးများအားလုံး ရောဂါကင်းဝေးစေလျက် ပြည်သူတစ်ရပ်လုံးပါဝင်နိုင်ရန် မီဒီယာရှင်းလင်းပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မာကျူရီဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။**

### နိုင်ငံတော်မှ ရာနှုန်းပြည့်ကျခံမည်

အခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အရည်အသွေးပြည့်မီသော ကာကွယ်ဆေး အမျိုးအစား ၁၁ မျိုးအား အသက်ငါးနှစ်အောက်ကလေးငယ်များကူးစက်ရောဂါကြောင့်ဖြစ်ပွား၊ သေဆုံးမှု မရှိစေရန် ကာကွယ်ပေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် Rota virus vaccine နှင့် Human Papilloma virus vaccine ဆေး အသစ်နှစ်မျိုးဖြင့် ကာကွယ်ဆေး ၁၃ မျိုးကို ထိုးနှံသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး၏ တန်ဖိုးသည် ၂၀၁၈ ခုနှစ်အရ ကလေးတစ်ဦးအတွက် ၂၇ ဒေါ်လာကျရာ နိုင်ငံတော်မှ ကလေးတစ်ဦးလျှင် ခုနစ်ဒေါ်လာရည်မှန်း၍ ကလေးတစ်သန်းအတွက် အမေရိကန်ဒေါ်လာ ခုနစ်သန်းကုန်ကျမည်ဖြစ်ပြီး ကာကွယ်ဆေးတန်ဖိုး၏ ၂၆ ရာခိုင်နှုန်းဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော Global Alliance for Vaccine Information(GAVI)မှ ၇၄ ရာခိုင်နှုန်း ကျခံပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံတော်မှ ရာနှုန်းပြည့်ကျခံသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍအတွက် သုံးစွဲမှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းရှိ ကလေးငယ်များအား ကာကွယ်ဆေး ထိုးနှံနိုင်ရန် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရာ၌ အခက်အခဲနှစ်ရပ် ရှိနေကြောင်း၊

### လျှပ်တစ်ပြက်နည်းဗျူဟာ

နယ်မြေမငြိမ်းချမ်းသော ဒေသတို့တွင် ကာကွယ်ဆေးထိုးနှံရန် အခက်အခဲနှင့် ပထဝီအနေအထားနှင့်အတူ ဘာသာစကား အခက်အခဲတို့ကြောင့် ကာကွယ်ဆေးလွှမ်းခြုံမှု ၈၅ ရာခိုင်နှုန်း မကျော်သော ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တွေ့မြင်ရမည်ဖြစ်ရာ လူဦးရေထူထပ်မှုမရှိ၍ ရောဂါကူးစက်ပျံ့နှံ့မှု အကန့်အသတ်ရှိသည့်အတွက် လျှပ်တစ်ပြက် သွားရောက်ခြင်းနည်းဗျူဟာဖြင့် ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အခက်အခဲများကြားမှ ကလေးများအားလုံး ကာကွယ်ဆေးထိုးနှံနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘာ့ကာကွယ်ဆေးထိုးရက်သတ္တပတ်မှတစ်ဆင့် မိဘတိုင်း သတင်းစကားပါးနိုင်ကာ နိုင်ငံအတွင်းရှိ ကလေးများအားလုံး ရောဂါကင်းဝေးစေရန် သတင်းမီဒီယာများ အကူအညီဖြင့် ကာကွယ် ဆေးထိုးရက်သတ္တပတ်ကို ဆင်နွှဲကြပါစို့ ဟု ပြောကြားခဲ့သည်။

### တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်ရန် အသိပေး

ဝက်သက်နှင့် ဂျိုက်သိုးရောဂါအတွက် ရန်ကုန်တိုင်းဒေသကြီး၏ လူဦးရေအများဆုံးနှင့် ရောဂါဖြစ်ပွားမှုများသော လှိုင်သာယာအပါအဝင် မြို့နယ်ခုနစ်မြို့နယ်အား စီမံချက်အနေဖြင့် ဆောင်ရွက်ခဲ့ပြီး မေ ၂၄ ရက်မှ ၃၀ ရက်အထိဆောင်ရွက်မည့် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံမှု ရက်သတ္တပတ်တွင်လည်း တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရန် ကြိုတင်အသိပေးခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တိုက်တွန်းခြင်းဖြစ်သည်။

### ဖြစ်ပွားလျက်ရှိ

၂၀၁၄ ခုနှစ်သန်းခေါင်စာရင်းအရ ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော် ကောင်စီနယ်မြေနှင့် ကရင်ပြည်နယ်တို့တွင် ပြောင်းရွှေ့နေထိုင်သူအများဆုံးရှိနေပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ်အတွင်း လူဦးရေ ၉၃ ရာခိုင်နှုန်းသည် ရွှေ့ပြောင်းနေထိုင်သူများဖြစ်၍ ဝေးလံခေါင်ဖျားရာဒေသများနှင့် နယ်မြေမငြိမ်းချမ်းသော နေရာတို့တွင် နေထိုင်သူတို့ လူနေထူထပ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ရာ၌ ရောဂါပိုးများ တွေ့ရှိလျက် ကူးစက်ရောဂါကို ရက်အနည်းငယ်အတွင်း ဖြစ်ပွားလျက်ရှိကြောင်း ရွှေ့ပြောင်းနေထိုင်မှုများရာမှ ရောဂါပျံ့နှံ့လာမှုကိုလည်း ယနေ့ အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

### ပူးပေါင်းပါဝင်နိုင်ရန် ကျင်းပခဲ့ခြင်းဖြစ်

ရောဂါကင်းဝေးခြင်းသည် နိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ရာ ကမ္ဘာတွင် တစ်နှစ်လျှင် ကလေးတစ်သိန်းရှစ်သောင်း ကာကွယ်ဆေးအပြည့်အဝ မရရှိသည့်အတွက် မေ ၂၄ ရက်မှ ၃၀ ရက်အထိ မကြာမီကျရောက်မည့် ကမ္ဘာ့ကာကွယ်ဆေးထိုးခြင်းရက်သတ္တပတ်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး ကာကွယ်ဆေးထိုးနှံမှု လွှမ်းခြုံနိုင်ရန်အတွက် သတင်းမီဒီယာများမှတစ်ဆင့် မိဘပြည်သူများသိရှိ ပူးပေါင်းပါဝင်နိုင်ရန် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ယနေ့ အခမ်းအနားမှ သိရသည်။

**သန်းထိုက်**

**ဓာတ်ပုံ - သန်းစိုး**




ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင် ကာကွယ်ဆေးထိုးခြင်း ရက်သတ္တပတ်အဖြစ် ဆောင်ရွက်ရာ၌ ပြည်သူတစ်ရပ်လုံးပါဝင်နိုင်ရန် မီဒီယာရှင်းလင်းပွဲအခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။

## ပညာပေးနှိုးဆော်ချက်

- မိုးဦးကျကာလဖြစ်သော မေ၊ ဇွန်လများတွင် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များပေါက်ပွားလာနိုင်မည် ဖြစ်ပါသည်။
- အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ဘဲ မျိုးပြုန်းတီးစေရာ ရောက်သဖြင့် ဥကပ်နေသော(သို့မဟုတ်) ဥနှင့် ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ ဥပဒေအရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။
- သို့ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံး ရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ရေချိုပုစွန်တုပ်ကြီးများကို မေလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**



အရှည် ၁၆၄၂ ပေရှိ ဆတ်ရိုးကျတံတား။

" စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် နှင့် ရသေ့တောင်မြို့နယ်တို့တွင် လမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ "

# ရခိုင်ပြည်နယ်၏ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အထောက်အကူပြုပေးနေသည့် အဓိကတံတားကြီးလေးစင်း

**တင်ထွန်း (မြန်/ဆက်)**

**ရခိုင်ပြည်နယ်၏ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးနှင့် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထောက်အကူပြုပေးနေသည့် အဓိကတံတားကြီးလေးစင်းရှိပြီး အဆိုပါတံတားကြီးများသည် အစိုးရသစ်လက်ထက် ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် များအတွင်း အပြီးတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သော ပေ ၁၈၀ အထက် တံတားကြီးများ ဖြစ်သည်။**

### ဆတ်ရိုးကျတံတား

အဆိုပါ တံတားကြီးများနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ်လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးခင်မောင်မြင့်က "ဆတ်ရိုးကျတံတားကတော့ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ စတင်တည်ဆောက်ပြီးတော့ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ တည်ဆောက်ပြီးစီးသွားတာ ဖြစ်ပါတယ်။ ဒီတံတားဟာ "ဆတ်ရိုးကျချောင်းကို ဖြတ်ပြီးတော့ တည်ဆောက်ထားတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ စစ်တွေမြို့ လမ်းမတော်ရပ်ကွက်ကနေ ဟိုဘက် ရွှေမင်းဂံဘက် ဆတ်ရိုးကျကျေးရွာကို ဆက်သွယ်ထားတဲ့တံတား ဖြစ်ပါတယ်။ ဒီတံတားဟာ အရှည် ၁၆၄၂ ပေ ၊ ပင်မ သံပေါင်ပေ ၂၄၀ တစ်ခန်း၊ ပေ ၁၀၀ တစ်ဆယ့်တစ်ခန်း၊ ပေ ၃၀ ဆယ်ခန်းနဲ့ အပေါ်ထည်ကတော့ သံမဏိသံပေါင် တံတားအမျိုးအစား ဖြစ်ပါတယ်။ အောက်ထည်ကတော့ သံကူကွန်ကရစ်ဖြစ်ပြီး အုတ်မြစ်ကတော့ သံကူကွန်ကရစ် ဘိုးပိုင် အမျိုးအစား ဖြစ်ပါတယ်။

### တံတားအမြင့် ၁၁ မီတာ

"ဒီချောင်းဟာ အကျယ် ပေ ၂၀၀ ပဲရှိပါတယ်။ ဒါပေမယ့် ချောင်းက သင်္ဘောတွေ ဝင်ထွက်သွားလာတာရှိတဲ့အတွက်ကြောင့်ရယ်၊ စစ်တွေဘက်ကမ်းမှာလည်း မီးပွိုင့်တစ်ခုရှိတာကြောင့်ရယ်၊ သင်္ဘောတွေလည်း လွတ်အောင်၊ မီးပွိုင့်နဲ့လည်းလွတ်အောင်ဆိုပြီးတော့ တံတားအမြင့်ကို ၁၁ မီတာအထိမြှင့်ပြီး တည်ဆောက်လိုက်ရတဲ့အတွက် တံတားက ၁၆၄၂ ပေ ရှည်သွားတာ ဖြစ်ပါတယ်။ ဒါကြောင့် မီးပွိုင့်နဲ့ အဆင်ပြေအောင် ဆိုပြီးတော့ လမ်းမှာ အရှိန်လျှော့တုံးတွေ တပ်ဆင်သွားဖို့ရှိပါတယ်။

"ဒီတံတားကြီးဟာ စစ်တွေမြို့ လမ်းမတော်ရပ်ကနေ တစ်ဖက်ကမ်း ဆတ်ရိုးကျကျေးရွာ၊ ရွှေမင်းဂံဆိပ်ကမ်းဘက်ကို ဆက်သွယ်ထားတဲ့အတွက် စစ်တွေမြို့ကို မြို့ကွက်သစ်တွေချဲ့မယ်ဆိုရင် လည်း ဆတ်ရိုးကျကျေးရွာဘက်၊ ရွှေမင်းဂံဘက်မှာ မြို့ကွက်သစ်တွေ အများကြီးချဲ့လို့ ရသွားပါပြီ။ နောက်ပြီးတော့ ရွှေမင်းဂံသင်္ဘောဆိပ်ရှိတယ်၊ ပြီးရင် အဝေးပြေးကားဝင်းလည်း အသစ်ဆောက်လုပ်ဖို့ရှိတယ်။ ရွှေမင်းဂံသင်္ဘောဆိပ်ကနေ ကုန်စည်တွေကို စစ်တွေမြို့ကို အလွယ်တကူ သယ်ယူပို့ဆောင်လို့ရတယ်။ အဝေးပြေးကားဂိတ်လည်း ရှိတဲ့အတွက် ဒီတံတားကိုဖြတ်ပြီးတော့ ကားဂိတ်ကနေ စစ်တွေမြို့ကို အလွယ်တကူသွားလို့ရတယ်။ စစ်တွေမြို့ကလည်း အလွယ်တကူ ကားဂိတ်ကို သွားလို့ရတဲ့ အတွက် ကုန်စည်စီးဆင်းမှုရော၊ သွားလာရေးအတွက်ရော ပြည်သူတွေအတွက် များစွာ အကျိုးဖြစ်သွားပါပြီ" ဟု ပြောကြားသည်။



ရခိုင်ပြည်နယ် လမ်းဦးစီးဌာန
ပြည်နယ်ညွှန်ကြားရေးမှူး
ဦးခင်မောင်မြင့်

### ကြပ်စင်တံတား

အဆိုပါတံတားကို ကုန်ကျငွေကျပ် ၈၂၃ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်နှစ်ခုကို ဆက်စပ်ပေါင်းကူးပေးမည့် အရှည်ပေ ၁၉၂၀ ရှိ ကြပ်စင်မြစ်ကူးတံတားကိုလည်း ကုန်ကျငွေကျပ် ၁၁၃၂၄ ဒသမ ၄၈၇ သန်းဖြင့် တည် ဆောက်ပြီးစီးပြီးဖြစ်ရာ ပြည်သူများနှင့်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိနေပြီဖြစ်သည်။


"ဒီတံတားက မြေပုံမြို့ရဲ့အဓိကကျတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ မြေပုံမြို့ဟာအရင်တုန်းက ရေလမ်းခရီးကိုသာ အဓိကထား သွားလာနေရတဲ့ မြို့ တစ်မြို့ဖြစ်ပြီးတော့ သွားလာရေး အလွန်ခက်ခဲတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ အခုဆိုရင် မြေပုံမြို့သူ၊ မြို့သားတွေအနေနဲ့ အဆင်ပြေစွာ သွားလာနိုင်ပြီ ဖြစ်ပါတယ်။ ဒီတံတားကို ၂၀၁၄ ခုနှစ်က စတင် တည်ဆောက်ပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလမှာ ပြီးစီးသွားပါတယ်။ ဒီတံတားက အရှည်အနေနဲ့ ပေ ၁၉၂၀ ရှိပြီးတော့ ပြည်ထောင်စုရန်ပုံငွေနဲ့ ပြည်နယ်ရန်ပုံငွေနှစ်ခုပေါင်းပြီးတော့ တည်ဆောက်ထားတဲ့တံတား ဖြစ်ပါတယ်။ ကြပ်စင်မြစ်ကို ဖြတ်သန်း တည်ဆောက်ထားတဲ့ ကြပ်စင်မြစ်ကူး တံတား ပြီးစီးသွားပြီဖြစ်တဲ့အတွက် ကုန်းလမ်းဆက်သွယ်ရေးနဲ့ ဆက်သွယ်မှုပြတ်တောက်နေတဲ့ မြေပုံမြို့ဟာလည်း အရှိန်အဟုန်နဲ့ တိုးတက် ဖွံ့ဖြိုးလာတော့မှာ ဖြစ်ပါတယ်" ဟု ဦးခင်မောင်မြင့်က ဆက်လက်ပြောသည်။

### ဒါးလက်ချောင်းတံတား

ထိုနည်းတူ ကျောက်ဖြူခရိုင် အမ်းမြို့နယ်၊ မင်းဘူး - အမ်း -စစ်တွေ လမ်းပိုင်း၊ မိုင်တိုင် ၂၆/၇-၂၇/၀ တွင် အရှည်ပေ ၉၆၀ ရှိ ဒါးလက်ချောင်း တံတားကိုလည်း ပြည်ထောင်စုရန်ပုံငွေကျပ် ၇၀၇၀ ဒသမ ၀၀ သန်းဖြင့် တည်ဆောက်ခဲ့သည်။

အဆိုပါတံတားမှာ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး အလွန်အရေးပါသည့် တံတားတစ်စင်းလည်း ဖြစ်သည်။ တံတားကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

တံတားမှာ ယခင်က အပေါ်ထည် ဘေလီတံတား ဖြစ်သည့်အတွက်



အရှည်ပေ ၁၉၂၀ ရှိ မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်ဆက်သွယ်သည့် ကြပ်စင်တံတား။ ဓာတ်ပုံ-တင်ထွန်း

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

တံတားအကျယ် ကျဉ်းမြောင်းသဖြင့် ယာဉ်များ တစ်စီးပြီးတစ်စီး စောင့်ဆိုင်းပြီး ဖြတ်သွားရသည်။ ယခုတံတားကြီး ပြီးစီးသွားသည့်အတွက် ပြည်သူများနှင့် ခရီးသွားဧည့်သည်များ၊ ကုန်စည်စီးဆင်းမှုများမှာ နှစ်လမ်းသွား ကွန်ကရစ်တံတားကြီးကို ဖြတ်၍ အချိန်လည်းစောင့်ဆိုင်းစရာ မလိုတော့ဘဲ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်သည်။ ထို့အပြင် ကုန်ချိန်များကို လည်း ၇၅ တန်အထိ ဖြတ်သန်းခွင့်ပြုလျက်ရှိသည်။

**တိမ်ညိုတံတား**

နောက် တံတားတစ်စင်းမှာ မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်ရှိ မင်းဘူး- အမ်း- စစ်တွေ ပြည်ထောင်စုလမ်းမကြီး၊ မိုင်တိုင် ၁၂၀/၃-၁၂၀/၄ တွင်ရှိပြီး အရှည် ပေ ၃၆၀ ရှိ တိမ်ညိုတံတားဖြစ်သည်။ ယင်းတံတားကို ကုန်ကျငွေကျပ် ၂၂၈၀ သန်းဖြင့် တည်ဆောက်ခဲ့ပြီးဖြစ်ရာ ပြည်သူများနှင့် ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိပြီဖြစ်သည်။

"ဒီတံတားကလည်း မင်းဘူး- အမ်း- စစ်တွေ ပြည်ထောင်စုလမ်းမကြီးပေါ်မှာ ရှိတဲ့ တံတားတစ်စင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှာ ပြီးစီးအောင် ဆောက်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့အတွက် အလွန်အရေးပါတဲ့ တံတားကြီးတစ်စင်းလည်း ဖြစ်ပါတယ်။ အရင်တုန်းကတော့ RPT သံပေါင်နဲ့ တစ်လမ်းမောင်း တံတားတစ်စင်းဖြစ်တော့ ကားတွေ တစ်စီးပြီးတစ်စီး စောင့်ဆိုင်းပြီး သွားရပါတယ်။ ကုန်ချိန်ကလည်း ၁၆ တန်အထိကန့်သတ်ထားပါတယ်။ အခုအချိန်မှာ အာစီ နှစ်လမ်းသွား တံတားတစ်စင်းဖြစ်သွားတဲ့အခါ ပြည်သူလူထုတွေအနေနဲ့ အချိန်တိုအတွင်း သွားလာနိုင်ပြီဖြစ်ပါတယ်"ဟု ဦးခင်မောင်မြင့်က ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်းတွင် လမ်းဦးစီးဌာနအနေဖြင့် လမ်းတံတားများကို အဆင့်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထိုသို့ လမ်းတံတားများကို ဆောင်ရွက်ရာတွင် စစ်တွေမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင်လည်း လမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက် ရှိသကဲ့သို့ မောင်တောမြို့နယ်တွင်လည်း မေယုတောင်ကိုဖြတ်ပြီး တောင်ကျော်လမ်းလေးလမ်းကို ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပြည်ထောင်စုလမ်းမကြီးဖြစ်သည့် မင်းဘူး- အမ်း- စစ်တွေ လမ်းပေါ်တွင်လည်း ကတ္တရာလမ်းချဲ့ခြင်း လုပ်ငန်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်အတွင်းက လမ်းများကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ။



အရှည်ပေ ၉၆၀ ရှိ ဒါးလက်ချောင်းတံတား။ ဓာတ်ပုံ-တင်ထွန်း



အရှည်ပေ ၃၆၀ ရှိ တိမ်ညိုတံတား။ ဓာတ်ပုံ-တင်ထွန်း

**ရခိုင်ပြည်နယ်၏ ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးနှင့် ခရီးသွားပြည်သူများအဆင်ပြေစွာ သွားလာနိုင်ရေးအတွက် အထောက်အကူပြုပေးနေသည့် အဓိကတံတားကြီး လေးစင်း**

**ဆတ်ရိုးကျတံတား** - စစ်တွေမြို့နယ် လမ်းမတော်ရပ်မှ တစ်ဖက်ကမ်းရှိ ဆတ်ရိုးကျကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားပြီး အရှည်ပေ ၁၆၄၂ ပေရှိ။

**ကြပ်စင်တံတား** - မြေပုံမြို့နယ်နှင့် မင်းပြားမြို့နယ်နှစ်ခုကို ဆက်စပ်ပေါင်းကူးတည်ဆောက်ထားပြီး အရှည်ပေ ၁၉၂၀ ရှိ။

**ဒါးလက်ချောင်းတံတား** - ကျောက်ဖြူခရိုင် အမ်းမြို့နယ် မင်းဘူး-အမ်း-စစ်တွေ လမ်းပိုင်း ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ဆောက်ထားပြီး အရှည်ပေ ၉၆၀ ရှိ။

**တိမ်ညိုတံတား** - မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် မင်းဘူး-အမ်း-စစ်တွေ လမ်းပိုင်း ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ဆောက်ထားပြီး အရှည်ပေ ၃၆၀ ရှိ။

# မြောက်ဦးမြို့အနီးရှိ နယ်မြေခံတပ်ဌာနချုပ်သို့ AA အဖွဲ့က အလစ်အငိုက် တိုက်ခိုက်ရန် ဝင်ရောက်လာစဉ် လုံခြုံရေးကင်းအဖွဲ့များနှင့် ထိတွေ့မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၀**


မြောက်ဦးမြို့အနီးရှိ နယ်မြေခံတပ်ဌာနချုပ်အား ယနေ့ နံနက် ၄ နာရီခန့်တွင် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ရန် တိတ်တဆိတ်ချဉ်းကပ်လာသည့် AA အဖွဲ့၏ လှုပ်ရှားမှုကို လုံခြုံရေးကင်းအဖွဲ့များက တွေ့ရှိသောကြောင့် လက်ဦးမှုရယူပစ်ခတ်ခဲ့ရာ AA အဖွဲ့သည် နောက်ကြောင်းသို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

လုံခြုံရေးအဖွဲ့များသည် AA အဖွဲ့ ချဉ်းကပ်ရာလမ်းကြောင်းတစ်လျှောက် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် AA အဖွဲ့မှ အလောင်းတစ်လောင်းအား လက်ပစ်ဗုံးတစ်လုံး၊ ပလတ်စတစ်ပိုက်ဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံး၊ ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

AA အဖွဲ့သည် မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်တစ်ဝိုက်၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် မိုင်းထောင်၊ မိုင်းဆွဲခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်းများ ဆက်တိုက်ပြုလုပ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့၊ ရပ်ကွက်နှင့် ကျေးရွာများမှ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများဖြင့် ပူးပေါင်း၍ နယ်မြေတည်ငြိမ် အေးချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

နယ်မြေခံတပ်ဌာနချုပ်သို့ ဝင်ရောက်တိုက်ခိုက်ရန် ချဉ်းကပ်လာသည့် AA အဖွဲ့နှင့် လုံခြုံရေးကင်းအဖွဲ့များ ဖြစ်စဉ်နေရာပြမြေပုံ




# နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် ဧပြီ ၂၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

**နေ့အပူချိန်များ**

နေ့အပူချိန်များအနေဖြင့် ကချင်ပြည်နယ်တွင် ဧပြီလ၏ ပုံမှန်အပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပုံမှန်အပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကြောင်း သိရသည်။

**မိုး/ဇလ**

# ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီး၏ ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဇဓမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုန္ဒဝံသာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဧပြီ ၂၀**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ ဘဒ္ဒန္တကုန္ဒဝံသာဘိဝံသ၊ အဘိဇဓမဟာရဋ္ဌဂုရု ဆရာတော်ကြီးသည် သက်တော်(၁၀၀)၊ သိက္ခာတော် (၈၀)ဝါအရ ၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း (၁၅) ရက်၊ (၁၉-၄-၂၀၁၉) သောကြာနေ့၊ နေ့လယ် ၁၂ နာရီ ၁၅ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပန အခမ်းအနားကို (၂၅-၄-၂၀၁၉) ရက်တွင် အဆိုပါရွှေဟင်္သာတောရကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

### နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုန္ဒဝံသာဘိဝံသ (အဘိဇဓမဟာရဋ္ဌဂုရု)၏ ထေရုပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း** - ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဆိတ်သာကျေးရွာ၊ ခမည်းတော် ဦးဘိုမြ+မယ်တော် ဒေါ်ညိုစိန်တို့က ၁၂၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် (တနင်္ဂနွေ)နေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း** - ဆရာတော်လောင်းလျာသည် ၁၂၉၃ ခုနှစ်တွင် ဟင်္သာတမြို့နယ်၊ ဆိတ်သာကျေးရွာ၊ ဆိတ်သာကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိပြီး ၁၃၀၀ ပြည့်နှစ်တွင် ဟင်္သာတမြို့နယ်၊ ကိုင်းချောင်းကျေးရွာ၊ ကိုင်းချောင်းကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တမာဃကို ဥပဇ္ဈာယ်ပြု၍ ဟင်္သာတမြို့ ရွှေပြည်ဝန်းဆန်စက်ပိုင်ရှင် ဦးရွှေမြ+ဒေါ်ညွှက်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း** - ဆရာတော်လောင်းလျာသည် ဟင်္သာတမြို့နယ်၊ ကိုင်းချောင်းကျောင်းဆရာတော် ဘဒ္ဒန္တမာဃ၊ ဟင်္သာတမြို့ အတွင်းပတ္တမြားစာသင်တိုက်ဆရာတော်၊ ရန်ကုန်ကျောင်းဆရာတော်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသ၊ စစ်ကိုင်းမြို့ ပဋ္ဌာန်းသိပ္ပံကျောင်းဆရာတော်ဘဒ္ဒန္တကုန္ဒက စသော ဆရာတော်များထံတွင်လည်းကောင်း ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့ပါသည်။

**သာသနာရေး ဆောင်ရွက်တော်မူခြင်း** - ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် တိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်)၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယက သြဝါဒါစရိယတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယရတ္တညျူမဟာနာယက၊ ညောင်တုန်း ရှစ်မြို့နယ်လုံးဆိုင်ရာ ဝိနည်းပြန်ဌာနဂိုဏ်းချုပ်၊ သာသနာပါလအသင်း သြဝါဒါစရိယဆရာတော် အဖြစ် ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်အလှူခံ ရရှိတော်မူခြင်း** - ဤသို့လျှင် အမျိုးဘာသာ သာသနာတော်ကို ချစ်မြတ်နိုးတော်မူခြင်း၊ သာသနာရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဇွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် ဆောင်ရွက်တော်မူခြင်း၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာ၊ ဇာဂရိယဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိရုံမျှမက နိုင်ငံတော်အစိုးရက ၁၉၉၂ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ၁၉၉၈ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အဘိဇဓမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း** - ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၀ နှစ်၊ သိက္ခာတော် ၈၀ ဝါအရ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်နေ့ (၁၉-၄-၂၀၁၉) သောကြာနေ့ ၁၂ နာရီ ၁၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**



# မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်ရင်ပြင်တွင် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကျင်းပ

**မော်လမြိုင် ဧပြီ ၂၀**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များ ပင့်ဆောင်ပူဇော်ခြင်းအထိမ်းအမှတ် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ ည ၇ နာရီ ၄၅ မိနစ်က မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် မော်လမြိုင်မြို့ရှိ ကျိုက်သလ္လံစေတီတော်ရင်ပြင်တွင် ကျင်းပသည်။ **(အပေါ်ပုံ)**

ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကက ငြိမ်းချမ်းရေး တရားဒေသနာတော်များ ဟောကြားချီးမြှင့်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်ဇနီး၊ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျိုက်သလ္လံ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ဝတ်အသင်းအဖွဲ့များနှင့် ပြည်နယ်အတွင်းရှိ တရားချစ်ခင်သူတော်စင်များက တရားတော်ကို နာယူကြည်ညိုကြသည်။

### အလှူငွေများ လှူဒါန်း

ယနေ့ နံနက်ပိုင်းက စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက်ထီးရိုးစေတီတော်မှ မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်သို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဝတ်အသင်းအဖွဲ့များက ပင့်ဆောင်ပူဇော်ကြရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက ဖူးမြော်ကြည်ညိုကြပြီး စေတီတော်တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

### ဒေသစာရီလှည့်လည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထာဝရငြိမ်းချမ်းရေးရရှိရန်၊ ထေရဝါဒဗုဒ္ဓသာသနာ အဓွန့်ရှည်ထွန်းကားပြန့်ပွားစေရန်နှင့် ခုနစ်ရက်သားသမီးများ ဖူးမြော်ပူဇော်နိုင်ရန် ရည်မှန်းကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထာဝရငြိမ်းချမ်းရေး စေတီတော်အား တည်ထားကိုးကွယ်လျက်ရှိပြီး စေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်များအား တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုသို့ ဒေသစာရီလှည့်လည်အပူဇော်ခံလျက်ရှိသည်။

**ဟန်လင်းနိုင်**

# မိတ္ထီလာဒေသထွက် စပျစ်သီးများ ဈေးနှုန်းတည်ငြိမ်၍ ယခင်နှစ်ကထက် ဈေးကောင်းရရှိ

**မိတ္ထီလာ ဧပြီ ၂၀**

မိတ္ထီလာဒေသထွက် စပျစ်သီးများ ဈေးကွက်အတွင်း ဈေးနှုန်းတည်ငြိမ်၍ ယခင်နှစ်ကထက် ဈေးကောင်းရရှိကြောင်း ဒေသခံစပျစ်စိုက်ပျိုးသူများထံမှ သိရသည်။

"မိတ္ထီလာဒေသထွက် စပျစ်သီးက ဒီနှစ်ဈေးကွက်အတွင်းမှာ ဈေးနှုန်းတည်ငြိမ်တာကြောင့် ယခင်နှစ်ကထက် ဈေးကောင်းရရှိတယ်ပြောရမယ်။ မနှစ်က အစိမ်းရောင်ကြွေနီအသီးက တစ်ပိဿာကို ၁၂၀၀၊ ၁၃၀၀ ကျပ်ပဲ ရောင်းရတယ်။ ဒီနှစ် စပျစ်အစိမ်းရောင် ကြွေနီအသီးမျိုး တစ်ပိဿာကို ပွဲရုံသွင်းဈေးက တစ်ပိဿာ ၂၀၀၀ ကျပ် ရှိပါတယ်။ အညိုရောင် ဘီကျူသီးတော့ မနှစ်က ကျပ် နှစ်ထောင်ကျော်ပဲရှိပေမယ့် ဒီနှစ် တစ်ပိဿာ ၃၀၀၀ကျပ်၊ ၃၂၀၀ ကျပ်အထိ ဈေးရပါတယ်"ဟု ရွှေစည်သည် ကျေးရွာသွားလမ်းရှိ ကျွဲတလင်းအုပ်စုတွင် စပျစ်ခြံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ကိုဇင်မင်းဦးက ပြောသည်။

၎င်း၏ စပျစ်ခြံမှ လက်လီလက်ကား ဈေးကွက်အတွင်း စပျစ်သီးပိဿာချိန် ၅၀၀ ခန့် ပုံမှန်ရောင်းချရကြောင်း သိရသည်။

မိတ္ထီလာဒေသထွက် စပျစ်သီးများကို မိတ္ထီလာဈေးကွက်အတွင်း လက်လီ လက်ကားပြန်လည်ရောင်းချပြီး ပွဲရုံများမှ တစ်ဆင့် နယ်ဝေးဒေသများအထိ တင်ပို့ရောင်းချရခြင်းရှိ၍ ဈေးကွက်ခိုင်မာမှုရှိသော်လည်း ဈေးနှုန်း အတက်အကျမှာမူ အတိအကျ ခန့်မှန်းနိုင်ခြင်းမရှိကြောင်း သိရသည်။ မိတ္ထီလာတွင် ကျွဲတလင်း၊ မကျီးစု၊ ထမုန်ကန်၊ ရွှေတောင်၊ ငွေတောက်ကုန်း၊ ရှမ်းတဲစသည့် ကျေးရွာများတွင် စပျစ်ကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်းသိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



စပျစ်သီးများ ခူးဆွတ်နေစဉ်။

## အမြင့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စံချိန်သစ် တိုင်းတာရရှိသည့် ရက်စွဲ | စခန်းအမည် | အမြင့်ဆုံးအပူချိန် စံချိန်သစ် | | အမြင့်ဆုံးအပူချိန် စံချိန်ဟောင်း | | ယခင် စံချိန်ကျိုးခဲ့သည့်ရက်စွဲ | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | ဒီဂရီ စင်တီဂရိတ် | ဒီဂရီ ဖာရင်ဟိုက် | | |
| ၁။ | ၁၉-၄-၂၀၁၉ | အမ်း | ၄၂.၀ | ၁၀၇.၆ | ၄၀.၆ | ၁၀၅.၁ | ၂၁-၄-၂၀၀၆ | ၁၇ |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဧပြီ ၂၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လှိုင်းတက်မြို့တွင် ၀ ဒသမ ၂၈ လက်မနှင့် လွိုင်လင်မြို့တွင် ၀ ဒသမ ၀၈ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
၂၀၁၉ ခုနှစ်၊ လူရည်ချွန်စခန်းများသို့ စေလွှတ်ခြင်း

လူရည်ချွန်စခန်းကာလ - ၂၇-၄-၂၀၁၉ ရက်နေ့မှ ၅-၅-၂၀၁၉ ရက်နေ့အထိ

## လူရည်ချွန်စခန်းများအလိုက် စေလွှတ်မည့် အတန်းနှင့် ဦးရေ

| အတန်း | လူရည်ချွန်ဦးရေ | | | ကြီးကြပ် ဆရာ၊ ဆရာမဦးရေ | | | လူရည်ချွန်စခန်း |
|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| အဋ္ဌမတန်း | ၈၉ | ၈၉ | ၁၇၈ | ၉ | ၉ | ၁၈ | ပုဂံ |
| နဝမတန်း | ၈၉ | ၈၉ | ၁၇၈ | ၉ | ၉ | ၁၈ | အင်းလေး |
| ဒသမတန်း | ၈၉ | ၈၉ | ၁၇၈ | ၉ | ၉ | ၁၈ | ငွေဆောင် |
| စုစုပေါင်း | ၂၆၇ | ၂၆၇ | ၅၃၄ | ၂၇ | ၂၇ | ၅၄ | |

## ၂၀၁၉ ခုနှစ်၊ လူရည်ချွန်စခန်းသွင်းဆောင်ရွက်မည့် အစီအစဉ်

❖ မန္တလေးနှင့် ရန်ကုန်စုရပ်စခန်းများသို့ ရောက်ရှိမည့်ရက် - (၂၇-၄-၂၀၁၉)
❖ လူရည်ချွန်စခန်းသို့ ဝင်ရောက်မည့်ရက် - (၂၉-၄-၂၀၁၉)
❖ လူရည်ချွန်စခန်း ဖွင့်ပွဲကျင်းပမည့်ရက် - (၁-၅-၂၀၁၉)
❖ လူရည်ချွန်စခန်း ပိတ်ပွဲကျင်းပမည့်ရက် - (၄-၅-၂၀၁၉)
❖ လူရည်ချွန်စခန်းမှ ပြန်လည်ထွက်ခွာမည့်ရက် - (၅-၅-၂၀၁၉)

## ၂၀၁၉ ခုနှစ်၊ လူရည်ချွန်စခန်း အစီအစဉ်

| စဉ် | အကြောင်းအရာ | ၂၃-၄-၁၉ | ၂၄-၄-၁၉ | ၂၅-၄-၁၉ | ၂၆-၄-၁၉ | ၂၇-၄-၁၉ | ၃၀-၄-၁၉ | ၁-၅-၁၉ | ၂-၅-၁၉ | ၃-၅-၁၉ | ၄-၅-၁၉ | ၅-၅-၁၉ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ စတင်ထွက်ခွာခြင်း | — | — | | | | | | | | | |
| ၂ | ရန်ကုန်/မန္တလေးစုရပ်စခန်းများတွင် စုစည်းရောက်ရှိခြင်း | | | — | | | | | | | | |
| ၃ | လူရည်ချွန်စခန်းအလိုက် စုဖွဲ့ထွက်ခွာခြင်း | | | | — | | | | | | | |
| ၄ | လူရည်ချွန်စခန်းအသီးသီးသို့ ရောက်ရှိခြင်း | | | | | — | | | | | | |
| ၅ | လူရည်ချွန်ဟောင်းများနှင့် တွေ့ဆုံခြင်း၊ ဟောပြောပွဲများကျင်းပခြင်း | | | | | | — | | | | | |
| ၆ | ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း | | | | | | | — | | | | |
| ၇ | လေ့လာရေးခရီးစဉ်နှင့် ဖျော်ဖြေရေး အစီအစဉ်များ | | | | | | | | — | — | | |
| ၈ | စခန်းသိမ်းပွဲနှင့် မီးပုံပွဲကျင်းပခြင်း | | | | | | | | | | — | |
| ၉ | နေရပ်ပြန်လည်ထွက်ခွာခြင်း (တိုက်ရိုက်/ တဆင့်ပြောင်း/ညအိပ်နား) | | | | | | | | | | | — |

# ပွင့်ဖြူနှင့် မိတ္ထီလာမြို့နယ်တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်

**ပွင့်ဖြူ**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဧပြီ ၁၉ ရက်က ရုတ်တရက်လေပြင်းမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ပြီး အဆိုပါ လေပြင်းမုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် လူနေအိမ်ခြောက်လုံး အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ပွင့်ဖြူမြို့နယ် ဥယျာဉ်ကျစ်ကျေးရွာတွင် လေးပင်နှစ်ထပ်တိုက် လူနေအိမ်တစ်လုံး၊ ကန်ပြည့်ကျေးရွာအုပ်စု မကြီးရုံကျေးရွာတွင် တစ်ထပ်လူနေအိမ်တစ်လုံး၊ သုံးပင်ပတ်လည်သွပ်မိုး၊ ထရံကာ လူနေအိမ်သုံးလုံး၊ လေးပင်ပတ်လည်တစ်ထပ်သွပ်မိုး၊ ထရံကာလူနေအိမ် တစ်လုံး၊ စုစုပေါင်းလူနေအိမ်ခြောက်လုံး အမိုးလန် ပျက်စီးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းမုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရပြီး လတ်တလောတွင် လူနေအိမ်ပျက်စီးမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေကြောင်းနှင့် နေအိမ်ပျက်စီးသည့် ဒေသခံပြည်သူများမှာ နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**မိတ္ထီလာ**

မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ ဧပြီ ၁၉ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် လူနေအိမ် ၁၁ လုံး ပျက်စီးမှုဖြစ်ပွားခဲ့သည်။

မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျွဲတလင်းကျေးရွာအုပ်စု ဖျောက်ဆိပ်ပင်ကျေးရွာမှ ဘုန်းတော်ကြီးကျောင်းရှိ နံကပ်နှစ်ထပ်လေးပင်ပတ်လည် ကျောင်းဆောင်တစ်ဆောင်နှင့် လူနေအိမ် ခုနစ်လုံး အမိုးလန်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး မွေးကျေးရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ အလျား ပေ ၁၀၀ ၊အနံ ပေ ၃၀ ရှိ စာသင်ကျောင်းဆောင်တစ်ဆောင် အမိုးလန်ခြင်းများဖြစ်ပေါ်ခဲ့သည်။ ယင်းနောက် မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာမှ ဘုန်းတော်ကြီးကျောင်းရှိ ခြောက်ပင်ပတ်လည်နံကပ်ကျောင်းဆောင်တစ်ဆောင်၊ အခြေခံပညာမူလတန်းကျောင်းရှိ (၅ × ၃)ပင် နံကပ်စာသင်ကျောင်းဆောင် တစ်ဆောင် နှင့် လူနေအိမ်တစ်လုံး အမိုးလန်ခြင်းများဖြစ်ပေါ်ခဲ့ပြီး သီးကုန်းကျေးရွာအုပ်စု မကျီးချိုကျေးရွာတွင် လူနေအိမ်သုံးလုံး အမိုးလန်ခြင်းများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များဆုံးရှုံးမှုအတွက် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ရန်ပုံငွေပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



လေပြင်းတိုက်ခတ်မှုကြောင့် မိတ္ထီလာမြို့နယ်ရှိ အဆောက်အအုံများ ပျက်စီးနေမှုကို တွေ့ရစဉ်။

# စလင်းမြို့နယ် ကျေးရွာသုံးရွာတွင် မြေနီကျောက်စရစ်လမ်းခင်းခြင်း ၆၀ ရာခိုင်နှုန်း ပြီးစီး

**စလင်း ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းများကို ယခုနှစ်မတ်လအတွင်းက ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းဖြင့် သန်းပင်ကုန်းကျေးရွာအဝင်နှင့် ကျေးရွာတွင်း အရှည်ပေ ၆၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မရှိသော မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်း၊ စနေချောင်ကျေးရွာတွင်စီမံကိန်းထောက်ပံ့ငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာတွင်း အရှည်ပေ ၅၂၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ရှိသောမြေနီကျောက်စရစ်လမ်းခင်းခြင်း၊ လေးရွာကျေးရွာတွင် ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်းများ အရှည်ပေ ပေ ၆၀၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ရှိသော မြေနီကျောက်စရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ယခုနှစ်မတ်လအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၆၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဝေဇင်ဝင်းက ပြောသည်။

တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများသည် သန်းပင်ကုန်းကျေးရွာ၊ စနေချောင်ကျေးရွာနှင့် လေးရွာကျေးရွာရှိ ကျေးရွာအဝင်နှင့် ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းကျင်းနေမှုများကို ယမန်နေ့က ကြည့်ရှုစစ်ဆေးရာ မြေနီကျောက်စရစ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိပြီး လမ်းကြိတ်စက်ကြိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်းသိရသည်။ **ငြိမ်းသူ(စလင်း)**



စလင်းမြို့နယ်၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းကို ဒေသခံများကိုယ်တိုင် ပါဝင်ဆောင်ရွက်နေစဉ်။

# အကြိမ်(၃၀)မြောက် ဆီးဂိမ်းအကြို တိုက်ကွမ်ဒိုပြိုင်ပွဲ မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၀**

ဖိလစ်ပိုင်နိုင်ငံတွင် မေ ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည့် အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို တိုက်ကွမ်ဒိုအားကစားပြိုင်ပွဲသို့ မြန်မာ တိုက်ကွမ်ဒိုအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ သိရသည်။

"ကျွန်တော်တို့ အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်ထားတဲ့ အားကစားသမား ၂၃ ဦးထဲက ရွေးချယ်ပြီး ဝင်ရောက်ယှဉ်ပြိုင်မယ်။ အဲဒီပြိုင်ပွဲမှာ အတိုက်ကစားသမား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ငါးဦး တင်ပြထားပါတယ်။ ကကွက်မှာ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ၂၀၁၈ ဖေဖော်ဝါရီလကစပြီး ကစားသမားတွေကို စခန်းသွင်းလေ့ကျင့်တယ်။ ၂၀၁၉ တက္ကသိုလ်ဝင်တန်းစာမေးပွဲပြီးတော့ ကစားသမားအားလုံးကို တစ်နေ့ သုံးကြိမ် လေ့ကျင့်ပါတယ်။ ကစားသမားအသစ်တွေက ရေရှည်ကစားမယ့်လူငယ်တွေဖြစ်တဲ့အတွက် ပြိုင်ပွဲမှာ လိုချင်တဲ့အတိုင်းအတာမရရင်တောင် နေရာတစ်ခုတော့ ရသွားကြလိမ့်မယ်ထင်ပါတယ်။ ဆုတံဆိပ်ရဖို့လည်း အကောင်းဆုံးကြိုးစားမျှော်လင့်ထားပါတယ်"ဟု အတိုက်နည်းပြ ဦးကျော်ကျော်ထူးက ပြောသည်။

"ကျွန်မတို့ ကကွက်ပြိုင်ပွဲမှာ အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မယ်။ ပြိုင်ပွဲမှာ ကကွက်ကစားနည်း ငါးမျိုးနဲ့ တီထွင် ကကွက်ကစားနည်း ထည့်သွင်းထားတယ်။ ပြိုင်ပွဲအားလုံးကို အတန်းပြည့် ဝင်ပြိုင်မယ်။ ကစားသမားတွေက နိုင်ငံတကာအတွေ့အကြုံရှိတဲ့သူတွေဖြစ်တဲ့အတွက် အကောင်းဆုံးပြင်ဆင်သွားမှာပါ" ဟု ကကွက်နည်းပြ ဒေါ်ချောကလျာဝင်းက ပြောသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာတိုက်ကွမ်ဒိုကစားသမားများ၏ အဓိကပြိုင်ဘက်များမှာ အိမ်ရှင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံမှ ကစားသမားများဖြစ်ကြောင်း သိရသည်။

မြန်မာတိုက်ကွမ်ဒိုအားကစားသမားများသည် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အတိုက်ကစားနည်း ကြေးနှစ်ခုနှင့် ကကွက် ကြေးနှစ်ခု ဆွတ်ခူးရရှိခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**



ကကွက်ကစားနည်း လေ့ကျင့်နေစဉ်။

# မြစ်ကြီးနားၵ ငါးမျှားရာမှ လက်ပစ်ဗုံး ချိတ်ပါလာ

**မြစ်ကြီးနား မေ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ မေ ၂၀ ရက် ညနေပိုင်းက ငါးမျှားနေသူတစ်ဦး၏ ငါးမျှားချိတ်တွင် လက်ပစ်ဗုံးချိတ်ပါလာခဲ့ကြောင်း မြစ်ကြီးနားမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၅ နာရီခွဲက မြစ်ကြီးနားမြို့ အေးစေတီရပ်ကွက်နေ စိုးမင်းထိုက် (၃၆ နှစ်)သည် မင်းရပ်ရပ်ကွက်ရှိ ရောဝတီမြစ်ကမ်းဘေးတွင် ငါးမျှားနေစဉ် ငါးမျှားချိတ်၌ ပလတ်စတစ်အိတ်နှင့်ထုပ်ထားသည့် လက်ပစ်ဗုံးတစ်လုံး ချိတ်ပါလာခဲ့၍ မြစ်ကြီးနားမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့ရာ မြစ်ကြီးနားမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းလွင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ဆက်လက်သတင်းပို့ကာ လက်ပစ်ဗုံးအား မြို့မရဲစခန်းတွင် သိမ်းဆည်းထားခဲ့သည်။

အဆိုပါလက်ပစ်ဗုံးအမျိုးအစားမှာ စင်ကာပူနိုင်ငံလုပ် MG-1 အမျိုးအစား ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မိတ္ထီလာမြို့နယ်၌ လေယာဉ်ပစ်ကျည်တစ်တောင့် တွေ့ရှိ

**မိတ္ထီလာ မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရေဝေကျေးရွာအုပ်စု ကျောက်အိုးကျေးရွာတောင်ဘက်တွင် ယနေ့ နံနက် ၁၀နာရီ မိနစ် ၄၀ က လေယာဉ်ပစ်ကျည်ဟုယူဆရသော ကျည်တစ်တောင့် တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်အိုးကျေးရွာနေ ဒေါ်ပု(၆၀ နှစ်)၏ ယာကွက်အနီး စားကျက်မြေတွင် အလျား ၁၁ လက်မခန့်၊ လုံးပတ် ၁ ဒသမ ၂၅ လက်မခန့်ရှိ လေယာဉ်ပစ်ကျည်ဟု ယူဆရသော ကျည်တစ်တောင့်တွေ့ရှိသဖြင့် နယ်မြေခံတပ်မှ တာဝန်ရှိသူများထံ စနစ်တကျအပ်နှံခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) တွင် ရတနာပုံအသင်း သုံးပွဲဆက် အနိုင်ရ

**ရန်ကုန် မေ ၂၀**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ ရတနာပုံအသင်းက Chinland အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရတနာပုံအသင်းသည် သုံးပွဲဆက် အနိုင်ယူခဲ့ခြင်းဖြစ်ပြီး ထိပ်ဆုံးနေရာအတွက် ရှမ်းယူနိုက်တက်နှင့် ရောဝတီအသင်းတို့ကို ဖိအားပေးနိုင်ခဲ့သည်။ Chinland အသင်းမှာမူ ရှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးပြီး ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးဘဲ ဖိအားပိုများသွားခဲ့သည်။

နှစ်သင်းစလုံး အမှတ်လိုနေသောကြောင့် လူစုံထုတ်ကစားခဲ့ပြီး ရတနာပုံအသင်းသည် သကြ်န်ကာလတွင် လေ့ကျင့်မှုရပ်နားကာ ယခုပွဲအတွက် လေ့ကျင့်ရက် နှစ်ရက်သာရှိသောကြောင့် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသည်။ ရတနာပုံအသင်းသည် ပွဲစကတည်းက ဖိကစားသော်လည်း ကစားသမားများ၏ စွမ်းဆောင်ရည်မှာ အကောင်းဆုံးအနေအထားမရသောကြောင့် Chinland အသင်းကို အသာစီးမရခဲ့ပေ။ ၁၃ မိနစ်တွင် ဝင်းနိုင်ထွန်းက ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ မိနစ် ၃၀ ကျော်တွင် ဂိုးပြန်ပေးလိုက်ရသည်။ Chinland အသင်းသည် မိနစ် ၂၀ နောက်ပိုင်းတွင် ရတနာပုံနောက်တန်းကို ဖိအားပေးနိုင်ခဲ့ပြီး ၃၃ မိနစ်တွင် ဘာဘာကျူဒီက ချေပဂိုးပြန်သွင်းခဲ့သည်။ ရတနာပုံအသင်း တိုက်စစ်ကို ဝင်းနိုင်ထွန်းနှင့် ဝင်းနိုင်စိုးတို့က ဦးဆောင်ခဲ့ပြီး နှစ်ဦးစလုံးဂိုးရနိုင်သည့် အခွင့်အရေးများစွာရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ရတနာပုံအသင်းသည် ဒုတိယပိုင်းတွင် အနိုင်ဂိုးရရန် တိုက်စစ်မြှင့်ခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သောကြောင့် ဂိုးတစ်ဂိုးသာ ထပ်ရခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးကို ၆၉ မိနစ်တွင် ဝင်းနိုင်ထွန်းကပင် သွင်းယူခဲ့သည်။ ဝင်းနိုင်ထွန်းသည် ဟက်ထရစ်ရနိုင်သည့်အခွင့်အရေးများ ရသော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယနေ့ကို မေ ၂၁ ရက် (**ယနေ့**) ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**


ရတနာပုံတိုက်စစ်မှူး ဝင်းနိုင်ထွန်း၏ထိုးဖောက်မှုကို **Chinland** အသင်းနောက်ခံလူ ဖျက်ထုတ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

❊ *ကျောဖုံးမှ*

၂၀၁၅ ခုနှစ် အောက်တိုဘာလနှင့် ၂၀၁၆ ခုနှစ် မတ်လတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် တွေ့ဆုံခဲ့ဖူးသူဖြစ်သည်။ ၎င်းသည် နည်းပြသက်တမ်း နှစ် ၂၀ နီးပါးရှိပြီဖြစ်ပြီး ယခင်က ပေါ်တူဂီ၊ မွန်တီနီဂရိုး၊ ကူဝိတ်၊ ကာဇက်စတန်ကလပ်အသင်းများ၊ ဆားဘီးယားနှင့် မွန်တီနီဂရိုး ယူ-၁၉ အသင်း၊ မွန်တီနီဂရိုး ယူ-၂၁ အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတွင် တာဝန်ယူခဲ့သည့် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးနှင့် လမ်းခွဲပြီးကတည်းက နည်းပြလက်မဲ့ဖြစ်နေပြီး မတ်လက ကစားခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲတွင် ဦးမျိုးမင်းထွန်းက ယာယီနည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သည်။

**ညီမြတ်သော်တာ**

❍ *ကျောဖုံးမှ*

မြန်မာအသင်းသည် ဂိုးကွာခြားချက်အသာဖြင့် အုပ်စုကို ဦးဆောင်နေပြီး နောက်ဆုံးပွဲတွင် စင်ကာပူအသင်းကို ဂိုးပြတ်အနိုင်ရပါက ချန်ပီယံဆုရယူနိုင်မည် ဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲများကို မေ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် ကျင်းပရန်စီစဉ်ထားသည့် ဟောင်ကောင် ယူ- ၁၅ ဖိတ်ခေါ်ပြိုင်ပွဲကို ရာသီဥတုဆိုးရွားမှုကြောင့် ထပ်မံဖျက်သိမ်းခဲ့ရသည်။ မေ ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပွဲချိန် ၄၁ မိနစ်တွင် ရပ်နားထားရသည့် မြန်မာနှင့် ဟောင်ကောင်၊ မလေးရှားနှင့် စင်ကာပူအသင်းတို့၏ လက်ကျန်မိနစ်များကို ပြန်ကစားရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် ကစား နိုင်ခြင်းမရှိခဲ့ပေ။ ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်သည် ယူ- ၁၅ ပြိုင်ပွဲနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်အသင်းများနှင့် ညှိနှိုင်းဆောင်ရွက်ကာ အတည်ပြုထုတ်ပြန်မည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# အောင်မြေသာစံမြို့နယ်၌ မီးလောင်မှုကြောင့် အိမ်ထောင်စု ၁၁ စု မီးဘေးသင့်

မန္တလေး မေ ၂၀

**အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် ၁၀×၁၁ လမ်း၊ ၇၄×၇၅ လမ်းကြား ပိုင်ရှင် ဦးမြင့်ဇော်၏နေအိမ်တွင် ယနေ့ညနေ ၃ နာရီ ၃၈ မိနစ်က မီးပလပ်ခုံအပူလွန်ကဲရာမှ အောက်ရှိ အိပ်ရာလိပ်ပေါ်သို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။**


အောင်မြေသာစံမြို့နယ်၌ မီးလောင်မှုကြောင့် ပျက်စီးသွားသည့် အဆောက်အအုံအချို့ကို တွေ့ရစဉ်။

မီးလောင်မှုဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၅၀၊ အထောက်အကူပြုယာဉ် နှစ်စီး၊ အုပ်ချုပ်မှုယာဉ် သုံးစီး၊ သန္ဓေ ၄၀၊ အရန် ၁၆၀ တို့က သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်တွင် မီးလုံးဝငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် မီးဘေးသင့် အိမ်ထောင်စု ၁၁ စုမှ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး ၂၄ ဦးတို့သည် ဘောစနမွှာရုံတွင် ခေတ္တခိုလှုံနေကြရကြောင်း သိရသည်။

မီးလောင်မှုကြောင့် နှစ်ထပ်နေအိမ် သုံးလုံး၊ တစ်ထပ်နေအိမ်သုံးလုံး၊ (၂၀×၂၀) ပေ သွပ်မိုး နှစ်ထပ်နေအိမ် အပေါ်ထပ် တစ်ထပ်၊ ဆိုင်ကယ်နှစ်စီးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပိုင်ရှင် ဦးမြင့်ဇော်အား အောင်မြေသာစံမြို့နယ် အမှတ်(၂) ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့အလင်း**

# နတ်တလင်း၊ မိတ္ထီလာ၊ ကလေးနှင့် ညောင်ဦးမြို့နယ်၌ မီးလောင်မှုဖြစ်ကာ အဆောက်အအုံအချို့ ပျက်စီးဆုံးရှုံး



နတ်တလင်းမြို့နယ်၌ မီးလောင်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်အချို့ကို တွေ့ရစဉ်။

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကံတွင်းကျေးရွာနေ ဦးခင်မောင်လွင်၏ နေအိမ်မီးဖိုမီးကြွင်းမီးကျန်မှ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က စတင်မီးလောင်ရာမှ နေအိမ်ရှစ်လုံး ဆုံးရှုံးသွားကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသက်ချိုဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တာပွန်၊ နတ်တလင်း၊ ဇီးကုန်းမြို့တို့မှ စုစုပေါင်း မီးသတ်ယာဉ်ခုနစ်စီး ရောက်ရှိလာပြီး ဒေသခံပြည်သူများနှင့်ဝိုင်းဝန်းငြှိမ်းသတ်ကြရာ မွန်းလွဲ ၂နာရီ မိနစ် ၄၀ တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် နေအိမ်ရှစ်လုံး၊ အိမ်ထောင်စုရှစ်စု၊ မီးဘေးသင့်ဦးရေ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၅ဦးစုစုပေါင်း ၂၇ ဦးရှိကြောင်း သိရပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးခင်မောင်လွင် (၄၆ နှစ်) ကို တာပွန်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

မီးဘေးသင့်ပြည်သူများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်၊ ရဲမှူးကျော်နိုင်၊ နယ်မြေခန်းမှူး ရဲအုပ်အောင်ဇော်မိုးနှင့်တပ်ဖွဲ့ဝင်များက လာရောက်ကူညီပေးခဲ့ပြီး ယာယီတည်းခိုရန် ဆွေမျိုးများနေအိမ်သို့ ရွှေ့ပြောင်းပေးထားကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

**မိတ္ထီလာ**

မိတ္ထီလာမြို့ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ၌ ဓာတုချည်ဆိုးဆေးနမူနာပစ္စည်း များဓာတ်ပြုပြီး ဧပြီ၁၉ ရက် ညသန်းခေါင်ကျော်က မီးလောင်မှုဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံရှိ ချည်စက်ရုံ အမှတ်(၂)တွင် အရည်အသွေး စစ်ဆေးရေးအခန်းအတွင်း ဓာတုချည်ဆိုးဆေးနမူနာ ပစ္စည်းများထားသည့် စင်ပေါ်၌ ဟိုက်ဒရိုဂျင်ပါအောက်ဆိုဒ်နှင့် အက်စီတစ်အက်စစ်ဓာတ်ပြုပြီး မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ ခရိုင်မီးသတ်ဦးစီးဌာနမှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြှိမ်းသတ်ယာဉ်ခုနစ်စီး၊ ရေသယ်ယာဉ်ခုနစ်စီး၊ အထောက်အကူပြုယာဉ်နှစ်စီး၊ မီးသတ် စက်ယာဉ်တစ်စီး စုစုပေါင်း ၁၇ စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ရုံဝန်ထမ်းများက ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ ဧပြီ ၂၀ ရက် နံနက် ၁ နာရီတွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် ချည်စက်ရုံအမှတ်(၂)၏ အဆောက်အအုံရှေ့ပိုင်း မျက်နှာကြက် မီးလောင်ဆုံးရှုံးခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း ခရိုင်မီးသတ်ဦးစီးမှူးက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**ကလေး**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စက္ကန့်ကျေးရွာ စတားလေး ကျောက်ခဲစက်ရှိ အလုပ်သမားတန်းလျား ယနေ့နံနက်ပိုင်းက တောမီးမှတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်သည့်နေရာသို့ ကလေးခရိုင် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦး၊ မီးငြှိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီးဖြင့် ငြှိမ်းသတ်မှုကြောင့် မီးငြိမ်းသွားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ အမှတ် (၆) ရပ်ကွက် အောင်မြေသာ ၂ လမ်း နှင့် ၃ လမ်းကြားတွင် ယနေ့မွန်းလွဲ ၁ နာရီခွဲက ကုန်စုံဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်ဦးမြို့အမှတ်(၆)ရပ်ကွက်နေ ဦးစိုးမြင့်ပိုင်ဆိုင်သည့် ဖူးချစ်ကုန်စုံဆိုင်အတွင်းရှိ ရေခဲသေတ္တာ မီးထိန်းစက် အပူလွန်ကဲရာမှ အနီးရှိ ထရံကို မီးကူးစက်လောင်ခြင်းဖြစ်သည်။

မီးလောင်မှုဖြစ်ရာသို့ ညောင်ဦးခရိုင် မီးသတ်စခန်း၊ ပုဂံနယ်မြေမီးသတ်စခန်းနှင့် အရန်မီးသတ်စခန်းတို့မှ မီးငြှိမ်းသတ်ယာဉ် ငါးစီး၊ မီးသတ်ရေသယ်ယာဉ်နှစ်စီး၊ လူမှုကူညီရေးအသင်းများက ရေသယ်ယာဉ် ခြောက်စီးအသုံးပြု၍ မီးငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြိမ်းသွားသည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးစိုးမြင့်ပိုင်ဆိုင်သည့် နေအိမ်တစ်လုံး၊ ကုန်စုံဆိုင်အဆောက်အအုံတစ်လုံး၊ ကားဂိုဒေါင်တစ်လုံး၊ မတ်ခ်တူးယာဉ်တစ်စီးနှင့် ဆက်စပ်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့် ပတ်သက်၍ ဦးစိုးမြင့် (၇၂နှစ်)အား ညောင်ဦး မြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဖေလိန်း(ညောင်ဦး)**

## မြန်မာ့ရုပ်မြင်သံကြား

၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ပြည်ထောင်စုရာထူးဝန်အဖွဲ့" "စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန"

၁၀း၃၀ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ

၁၁း၃၀ - BBC ခံစားကြည့် (ဒေါ်ဂျာနန်ငြိမ်းဖောင်ဒေးရှင်း တောင်ငူခရီးစဉ်)

၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ချိန်တန်ပြီ"

**ညပိုင်း**

၁၅း၄၅ - "MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (Magwe FC Vs Yangon United FC)

၁၈း၃၀ - "မြင့်မိုရ်ထက်ကမဟာမေမေ"

၁၉း၁၅ - အိန္ဒိယဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၇၉)

၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ

၂၀း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန" "စက်မှုဝန်ကြီးဌာန"

# မံစီမြို့နှင့် မန္တလေးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၀**

မူးယစ်တပ်ဖွဲ့စု (၁) ဗန်းမော်မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၉ ရက် ညနေပိုင်းက မံစီမြို့နယ် မံရံ ကျေးရွာအနီး ကားလမ်းပေါ်တွင် နိုင်ဟိန်းအောင် (ခ) ဖိုးပြား မောင်းနှင်ပြီး ကွမ်းခေး (ခ) နေဇင်ထွန်းလိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၉ ပြား၊ ငွေကျပ် ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ဧပြီ ၁၉ ရက် ၀၀း၃၀ နာရီ က မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး (မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်မြေသာစံ မြို့နယ် မေယာဂီရိရပ်ကွက် အကွက်အမှတ် (၁၄၆) ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ လမ်း ၈၀ နှင့် ၈၁ လမ်းကြားရှိ တင်မောင်လွင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၁၈၀၀ ၊ ဆာလဖျူရစ်အက်စစ် သုည ဒသမ ၀၈ လီတာ၊ ဟိုက်ဒရိုကလိုရစ် အက်စစ် သုည ဒသမ ၀၆ လီတာ၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် သုည ဒသမ ၁၁ လီတာ၊ အက်စစ်တစ်အက်စစ် သုည ဒသမ ၀၅ လီတာ၊ အက်စီတုန်း သုည ဒသမ ၀၁၅ လီတာ၊ ဝမ်းဖီနိုင်း-တူးပရို ပန်နုန်း သုည ဒသမ ၀၁ လီတာ၊ အက်ဖီဒရင်း သုည ဒသမ ၀၂ ကီလို၊ ငွေကျပ်သိန်း ၂၀၀၊ ရွှေထည်မျိုးစုံဖြစ်သည့် ဆွဲကြိုးတစ်ကုံး၊ ဟန်းချိန်းတစ်ကုံး၊ လက်စွပ်တစ်ကွင်း၊ နားကပ်တစ်ရံ၊ ဘဏ်ငွေစာရင်းစာအုပ် ၁၀ အုပ်၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ် ၅၈ လမ်း ကျန်စစ်သားလမ်းနှင့် ဗန္ဓုလလမ်းကြားရှိ ကိုလှမြင့် မော်တော်ယာဉ်ပြုပြင်ရေးဆိုင်၌ တင်မောင်လွင်အပ်နှံထားသည့် မော်တော်ယာဉ်ငါးစီးကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မလှိုင်မြို့တွင် သင်္ကြန်ကာလ သေဆုံးသူတစ်ဦးနှင့် ဒဏ်ရာရရှိသူ ၅၂ ဦးရှိ

**မလှိုင် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ၁၃၈၀-၈၁ မဟာသင်္ကြန်ကာလ၌ ဆိုင်ကယ်မတော်တဆမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၅၂ ဦးရှိကြောင်း မလှိုင်မြို့နယ်ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာနေမင်းမျိုးထွန်းထံမှ သိရသည်။

ဧပြီ ၁၃ရက် သင်္ကြန်အကြိုနေ့မှ ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ထိ ထိခိုက် ဒဏ်ရာရရှိသူ ၅၂ ဦးရှိကာ များသောအားဖြင့် ဆိုင်ကယ်မတော်တဆဖြစ်၍ ဒဏ်ရာရရှိသူအများဆုံးဖြစ်ကြောင်း သိရသည်။

မဟာသင်္ကြန်ကာလအတွင်း ပြင်ပလူနာအမျိုးသား ၃၄ ဦး၊ အမျိုးသမီးသုံးဦး စုစုပေါင်း ၃၇ ဦး ရှိပြီး အတွင်းလူနာအဖြစ် အမျိုးသား ၁၃ ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၅ ဦး ရှိကာ ဆိုင်ကယ်မတော် တဆဖြစ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိ သူမှာ အတွင်းလူနာ ၁၁ ဦးနှင့် ပြင်ပလူနာ ၂၁ ဦးရှိကြောင်း သိရသည်။ ထို့ပြင် ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ ၁၆ ဦးရှိကာ အတွင်းလူနာနှစ်ဦး၊ ပြင်ပလူနာ ၁၄ ဦး ရှိကြောင်း ဒေါက်တာနေမင်းမျိုးထွန်းက ပြောသည်။

မန္တလေးမြို့နှင့် မိတ္ထီလာမြို့ရှိ ဆေးရုံ ကြီးများသို့ လွှဲပြောင်းပေးရသူ လေးဦးရှိကြောင်းနှင့် ဧပြီ ၁၄ ရက်က ဆိုင်ကယ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ကျော်ဇင်လင်း (၂၃ နှစ်) တစ်ဦးသာ သေဆုံးခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

## ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အတွင်း ဖရဲသီးတင်ကား ဘရိတ်ပေါက်၍ ယာဉ်တိုက်မှုဖြစ်

**မူဆယ် ဧပြီ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် နယ်မြေအနီး ဖရဲသီးတင်ဆောင်ထားသည့် SHN/5B------၁၂ ဘီးယာဉ်သည် ဘရိတ်ပေါက်ပြီး ရှေ့ယာဉ်ကိုဝင်တိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၉ နာရီခွဲက ၇၇၇ ပွဲရုံမှ ယာဉ်မောင်း ဦးလိုင်းပန်သည် ကုန်သွယ်ရေးဇုန် နယ်မြေအတွင်း စံချိန်ကုမ္ပဏီအနီးအရောက် ဘရိတ်ပေါက်ပြီး ရှေ့ယာဉ်၏နောက်ပိုင်းသို့ ဝင်ရောက်တိုက်မိခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုကြောင့် နောက်ယာဉ်မှ မိုင်းနောင်မိုင်းနန်းကျေးရွာနေသူ ယာဉ်မောင်း လိုင်းပန် (၂၂ နှစ်) သည် ယာဉ်ခေါင်းပိုင်းတွင် ညှပ်မိနေပြီး ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ကြောင်း သိရသည်။

**သန့်ဇင်- မူဆယ်**



ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသည့်ယာဉ်ကို တွေ့ရစဉ်။

## ရေပူစစ်ဆေးရေးအဖွဲ့ အထောက်အထားမဲ့ ပစ္စည်းများတွေ့ရှိ

**နေပြည်တော် ဧပြီ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၀၆ စီး၊ သွင်းကုန် ၂၂၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်ခုနစ်စီး၊ သွင်းကုန် ၇၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၉ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၂၅ သန်းအား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၁၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ဟီနိုးခြောက်ဘီးယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Blue Classic Beer ၁၄၅၀ ဖာနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃ ဒသမ ၂၅ သန်းအား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ ဘာလီအပြည်ပြည်ဆိုင်ရာလေဆိပ် မီးလောင်ရာ ခရီးသည်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း




**ဂျကာတာ မေ ၂၀**

အင်ဒိုနီးရှားနိုင်ငံ ဘာလီရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ရာနှင့်ချီသောခရီးသည်များ သောင်တင်ခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

မီးလောင်မှုသည် အင်ဒိုနီးရှားနိုင်ငံဘာလီရှိ အိုင်ဂစ်တီနာဂူရာရိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၅၀ တွင် မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်စဉ်ကြောင့် လေဆိပ်ရှိခရီးသည်များကို ဘေးအန္တရာယ်ကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်းနှင့် ခရီးသည်များ အန္တရာယ်ကင်းကြောင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟန်ကီအန်ကာဆာဝင်က ပြောသည်။

အပြည်ပြည်ဆိုင်ရာလေဆိပ်မီးလောင်ခဲ့သည့်အတွက် လေယာဉ်ခရီးစဉ် ၁၉ ခု ဖျက်သိမ်းခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ မီးလောင်မှုသည်လေဆိပ်အဆောက်အအုံအမှတ် (၁) ပြည်တွင်းထွက်ခွာနှင့် ဆိုက်ရောက်အဆောက်အအုံတွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးကို ယင်းနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၂၀ တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးငြိမ်းသတ်ပြီးနောက် လေဆိပ်လုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်ခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟန်ကီအန်ကာဆာဝင်က ပြောသည်။ မီးလောင်မှုဖြစ်ပွားရာ အိုင်ဂစ်တီနာဂူရာရိုင် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ပြည်တွင်းနှင့်ပြည်ပ အားလပ်ရက်ခရီးသွားပြည်သူများဖြင့် စည်ကားသည့် လေဆိပ်တစ်ခုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

လေဆိပ်တွင် မီးသတ်ကားများကို တွေ့ရစဉ်။

## ခေတ်သစ်ပိုးလမ်းမကြီးဖောက်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲကို နိုင်ငံစုံမှ ခေါင်းဆောင်များ တက်ရောက်မည်

**ပေကျင်း မေ ၂၀**

တရုတ်အစိုးရ၏ ခေတ်သစ်ပိုးလမ်းမကြီးဖောက်လုပ်မှုဆိုင်ရာ ဆွေးနွေးပွဲကို ကမ္ဘာ့နိုင်ငံပေါင်း ၃၇ နိုင်ငံမှ ခေါင်းဆောင်များတက်ရောက်မည်ဖြစ်ကြောင်း တရုတ်အစိုးရက ကြေညာလိုက်သည်။

မေ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့်အဆိုပါ ဆွေးနွေးပွဲတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က မေ ၂၆ ရက်တွင် မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။ တက်ရောက်လာသည့် နိုင်ငံတကာမှ ခေါင်းဆောင်များသည် မေ ၂၇ ရက်တွင် ဆွေးနွေးကြမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ယမန်နေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံမှ အာရှ၊ ဥရောပ၊ အာဖရိကတိုက်နိုင်ငံများကို ဆက်သွယ်ကွန်ရက်ဖြန့်ကြက်နေသည့် ခေတ်သစ်ပိုးလမ်းမကြီးစီမံကိန်းအတွင်း နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုအကြောင်း အဓိကထားဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ခါးပတ်လမ်းစီမံကိန်းမှရရှိလာသည့် အကျိုးအမြတ်များကို အားလုံးမျှဝေခံစားနိုင်ရန် နိုင်ငံစုံပါဝင်ရေးနှင့် စီးပွားရေးဈေးကွက်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် ပတ်သက်ပြီး ဘုံသဘောတူညီချက်ရရှိရန် ဆွေးနွေးသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောသည်။

ယခုနှစ်ဆွေးနွေးပွဲတွင် မြောက်ကိုရီးယားနိုင်ငံလည်းပါဝင်မည်ဟု သိရပြီး မြန်မာနိုင်ငံလည်း ပါဝင်မည်ဖြစ်သည်။ နိုင်ငံပေါင်း ၁၅၀ ကျော်က ကိုယ်စားလှယ်များ စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## သမ္မတ စီစီ၏ အုပ်ချုပ်မှုသက်တမ်းကိုချဲ့ထွင်ရန် အီဂျစ်၌ လူထုဆန္ဒခံယူပွဲ ပြုလုပ်

**ကိုင်ရို မေ ၂၀**

အီဂျစ်နိုင်ငံတွင် သမ္မတ အဗ္ဗဒယ်ဖာတာ့အယ်စီစီ၏ အုပ်ချုပ်မှုကို ပိုမိုခိုင်မာစေရန်ရည်ရွယ်ချက်ဖြင့် မဲပေးပွဲကို မေ ၂၀ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ သမ္မတ စီစီသည် မငြိမ်မသက်ဖြစ်နေသောဒေသတွင် သူ့ကိုယ်သူ တည်ငြိမ်အေးချမ်းမှု၏ အမာခံတပ်သားတစ်ဦးဟု ခံယူထားသည်။

လူ့အခွင့်အရေးအုပ်စုများက ကန့်ကွက်နေကြသော်လည်း သုံးရက်ကြာမြင့်မည့် လူထုဆန္ဒခံယူပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲရန် ကြိုးပမ်းမှုတစ်ရပ်ဖြစ်ပြီး အာရပ်ကမ္ဘာတွင် လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သည့် အီဂျစ်နိုင်ငံတွင် သမ္မတ စီစီ၏ အုပ်ချုပ်မှုသက်တမ်းကို ၂၀၂၄ ခုနှစ်အထိ တိုးချဲ့သွားနိုင်မည်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်နိုင်ခဲ့လျှင် အသက် ၆၄ နှစ်အရွယ် သမ္မတ စီစီသည် နောက်ထပ်ခြောက်နှစ်တာ တိုင်းပြည်ကို ဆက်လက်အုပ်ချုပ်သွားနိုင်မည်ဖြစ်ပြီး တရားရေးမဏ္ဍိုင်တွင်လည်း ၎င်း၏ထိန်းချုပ်မှုကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ မဲရုံများဖွင့်လှစ်သည့်အခါ သမ္မတစီစီသည် ဦးစွာမဲပေးခဲ့သည်။

အာရပ်နွေဦးလှုပ်ရှားမှု စတင်သည့် ၂၀၁၁ ခုနှစ်တွင် အာဏာရှင် ဟိုစနီမူဘာရက်ကို ဖြုတ်ချခဲ့ပြီးနောက် မိုဟာမက်မော်စီက ရာထူးဆက်ခံခဲ့ပြီး ၎င်းနောက်တွင် လက်ရှိသမ္မတ စီစီက အာဏာရရှိလာခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မော်စီကို ဖြုတ်ချခဲ့ပြီးနောက် သမ္မတ စီစီသည် ၎င်း၏ ပထမဦးဆုံးသမ္မတသက်တမ်းကို တာဝန်ထမ်းဆောင်ခဲ့သည်။



အီဂျစ်ပြည်သူတစ်ဦး မဲပေးနေသည်ကို တွေ့ရစဉ်။

၂၀၁၈ ခုနှစ် မတ်လတွင် ၉၇ ရာခိုင်နှုန်း ထောက်ခံမှုဖြင့် ဒုတိယသက်တမ်းကို တာဝန်ထမ်းဆောင်ခဲ့သည်။ သမ္မတစီစီ၏ အစိုးရသည် အတိုက်အခံများအပေါ် ဖိနှိပ်မှုကြောင့် အပြည်ပြည်ဆိုင်ရာမှ လေ့လာသူများ၏ဝေဖန်မှုကိုခံနေရသည်။

**အေအက်ဖ်ပီ**

## ပြင်သစ်သမ္မတ မက်ခရွန် ဆီးရီးယားကာ့ဒ်များနှင့် တွေ့ဆုံခဲ့မှု တူရကီ ရှုတ်ချ

**ပါရီ မေ ၂၀**

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် ဆီးရီးယားရှိ အိုင်အက်စ်အကြမ်းဖက်သမားများကို နှိမ်နင်းခဲ့သည့် ကာ့ဒ်ဦးဆောင်သည့် တပ်ဖွဲ့ဝင်ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့သည့်အတွက် တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ဒေါသထွက်လျက်ရှိကြောင်း သိရသည်။

ပြင်သစ်သမ္မတ မက်ခရွန်က ကာ့ဒ်သံတမန်များကို အကြမ်းဖက်သမားများအား တိုက်ထုတ်ရာတွင် အားထုတ်ခဲ့မှုအပေါ် အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။

တူရကီဘက်ကမူ ပြင်သစ်ခေါင်းဆောင်များသည် အကြမ်းဖက်အဖွဲ့အစည်းတစ်ခုကို တရားဝင်အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် ကြိုးပမ်းမှုတစ်ရပ်ဟုစွပ်စွဲခဲ့ကြသည်။ ဆီးရီးယားဒီမိုကရက်တစ်တပ်ဦးဟု အမည်ရသည့် ကာ့ဒ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ကို ပြင်သစ်သမ္မတက လက်ခံတွေ့ဆုံခဲ့မှုကို ရှုတ်ချကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဟာမီအက်ခ်ဆွိုင်းက ပြောသည်။

မတ်လနှောင်းပိုင်းက အမေရိကန်က ကျောထောက်နောက်ခံပြုထားသော ဆီးရီးယားဒီမိုကရက်တစ် တပ်ဦးသည် ဆီးရီးယားရှိ အိုင်အက်စ်တိုက်ခိုက်ရေးသမားအကြွင်းအကျန်များကို တိုက်ထုတ်ခဲ့သည်။

သို့သော် အကြမ်းဖက်သမားအကြွင်းအကျန်များ ရှိနေနိုင်သေးကြောင်း ကာ့ဒ်ဦးဆောင်သောတပ်ဖွဲ့ဝင်များက သတိပေးထားဆဲဖြစ်သည်။

ဆီးရီးယားဒီမိုကရက်တစ်တပ်ဦးသည် အိုင်အက်စ်တို့ကို နှိမ်နင်းရာတွင် အနောက်အုပ်စု၏ အဓိက မဟာမိတ်ဖြစ်ပြီး အိုင်အက်စ်တို့ကို မြေပြင်တွင် တိုက်ခိုက်ရာတွင် အင်တိုက်အားတိုက် ပါဝင်ခဲ့သည်။

**အေအက်ဖ်ပီ**



ဆီးရီးယားဒီမိုကရက်တစ်တပ်ဦးမှ တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

## ကလေးများကို နှိပ်စက်ညှဉ်းပန်းမှု၊ အကျဉ်းချထားမှုတို့ဖြင့် မိဘများကို ထောင်ဒဏ် ၂၅ နှစ်ချမှတ်

**လော့စ်အိန်ဂျလိစ် မေ ၂၀**

အသက် ၅၇ နှစ်ရှိ ဒေးဗစ်တာပင်နှင့် ၎င်း၏ဇနီးဖြစ်သူအသက် ၅၀ ရှိ လူးဝစ်တာပင်တို့ကို နှိပ်စက်ညှဉ်းပန်းမှုတစ်ခု၊ ဖမ်းဆီးအကျဉ်းချထားမှုလေးမှု၊ အရွယ်ရောက်ကလေးအပေါ် ရက်စက်ကြမ်းကြုတ်မှုခြောက်မှု၊ ကလေးများအပေါ် ရက်စက်ကြမ်းကြုတ်မှုသုံးမှုတို့ဖြင့်စွဲချက်တင်ခဲ့ပြီး အပြစ်ရှိကြောင်း တွေ့ရှိကာ တရားရုံးက ထောင်ဒဏ် ၂၅ နှစ် အမိန့်ချမှတ်လိုက်သည်။

လော့စ်အိန်ဂျလိစ်အရှေ့ဘက်မိုင် ၇၀ ခန့်ကွာဝေးသည့် ရက်စက်ကြမ်းကြုတ်မှုများ ပြည့်နေသော ၎င်းတို့အိမ်လေးမှအသက် ၁၇ နှစ်အရွယ် ကလေးမလေးထွက်ပြေးကာ ရဲတပ်ဖွဲ့အရေးပေါ်ဖုန်း ၉၁၁ ကို ခေါ်ခဲ့ပြီးနောက်ပိုင်း ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် ၎င်း၏ဖခင်ကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကလေးမလေးက ၎င်းနှင့် ၎င်း၏မောင်၊ အစ်ကို ၁၂ယောက်တို့ကို ခားစာခံများသဖွယ်ဖမ်းဆီးထားပြီး ချိန်းကြိုးများ၊ သော့များဖြင့်ခတ်ထားကြောင်း ရဲကိုပြောပြခဲ့သည်။ ၎င်းသည် အဆိုပါအိမ်မှ ထွက်ပြေးရန် နှစ်နှစ်တိုင်တိုင် ကြံစည်ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။ ဖမ်းဆီးထားသော ကလေးများကိုလည်း တစ်နှစ်မှ တစ်ခါသာ ရေချိုးခွင့်ပြုထားကြောင်း၊ ပထမပိုင်းတွင်ကြိုးများဖြင့် တုပ်ထားပြီး နောက်ပိုင်းတွင် ခားစာခံများသဖွယ် သံချိန်းကြိုးများဖြင့် သော့ခတ်အပြစ်ပေးထားကြောင်း၊ မိဘများသည် အရုပ်များ၊ ဗီဒီယိုများ၊ အစားအစာနှင့်အခြားပစ္စည်းများ ဝယ်ယူလေ့ရှိသော်လည်း ကလေးများကို သုံးစွဲခွင့်မပြုကြောင်း သိရသည်။

ထွက်ပြေးသွားသောကလေးမလေးမှာ အခုတော့ လွတ်လပ်သွားပြီဖြစ်ကြောင်း၊ ၎င်း၏မိဘများကိုချစ်မြဲစိုးကြောင်း၊ ၎င်းတို့ကိုခွင့်လွှတ်ဖို့လည်း တောင်းပန်ကြောင်း၊ ထို့အပြင်မိဘများကသူတို့အပေါ် ကျူးလွန်ခဲ့သည်များကိုလည်း ခွင့်လွှတ်ကြောင်း၊ အခုတော့လောကကြီးသည် အလွန်သာယာကြောင်း ပြောကြားသည်။ ၎င်း၏မိဘများကလည်း ကလေးများကို ချစ်လွန်း၍ အခုလိုဖြစ်သွားကြောင်း၊ ကလေးများကို ထိခိုက်ဖို့မရည်ရွယ်ကြောင်း မျက်ရည်များကိုသုတ်လျက် ပြောကြားသည်။ **ဆင်ဟွာ**

# ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေး ဆက်လက်ကြိုးစားနေဦးမယ့် အမေရိကန်

ထွန်းသစ်စ

**အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက မြောက်ကိုရီးယားနဲ့ ညှိနှိုင်းမှုမှာ သူ့တွင် တာဝန်ရှိသေးကြောင်း၊ မြောက်ကိုရီးယားက သူ့ကို ညှိနှိုင်းဆွေးနွေးမှုက ဘယ်လိုပဲ ဖယ်ထုတ်ချင်သော်လည်း သူ့အနေနဲ့ ဂျပန်နဲ့အနီးကပ်ပူးပေါင်းပြီး မြောက်ကိုရီးယားနဲ့ သဘောတူညီချက်တစ်စုံတစ်ရာရရှိအောင် လုပ်ဆောင်ချင်နေသေးတယ်လို့ နိုင်ငံတကာသတင်းတစ်ခုမှာ ဖတ်လိုက်ရပါတယ်။ ဒီလိုအခြေအနေကို လေ့လာကြည့်မယ်ဆိုရင် အမေရိကန်ဟာ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စ မြောက်ကိုရီးယားနဲ့ သဘောတူညီချက်တစ်ခုခုရရှိအောင် လုပ်ဆောင်ချင်နေသေးတယ်ဆိုတာကို တွေ့ရှိရပါတယ်။**



အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး မိုက်ပွန်ပီအိုနှင့် ဂျပန်နိုင်ငံခြား ရေးဝန်ကြီး တာရိုကိုနိုတို့ တွေ့ဆုံစဉ်။

**လမ်းဖွင့်ပေးထား**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ အမေရိကန်နိုင်ငံ ဝါရှင်တန်မှာ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေ၊ ကာကွယ်ရေးဆိုင်ရာ အကြီးအကဲတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ မြောက်ကိုရီးယားနဲ့ အမေရိကန်ဆက်ဆံရေး ခပ်တန်းတန်းဖြစ်နေချိန်မှာ မိုက်ပွန်ပီအိုအနေနဲ့ အမေရိကန်ထိပ်တန်းသံတမန်တစ်ဦးကို "မြောက်ကိုရီးယားဘက်က မဆင်မခြင်လုပ်ဆောင်တယ်။ ရင့်ကျက်မှုမရှိဘူး" ဆိုပြီး ပြောကြားခဲ့တဲ့အပေါ် အတော်လေး ကသိကအောက်ဖြစ်ခဲ့ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုအနေနဲ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို မြောက်ကိုရီးယားနဲ့ သဘောတူညီချက် တစ်စုံတစ်ရာရရှိအောင် တိုက်တွန်းဦးမှာပါ။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအပေါ် သဘောထားပျော့ပျောင်းစွာ လမ်းဖွင့်ပေးထားတယ်လို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း ဝန်ခံပြောကြားခဲ့ပါတယ်။

**တာဝန်ရှိတယ်လို့ ခံယူ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ ငယ်ရွယ်တဲ့ မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနဲ့ လွန်ခဲ့တဲ့နှစ် ဖေဖော်ဝါရီလက ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ နျူကလီးယားကင်းစင်ရေး တွေ့ဆုံဆွေးနွေးခဲ့သော်လည်း နှစ်နိုင်ငံကြား သဘောတူညီချက်မရဘဲ မတင်မကျနဲ့ ပြီးဆုံးခဲ့ရပါတယ်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စမှာ အမေရိကန်အနေနဲ့ လက်လျှော့သွားမှာမဟုတ်သလို "မိမိတို့ဘက်က ဘာမှပြောင်းလဲမှုမရှိဘူး။ ဆက်လက်လုပ်ဆောင်သွားမယ်"လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

မြောက်ကိုရီးယားနဲ့ သဘောတူညီချက်တစ်စုံတစ်ရာရရှိအောင် ဆွေးနွေးမှုတွေလုပ်ဆောင်တဲ့နေရာမှာ ၎င်းအနေနဲ့ တာဝန်ရှိနေသေးတယ်လို့ ခံယူထားကြောင်း၊ အထူးသဖြင့် အမေရိကန် သမ္မတဒေါ်နယ်ထရမ့်ကတော့ ဒီအရေးမှာ အဓိကတာဝန်အရှိဆုံးဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ဆက်လက်ပြောကြားခဲ့ပါတယ်။

**ဆက်လက်ဦးဆောင်သွားမယ်**

မြောက်ကိုရီးယားနျူကလီးယားကင်းစင်ရေးနဲ့ ပတ်သက်ပြီး အမေရိကန်နဲ့ မြောက်ကိုရီးယားနှစ်နိုင်ငံကြား တင်းမာမှုတွေ လျော့နည်းလာပြီး ဆွေးနွေးပွဲအောင်မြင်ရေးအတွက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာ မြောက်ကိုရီးယားနိုင်ငံကို လွန်ခဲ့တဲ့နှစ်က လေးကြိမ်တိုင်တိုင်သွားရောက်ခဲ့တယ်လို့ သိရပါတယ်။

မြောက်ကိုရီးယားခေါင်းဆောင်အနေနဲ့ အချိန်ကာလ ဆယ်စုနှစ်အတော်များများ အချိန်ယူတည်ဆောက်ခဲ့တဲ့ နျူကလီးယားကို စွန့်လွှတ်ဖို့ သူ့ရဲ့ကတိတွေကို အေးခဲစေခဲ့တဲ့ သဘောတူညီချက်ဆိုတာကြီးကို မိုက်ပွန်ပီအိုကတော့ မျှော်လင့်နေတုန်းရှိပါသေးတယ်။ မိုက်ပွန်ပီအိုအနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် စိတ်မကုန်ဇွဲမလျှော့ဘဲ ခဲလေသမျှ သဲထဲရေကျမဖြစ်ရအောင် အတတ်နိုင်ဆုံးကြိုးစားချင်နေတဲ့ပုံပါပဲ။

"မိမိတို့အနေနဲ့ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ ရလဒ်ကောင်းတွေရရှိမယ့် တကယ့်အခွင့်အရေးတွေ ရှိနေသေးတယ်။ မိမိတို့သံတမန်အဖွဲ့ဟာ ရလဒ်ကောင်းတွေရအောင် ဆက်လက်ဦးဆောင်သွားမှာဖြစ်တယ်"ဟု မိုက်ပွန်ပီအိုက ပြောပါတယ်။

**လုပ်ဆောင်ချင်နေပုံရ**

မိုက်ပွန်ပီအိုက မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုတွေပြုလုပ်ဖို့ ဆန္ဒထက်သန်နေသော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ မြောက်ကိုရီးယားနဲ့ ချစ်ကြည်ခင်မင်မှု မပျက်ချင်ကြောင်း စောင်းပါးရိပ်ခြည် ပြောကြားခဲ့ပါတယ်။

ဂျပန်နိုင်ငံရဲ့နိုင်ငံခြားရေးမူဝါဒဟာ အမေရိကန်နဲ့ နီးကပ်စွာ ဆက်သွယ်တည်ရှိနေသော်လည်း တစ်နည်းဆိုရသော် ဂျပန်နိုင်ငံဟာ ကိုရီးယားကျွန်းဆွယ်လုံးဝနျူကလီးယားကင်းစင်အောင် အမေရိကန်ကို ထောက်ခံနေသော်လည်း ဒီအပေါ် ဂျပန်နိုင်ငံက သတိထားဆောင်ရွက်နေတာကို တွေ့ရပါတယ်။

ကွန်ဆာဗေးတစ်တစ်ဦးဖြစ်သူ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ၁၉၇၀ ပြည့်လွန်နှစ်များနဲ့ ၁၉၈၀ ပြည့်လွန်နှစ်များမှာ ဂျပန်နိုင်ငံသားတွေကို ပြန်ပေးဆွဲခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံကို ပြင်းထန်တဲ့အရေးယူမှုတွေ လုပ်ဆောင်ချင်နေပုံရပါတယ်။

**ပီယဝါစာ ဆိုချင်**

သို့သော်လည်းဘယ်လိုပဲဖြစ်ဖြစ် ကောင်းမွန်တဲ့ အခွင့်အရေးသာရှိမယ်ဆိုရင် သူ့အနေနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနဲ့တွေ့ဆုံဖို့ ဆန္ဒရှိတယ်လို့ ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက ဝါရှင်တန်ဆွေးနွေးပွဲမှာ ပြောကြားခဲ့ပါတယ်။

"မြောက်ကိုရီးယားနိုင်ငံက ဒီဒုံးကျည်တွေ၊ နျူကလီးယားတွေနဲ့ ပြန်ပေးဆွဲမှုတွေအပေါ် ဂရုတစိုက်ဖြစ်လာမယ်ဆိုရင်တော့ ဂျပန်နိုင်ငံကလည်း မြောက်ကိုရီးယားနိုင်ငံနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး ပြန်လည်တည်ဆောက်ဖို့ အဆင်သင့်ဖြစ်နေပါတယ်" ဟု ကိုနိုက ပြောပါတယ်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ နောက်တစ်ပတ်ထဲမှာ အမေရိကန် သမ္မတဒေါ်နယ်ထရမ့်နဲ့တွေ့ဆုံဖို့ ဝါရှင်တန်ကို သွားရောက်လည်ပတ်မှာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နဲ့ နှစ်သက်ကောင်းမွန်ဖွယ် ပီယဝါစာဆိုချင်တဲ့ သဘောပဲဖြစ်ပါတယ်။ ထို့အတူပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နဲ့ သူ့ရဲ့ဇနီး မယ်လနီယာ ထရမ့်တို့ဟာ လာမယ့်လထဲမှာ ဂျပန်နိုင်ငံကို သွားရောက်မယ်လို့လည်း သိရပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ဇနီးမောင်နှံဟာ ဂျပန်ဧကရာဇ်အဖြစ် နာရူဟီတိုထီးနန်းရယူပြီးနောက်မှာ ဂျပန်နိုင်ငံကို သွားရောက်တဲ့ ပထမဆုံးဧည့်သည်များပဲဖြစ်ပါတယ်။

**စိတ်ဝင်စားစရာကောင်း**

လာမယ့်ဇွန်လအတွင်း ဂျပန်နိုင်ငံ အိုဆာကာမြို့မှာ ဂျီ-၂၀ စီးပွားရေးဆွေးနွေးပွဲကို ကျင်းပသွားမှာဖြစ်သော်လည်း အမေရိကန် သမ္မတဒေါ်နယ်ထရမ့် အဲဒီဆွေးနွေးပွဲကို တက်ရောက်မှာလား၊ မတက်ရောက်ဘူးလားဆိုတာကတော့ မကျိန်းသေသေးပါဘူး။

နိဂုံးချုပ်ဆိုရသော် အမေရိကန်နိုင်ငံကတော့ ဂျပန်နိုင်ငံနဲ့ နီးကပ်စွာ ပူးပေါင်းပြီး ကိုရီးယားကျွန်းဆွယ် လုံးဝနျူကလီးယားကင်းစင်ဖို့အတွက် ဆက်လက်လုပ်ဆောင်နေဦးမှာဖြစ်သလို ဂျပန်နိုင်ငံကလည်း မြောက်ကိုရီးယားနိုင်ငံကသာ သူ့ရဲ့ ဒုံးကျည်ကိစ္စကို အသေအချာအာရုံစိုက်လိုက်မယ်ဆိုပါက ကောင်းမွန်တဲ့ ဆက်ဆံရေးထူထောင်သွားဖို့ အဆင်သင့်ပါပဲ။ ဒီလိုအနေအထားမှာ ရှေ့ဘာတွေ ဆက်ဖြစ်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းလှပါကြောင်း။ ။

**ကိုးကား - အေအက်ဖ်ပီ**

## နိုင်ငံတကာသတင်းတိုထွာ

### မက္ကဆီကိုနိုင်ငံတွင် ပါတီပွဲ၌ သေနတ်သမား ပစ်ခတ်မှုကြောင့် ၁၃ ဦး သေဆုံး

**မက္ကဆီကိုစီးတီး မေ ၂၀**

မက္ကဆီကိုနိုင်ငံအရှေ့ပိုင်းရှိ ဗီရာခရုဇ်တွင် မေ ၁၉ ရက်က ပါတီပွဲကျင်းပနေစဉ်အတွင်း သေနတ်သမားတစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် ကလေးတစ်ဦးအပါအဝင် ၁၃ ဦး သေဆုံးခဲ့ကြောင်း မက္ကဆီကို အာဏာပိုင်များက ပြောသည်။ ပြည်သူ့လုံခြုံရေးအတွင်းရေးမှူးရုံးက သေနတ်သမားသည် မိသားစုတွေ့ဆုံပွဲတစ်ခုသို့ ရောက်ရှိလာပြီး ဘားတစ်ခုပိုင်ရှင်ဖြစ်သည့် အယ်ဘက်ကီကို သိရှိသလားဟု မေးမြန်းခဲ့သည်။

ထိုသို့မေးမြန်းပြီးနောက် သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများမှာ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ငါးဦး၊ ကလေးတစ်ဦးဖြစ်ပြီး လေးဦးဒဏ်ရာရရှိခဲ့သည်။ ၂၀၁၆ ခုနှစ်မှစတင်ကာ မက္ကဆီကိုအစိုးရမှ မူးယစ်ဆေးမှောင်ခိုကူးခြင်းကို နှိမ်နင်းရန် လုပ်ဆောင်နေစဉ်အတွင်း လူဦးရေတစ်သန်းတွင် လေးပုံပုံတစ်ပုံမှာ အသတ်ခံရကြောင်း သိရသည်။

**အေအက်ဖ်ပီ**

### အိန္ဒိယတွင် ရထားလမ်းချော်ရာ ၁၃ ဦးထက်မနည်း ဒဏ်ရာရရှိ

**နယူးဒေလီ မေ ၂၀**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်တွင် မေ ၂၀ ရက် အစောပိုင်းက ခရီးသည်တင်ရထားတစ်စင်း လမ်းချော်ခဲ့ရာ ခရီးသည်အနည်းဆုံး ၁၃ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

အရာရှိများ၏ အဆိုအရ ရထားတွဲ ၁၂ တွဲပါ နယူးဒေလီသို့ ခုတ်မောင်းလာသည့်ရထားသည် ကမ်ပါစီရင်စုကမ်ပါနာဂါအနီးတွင်ရထားလမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရထားလမ်းချော်ရာနေရာသည် ဥတ္တရပရာဒေ့ရှ်မြို့တော် လက်ခ်နောင်းအနောက်ဘက် ၁၀၃ ကီလိုမီတာအကွာတွင်တည်ရှိသည်။

ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သေဆုံးသူရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။ ရဲတပ်ဖွဲ့၏ အဆိုအရ ရထားသည် ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် လမ်းချော်ခဲ့ကြောင်း သိရသည်။ သက်ဆိုင်ရာအရာရှိများက ရထား ၁၃ စင်းကို လမ်းကြောင်းပြောင်းပေးခဲ့ပြီး တစ်စင်း၏ ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရကြောင်း ပြောသည်။

ရထားလမ်းချော်သည့် အပိုင်းသည် ပြုပြင်လျက်ရှိသောကြောင့် မကြာမီရထားများ ပုံမှန်အတိုင်း သွားလာနိုင်တော့မည်ဖြစ်သည်။ အမျိုးသား သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုအဖွဲ့လည်း အဆိုပါ ရထားလမ်းချော်ခဲ့သည့်နေရာသို့ ရောက်ရှိလာခဲ့သည်။ အိန္ဒိယအစိုးရသည်ရထားလမ်းများ တိုးတက်ကောင်းမွန်ရန်နှင့် ရထားလိုင်းများအဆင်ပြေစေရန်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၃၇ သန်း ရင်းနှီးမြှုပ်နှံခဲ့ကြောင်း ၂၀၁၅ ခုနှစ်က ကြေညာခဲ့သည်။

**ဆင်ဟွာ**

## မိုးညှင်း၌ ပုညရှင်စက္ကူပါလ မျက်စိကုဆေးရုံသစ်ဖွင့်ပွဲ ကျင်းပ၊ မျက်စိဝေဒနာရှင်များအား စတင်ကုသပေး

**မိုးညှင်း ဧပြီ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့ပုညရှင်တောရ အပြည်ပြည်ဆိုင်ရာဝိပဿနာရိပ်သာ၏ ဦးစီးပဓာနဆရာတော် ဒေါက်တာအရှင်ကစ္စာယန၏ ဦးဆောင်မှုဖြင့် အများပြည်သူစုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့သည့် ပုညရှင်စက္ကူပါလ မျက်စိကုဆေးရုံဖွင့်ပွဲကို ဧပြီ ၁၇ ရက်က အဆိုပါမျက်စိကုဆေးရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် သဃ်မိတ္တာသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာလေးများက ရှစ်လုံးဖွဲ့ကဗျာဖြင့် ရွတ်ဖတ်ပူဇော်ခြင်း၊ ရွှေတံဆိပ်များရှင် နိုင်ငံကျော်တေးသံရှင် အဆိုတော်မေသက်ထားဆွေက ရတုပိုဒ်စုံတေးထပ်တို့ဖြင့် သီကျူးပူဇော်ခြင်းနှင့် ရန်ကုန်မြို့ ကမ္ဘာအေးယဉ်ကျေးမှုနှင့် အဘိဓမ္မာသင်တန်းမှူး ဆရာတော်အရှင်ဝါယမသာရက ဂါထာတော်ဖြင့် ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့သည်။

ယင်းနောက် ဒေါက်တာအရှင်ကစ္စာယနနှင့် တာဝန်ရှိသူများက မျက်စိဆေးရုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ယခုဖွင့်လှစ်လိုက်သည့် ပုညရှင်စက္ကူပါလ မျက်စိကုဆေးရုံကြီးသည် ၂၀၁၇ခုနှစ် ဇွန်လမှ စတင်တည်ဆောက်ခဲ့ပြီး စုစုပေါင်းကုန်ကျငွေကျပ်သိန်းပေါင်း ၄၃၀၀ ကျော် အကုန်အကျခံတည်



မိုးညှင်းမြို့ပုညရှင် စက္ကူပါလ မျက်စိကုဆေးရုံ ဖွင့်ပွဲကျင်းပစဉ်။

ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကုန်ကျငွေများကို အများပြည်သူများက စုပေါင်းထည့်ဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

ဆေးရုံသစ်ဖွင့်ပွဲနှင့်အတူ မျက်စိဝေဒနာရှင်များကို ဧပြီ ၁၇ ရက်မှစတင်၍ ၂၄ရက်အထိ မျက်စိဝေဒနာရှင် ၃၀၀၀ ကျော်ကို စမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုအပ်သည့် လူနာများကို ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ အခမဲ့ ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပုညရှင်စက္ကူပါလဆေးရုံသည် ၂၀၁၇ ခုနှစ်တွင်မျက်စိဝေဒနာရှင် ၂၅၀၀ကျော်၊ ၂၀၁၈ ခုနှစ်တွင် ၃၀၀၀ကျော်ကုသပေးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း မျက်စိဝေဒနာရှင် ၃၀၀၀ကျော်ကို မျက်စိစမ်းသပ်ခြင်းနှင့်လိုအပ်ပါက ခွဲစိတ်ခြင်းများကိုလည်း အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါ စက္ကူပါလအသင်းမှ သိရသည်။

**ကျော်ကျော်ထွေး(မိုးညှင်း)**

## ကယားပြည်နယ်အတွင်းရှိ ပြည်သူများအား အခမဲ့ဆေးဝါးကုသပေးမည်

**မယ်စဲ့ ဧပြီ ၂၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားကျန်းမာရေးကွန်ရက်က ဦးစီးပြီး ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများနှင့် ဒေသခံစေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခြင်းကို ဧပြီ၂၇ ရက်တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မယ်စဲ့မြို့နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ သွားရောက်ဆေးကုသမှုခံယူနိုင်ပြီး ဆေးကုသမည့်လူနာများ ခေတ္တတည်းခိုနိုင်ရေးအတွက် သာသနာ့ဗိမာန်တွင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယင်းသို့ ဆေးကုသမှုဆောင်ရွက်ရာတွင် ကုသပေးမည့်ရောဂါများမှာ အထွေထွေ၊ ခွဲစိတ်၊ ကလေးအထူးကု၊ အရိုး၊ သွားနှင့်ခံတွင်း၊ သားဖွားမီးယပ်၊ အရေပြားရောဂါများဖြစ်ပြီး အဆိုပါရောဂါများ သွားရောက်ကုသလိုသူ လူနာများသည် ဧပြီ ၂၇ ရက်တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမသို့ ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးအတွင်း လေပြင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသော မြို့နယ်ကိုးမြို့နယ်၌ ငွေကျပ်သိန်း ၃၅၀ ကျော်ရှိ ဆန်ရိက္ခာ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**မကွေး ဧပြီ ၂၀**

မတ် ၃၀ရက်မှ ဧပြီ ၁၈ ရက်အထိ ဖြစ်ပွားခဲ့သော လေပြင်းတိုက်ခတ်မှု များကြောင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်ကိုးမြို့နယ် ကျေးရွာပေါင်း ၇၃ ရွာတွင် လူနေအိမ်နှင့် ဘာသာရေးအဆောက်အအုံပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆန်ရိက္ခာ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်း တန်ဖိုးငွေကျပ်သိန်း ၃၅၀ ကျော် ထောက်ပံ့ခဲ့သည်။

လေပြင်းတိုက်ခတ်မှုများကြောင့် လူနေအိမ် ၃၃ လုံးနှင့် ဘာသာရေးအဆောက်အအုံတစ်ခု ပြိုကျပျက်စီးခဲ့ပြီး လူနေအိမ် ၅၇၉ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၃ လုံးတို့ တစ်စိတ်တစ်ပိုင်း ပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ လေဘေးသင့် အိမ်ထောင်စု ၆၁၂ စု၊ လူဦးရေ ၁၇၉၇ ဦးရှိကာ ပျက်စီးဆုံးရှုံးမှု တန်ဖိုးငွေကျပ် ၂၉၁၀၂၉၅၀ ရှိခဲ့ခြင်းကြောင့် ငွေကျပ် ၃၅၄၀၃၆၃၉ တန်ဖိုးရှိ ထောက်ပံ့မှုများ လုပ်ဆောင်ထားကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

"ဒီလအတွင်းမှာ လေပြင်းတိုက်ခတ်မှုက ဖြစ်လေ့ဖြစ်ထရှိပါတယ်။ ဒီလိုဖြစ်တဲ့အခါမှာလည်း ဘေးသင့်ပြည်သူတွေ လက်ထဲကို ကယ်ဆယ်ရေးပစ္စည်းတွေ၊ ရန်ပုံငွေတွေ အချိန်မီရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါတယ်။ အိမ်ဆောက် ပစ္စည်းတွေအတွက်တော့ ငွေကိုပဲလိုချင် ကြတဲ့အတွက် ငွေသားပဲ ထောက်ပံ့ပေးပါတယ်။ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကျေးရွာတွေမှာ ပညာပေးဟောပြောပွဲတွေ ဆက်လက်ဆောင်ရွက်သွားပါမယ်" ဟု တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ပြောသည်။

မတ် ၃၀ ရက်က မကွေးမြို့နယ် ငါးဆောင်ကျေးရွာ၊ မတ် ၃၁ ရက်က ပွင့်ဖြူမြို့နယ် ရေဖြူတွင်းကျေးရွာ၊ ဧပြီ ၁ရက်က သရက်မြို့နယ် စက်တောင်ကျေးရွာ၊ ဧပြီ ၂ ရက်က ကံမမြို့နယ်အတွင်း ကျေးရွာလေးရွာ၊ ဧပြီ ၅ ရက်က ဂန့်ဂေါမြို့နယ် ညောင်လယ်ကျေးရွာ၊ ဧပြီ ၆ ရက်က ပခုက္ကူမြို့နယ်အတွင်းမှ ကျေးရွာ ၁၀ ရွာနှင့် ဂန့်ဂေါမြို့နယ် ဖုန်းဆိုကြယ်ကျေးရွာ၊ ဧပြီ ၇ ရက်က သရက်မြို့နယ်အတွင်းမှ ကျေးရွာ ခြောက်ရွာ၊ ဧပြီ ၈ ရက်က ပေါက်မြို့နယ် ဝန်တင်ကျေးရွာတို့တွင် လေပြင်းများ တိုက်ခတ်၍ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။



လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန် ပြင်ဆင်နေစဉ်။

လေပြင်းတိုက်ခတ်မှုများ ရှစ်ရက်ကြာရပ်တန့်သွားခဲ့ပြီးနောက်ပိုင်း ဧပြီ ၁၇ ရက်တွင် မကွေးမြို့နယ် ဖိုဝေးကျေးရွာနှင့် ဆူးပြစ်စမ်းကျေးရွာ၊ ပေါက်မြို့နယ်ရှိ ကျေးရွာ၁၆ရွာ၊ တောင်တွင်းကြီးမြို့နယ်ရှိ ကျေးရွာ၁၈ ရွာတို့တွင် လေပြင်းများ ပြန်လည်တိုက်ခတ်ခဲ့ကြောင်း၊ ဧပြီ ၁၈ ရက်တွင် ဂန့်ဂေါမြို့နယ်ရှိ ကျေးရွာ နှစ်ရွာ၊ ပေါက်မြို့နယ်ရှိ ကျေးရွာ သုံးရွာနှင့် မြိုင်မြို့နယ်ရှိ ကျေးရွာခြောက်ရွာတို့တွင် လေပြင်းတိုက်ခတ်၍ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဒေသဆိုင်ရာတာဝန်ရှိသူများက ကူညီထောက်ပံ့မှုများနှင့် လေဘေးသင့်မှုဆိုင်ရာ စာရင်းကောက်ယူမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်လေးခု၌ လူထုဗဟိုပြုအခြေခံအဆောက်အအုံ ၆၆၆ ခု ဆောင်ရွက်နေ

**မကွေး ဧပြီ ၂၀**

ကမ္ဘာ့ဘဏ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မကွေးတိုင်းဒေသကြီးအတွင်း မင်းတုန်း၊ ပေါက်၊ ထီးလင်း၊ ဆောမြို့နယ်လေးမြို့နယ်တွင် လူထုဗဟိုပြုအခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်း ၆၆၆ ခုကို ငွေကျပ်သန်း ၈၃၂၀ ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းခွဲ ၁၂၄ ခု ပြီးစီးနေပြီဖြစ်ကြောင်း တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးသန်းထိုက်ဇော်က ပြောသည်။

လူထုဗဟိုပြုစီမံကိန်းကို ကမ္ဘာ့ဘဏ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်တစ်မြို့နယ်လျှင် လေးနှစ်ဆက်တိုက် ငွေကြေးထောက်ပံ့ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လမ်းလုပ်ငန်း ၁၈၉ ခု၊ တံတားလုပ်ငန်း ၁၉ ခု၊ ရေပေးရေးလုပ်ငန်းအခု ၅၀၊ မီးလင်းရေးလုပ်ငန်း ၂၂၄ ခု၊ စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ၈၅ ခု၊ စာသင်ကျောင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်းတစ်ခု၊ ဘက်စုံသုံး ခန်းမတည်ဆောက်ခြင်း လုပ်ငန်း ၆၁ ခု၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ၂၆ ခု၊ လမ်းဘေးကျောက်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်းခြောက်ခု၊ အားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်းငါးခုတို့ကို ငွေကျပ် ၈၃၂၀ သန်း ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ လမ်းလုပ်ငန်း ၄၁ ခု၊ တံတားလုပ်ငန်းလေးခု၊ ရေပေးရေးလုပ်ငန်းခြောက်ခု၊ မီးလင်းရေးလုပ်ငန်း ၅၈ ခု၊ စာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်းနှစ်ခု၊ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းနှစ်ခု၊ မြေထိန်းနံရံနှင့် ရေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းခြောက်ခု၊ လမ်းဘေးကျောက်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းတစ်ခု၊ အားကစားကွင်းတည်ဆောက်ခြင်းလုပ်ငန်းလေးခု ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဖြင့် မင်းတုန်း၊ ပေါက်၊ ထီးလင်း၊ ဆောမြို့နယ်အတွင်းရှိ ကျေးရွာအားလုံး၌ ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် အခြေခံအဆောက်အအုံလုပ်ငန်း ၆၃၅ ခုကို စီမံကိန်းထောက်ပံ့ငွေကျပ် ၆၉၀၄ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၉၁ ဒသမ ၂၆၄ သန်းတို့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် စီမံကိန်းဝန်ထမ်းများ၏ နည်းပညာထောက်ပံ့မှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာလူထုကိုယ်တိုင် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## တောပုကျေးရွာ၌ ကျောက်ရောမြေသားလမ်းပြီးစီး

**မော်လမြိုင်ကျွန်း ဧပြီ ၂၀**

လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေရေးအတွက် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် အုတ်တွင်းမြို့နယ် တောပုကျေးရွာကျောက်ရောမြေသားလမ်းမကြီးအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေမှ ငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ တို့ဖြင့် အကောင်အထည်ဖော် တည်ဆောက်ခဲ့ကြရာ ကျောက်ရောမြေသားလမ်းတည်ဆောက်ပြီးစီးခဲ့သည်။

ယင်းကျောက်ရောမြေသားလမ်း တည်ဆောက်ပြီးစီးမှုအား ယနေ့နံနက်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးလင်းနှင့် အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြရာ မြို့နယ်ဦးစီးမှူးဦးအောင်မြင့်ထွန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက တည်ဆောက်ပြီးစီးခဲ့သော ကျောက်ရောမြေသားလမ်း အရှည်ပေ ၅၀၀၀၊ လမ်းအကျယ် ၁၀ပေနှင့် လမ်းအမြင့် ၉ လက်မတို့အား တည်ဆောက်ထားမှုများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မြေသားလမ်းတည်ဆောက် ပြီးစီးသွားသည့်အတွက် တောပုကျေးရွာတွင် နေထိုင်ကြသော ဒေသခံပြည်သူ ၇၆၆ ဦးတို့မှာ ကျေးရွာတွင်းလမ်းမကြီးမှ ရာသီမရွေး သွားလာမှုအဆင်ပြေလွယ်ကူသွားမည့်အပြင် ဒေသခံတောင်သူများအတွက်လည်း လယ်ယာကုန်ထုတ်လမ်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။

**မော်ကျွန်း(မြင့်အောင်)**



တောပုကျေးရွာရှိ ကျောက်ရောမြေသားလမ်းကို တွေ့ရစဉ်။

# ထားဝယ်မြို့၌ ရှေးဟောင်းသမိုင်းဝင် တဝဂ္ဂုစေတီတော် ရတနာစိန်ဖူးတော်နှင့် ထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ

**ထားဝယ် ဧပြီ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ကျောက်မော် ရပ်ကွက် မြိတ်လမ်းတွင် တည်ထားကိုးကွယ်သော ရှေးဟောင်းသမိုင်းဝင် တဝဂ္ဂုစေတီတော် ရတနာစိန်ဖူးတော်နှင့် ထီးတော်တင်လှူပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့က တဝဂ္ဂုဘုရားပုရိဝုဏ်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော်သံဃာတော်များ၊ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်နှင့်ဇနီး၊ စေတနာရှင် အလှူရှင်များက ရတနာစိန်ဖူးတော်နှင့် ထီးတော်အား တဝဂ္ဂုစေတီတော်အထွတ်ပေါ်သို့ တင်လှူပူဇော်ပြီး သံဃာတော် အရှင်သူမြတ်များက ဘုရားအနေကဇာတင်တော်မူကြသည်။

ထို့နောက် ဝန်ကြီးနှင့် စေတနာရှင် အလှူရှင်များက ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပြီး သံဃာတော်အရှင်သူမြတ် အပါး ၅၀ အား ဆွမ်းဆန်စိမ်း လှူဒါန်းသည်။

ဆက်လက်၍ ဧည့်ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအရိန္ဒမထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



တဝဂ္ဂုစေတီတော်စိန်ဖူးတော်တင်လှူနေစဉ်။

# ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးပေါ်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



ဝန်ကြီးချုပ်ဦးဝင်းသိန်း ဆွမ်းဆန်စိမ်းလောင်းလှူနေစဉ်။

**ပဲခူး ဧပြီ ၂၀**

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီးပေါ်၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ သံဃာအပါး ၅၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဧပြီ ၁၉ ရက်က ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်တော်၊ အလှူငွေများနှင့် သံဃာအသုံးအဆောင်ပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ နှစ်စဉ်နှစ်တိုင်း တန်ခူးလဆန်း ၁၀ ရက်မှစ၍ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ၁၀ ရက်ကြာ ကျင်းပခြင်းဖြစ်ရာ ယခု နှစ်တွင် (၂၆၀၁) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# မော်လမြိုင်ကျွန်း၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**မော်လမြိုင်ကျွန်း ဧပြီ ၂၀**

ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ စိတ်တူကိုယ်တူပရဟိတအကျိုးဆောင်အဖွဲ့မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်က မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့သာယာ ၁၃ ရပ်ကွက် မြို့ပတ်လမ်းထိပ် ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ယင်းသက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲတွင် စိတ်တူကိုယ်တူပရဟိတအကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအေးနိုင်က ပူဇော်ကန်တော့ပွဲကျင်းပရခြင်းကို ရှင်းလင်းတင်ပြပြီး အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၆၉ ဦးတို့ကို ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။

ထို့နောက် စိတ်တူကိုယ်တူပရဟိတအကျိုးဆောင် လူငယ်မောင်မယ် ၂၀ ဦးတို့က သက်ကြီးဘိုးဘွားများအား ခြေသည်း၊ လက်သည်းများ လှီးဖြတ်ကုသိုလ်ယူကြပြီး အဘိုး ဦးမောင်လေး (၈၄ နှစ်)နှင့် အဘွား ဒေါ်အေးသန်း (၇၆ နှစ်) တို့က တစ်သက်တာ လိုက်နာမှတ်သားစရာများကို ဆုံးမစကားပြောကြားကာ ဆုတောင်းမေတ္တာပို့သကြသည်။

**မော်ကျွန်း-မြင့်အောင်**

# ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာ စက်ရေတွင်းတူးရန် အမေရိကန်ဒေါ်လာ ၄၀၀၀ လှူဒါန်း

**ငါ့သရောက် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ အမှတ်(၃)ရပ် တောင်ကုန်းကျေးရွာတွင် ဗီယက်နမ်နိုင်ငံ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ ဆရာလေး Quang Duyen နှင့် အဖွဲ့သည် ယမန်နေ့က သောက်သုံးရေအတွက် စက်ရေတွင်းတူးရန် အမေရိကန်ဒေါ်လာ ၄၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ငါ့သရောက်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် ဆက်သွယ်မိရာမှ ရေရှားပါးသည့် ကျေးရွာရှိပါက လှူဒါန်းလိုကြောင်း သိရှိပြီး ရေအမှန်ရှားပါးသော တောင်ကုန်းကျေးရွာအား လှူဒါန်းနိုင်ကြောင်း ပြောပြရာမှ ယင်းအဖွဲ့က လာရောက်ကာ အမေရိကန်ဒေါ်လာ ၄၀၀၀ အား သောက်သုံးရေအတွက် စက်ရေတွင်းတူးဖော်ရန် လှူဒါန်းခဲ့ကြောင်း သိရသည်။

သောက်သုံးရေအတွက် စက်ရေတွင်း အမြန်တူးဖော်နိုင်ရေး စက်ရေတွင်းတူးဖော်မည့် လုပ်ငန်းရှင်များနှင့် ကုန်ကျစရိတ်ညှိနှိုင်းကာ စာချုပ်ချုပ်ဆိုနိုင်ရေး ညှိနှိုင်းလျက်ရှိကြောင်းနှင့် စက်ရေတွင်း တူးဖော်မည့် မြေနေရာကိုလည်း အလှူခံရရှိပြီးဖြစ်ကာ မကြာမီ ကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် သဘာဝဘေးသရုပ်ပြလေ့ကျင့်မှု သုံးကြိမ်လုပ်ဆောင်နိုင်ရန် စီစဉ်

**မုံရွာ ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် စီးဆင်းရာ ဒေသရှိ မြို့နယ်သုံးခု၌ ဧပြီလမှ ဇွန်လကုန် (ဒုတိယသုံးလပတ်ကာလ)အတွင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက ကြီးမှူးပြီး သဘာဝဘေး သရုပ်ပြလေ့ကျင့်မှုသုံးကြိမ် လုပ်ဆောင်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မိုးရာသီက ကသာမြို့နယ်ထဲမှာ ရေဘေးသရုပ်ပြလေ့ကျင့်မှုတစ်ကြိမ် လုပ်ဆောင်ခဲ့တာ၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနက လူမှုရေးအဖွဲ့အစည်းတွေ ဒေသခံပြည်သူတွေနဲ့ ပူးပေါင်းလုပ်ဆောင်ခဲ့တဲ့အတွက် အောင်မြင်မှုရှိခဲ့ပါတယ်။ အဲဒီလို သရုပ်ပြလေ့ကျင့်မှုတွေ လုပ်ဆောင်ရင်း အားနည်းချက်၊ အားသာချက်တွေကို ဌာနဆိုင်ရာတွေနဲ့ ဒေသခံပြည်သူတွေက ပိုမိုသိရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ကူညီထောက်ပံ့ရေးလုပ်ငန်းတွေနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အချိန်ကိုက်လုပ်ဆောင်နိုင်ခြင်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုတွေကို လျှော့ချနိုင်မှာဖြစ်လို့ အခုလို သရုပ်ပြလေ့ကျင့်မှုတွေ လုပ်ဆောင်ရတာဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစဝ်လီဖရန့်က ပြောသည်။

သရုပ်ပြလေ့ကျင့်မှုကို ၂၀၁၉ ခုနှစ် ဒုတိယသုံးလပတ်ကာလ (ဧပြီလမှ ဇွန်လကုန်အထိ)အတွင်း ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ မုံရွာ၊ ခန္တီးမြို့ ဧရာဝတီမြစ်ဘေးရှိ ကသာမြို့နှင့် မြစ်သာမြစ်ဘေးရှိ ကလေးမြို့ စသည့် လေးမြို့နယ်တို့ကို အကြမ်းဖျင်းရွေးချယ်ထားပြီး ယင်းမြို့နယ်လေးခုထဲမှ မြို့နယ်သုံးခုတွင် သဘာဝဘေးသရုပ်ပြလေ့ကျင့်မှုသုံးကြိမ် လုပ်ဆောင်သွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

**၂၀-၄-၂၀၁၉**

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၃၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၇၆၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၉၅ ကျပ် | ၁၀၀၅/၁၀၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၁၀၀၅ ကျပ် | ၁၀၂၀/၁၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၉၀/၈၆၅ ကျပ် | ၈၈၅/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၃၅ ကျပ် | ၉၆၅/၉၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၁၂ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၃ · ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၉ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၆၀ · ၀ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၈၈ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၇ · ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၉၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၃ · ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ · ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၈၃၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန


မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm






ကာတွန်း စမ်းချောင်းကိုကိုအောင်








ဘယ်ကျော်
ဒီနှစ် သင်္ကြန်မှာ ငါတို့ မိသားစု ငါ့မေမေတို့ ရွာကို သွားလည်ကြတာ ဟ...
ရွာကသူငယ်ချင်းတွေနဲ့ ရေကစားတဲ့အပြင် မုန့်လုံးရေပေါ်တွေလုပ်၊ အဘိုးအဘွားတွေကို ခေါင်းလျှော်ပေး၊ နောက်... နှစ်ဆန်းတစ်ရက်နေ့ကျတော့ ရွာဦးဘုန်းကြီးကျောင်းမှာ သီလယူကြနဲ့ ...
ပျော်ဖို့ကောင်းတယ်ဟာ... ဒါနဲ့ ...နင်ရော၊ သင်္ကြန်မှာ ဘာတွေလုပ်သလဲ။ ပြောပြပါဦး ဟ...
ငါကတော့ ငါ့ဖေဖေနဲ့ လမ်းလျှောက်သင်္ကြန်ကိုသွားခဲ့တာ... မိမွှေးရ...
စတူဒီသာကျွေးတဲ့ မုန့်တွေစားရတဲ့အပြင် လောင်းလှေကြီးနဲ့လည်း ရေပက်ကြသေးတယ်။ ပြီးတော့ အဆိုအကတွေနဲ့လည်း ဖျော်ဖြေကြသေးတယ်...
ပျော်စရာကြီးဟယ်...
ဒီထက် ပျော်စရာကောင်းတာရှိသေးတယ်...
အရင်နှစ်တွေလိုသင်္ကြန်လည်ဖို့ ကားငှားခ မကုန်တော့လို့ဆိုပြီး အပြန်ကျတော့ ဖေဖေက ငါ့ကိုကြေးအိုးဝယ်ကျွေးတယ်လေ...

# သံလက်နက်များထုတ်လုပ်ခဲ့ရာ သံချက်ဖိုကြီးများဆီသို့

မာန်သစ်ငြိမ်း( ရှေးဟောင်းသုတေသန )

**မြန်မာနိုင်ငံသည် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် စသည့် ယဉ်ကျေးမှုခေတ်ကာလ အဆင့်ဆင့်ကိုဖြတ်သန်းခဲ့သော ယဉ်ကျေးမှုသမိုင်းကြောင်း ရှည်ကြာစွာဖြစ်တည်ခဲ့သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။**

**သံခေတ်**

သံခေတ်သည် လူ့သမိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ခေတ်တစ်ခေတ်ဖြစ်သည်။ တစ်ချိန်တစ်ခါက သံသတ္တုကို အဓိကထားအသုံးပြုခဲ့သည့်ခေတ်ကို သံခေတ်ဟုခေါ်သည်။ သံကို စတင်အသုံးပြုခဲ့သောအချိန်သည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ခန့်က စတင်ခဲ့သည်။ သံသည် ဆီလီကွန်၊ အောက်ဆီဂျင်၊ အလူမီနီယံမှလွဲလျှင် ကမ္ဘာပေါ်တွင် အတွေ့ရအများဆုံး ဒြပ်စင်ဖြစ်သည်။ ကမ္ဘာကြီးကို အပုံ၂၀ ပုံလျှင် တစ်ပုံမှာ သံဖြစ်သည်။ သံအစစ်သည် ကိရိယာတန်ဆာပလာပစ္စည်းများ ပြုလုပ်ရန်ပျော့ပျောင်းသောကြောင့် အခြားသတ္တုများနှင့် ရောစပ်အသုံးပြုကြသည်။ သံကိုကာဗွန် ၁ ရာခိုင်နှုန်းခန့်နှင့် ရောစပ်လိုက်သောအခါ သံမဏိဟုခေါ်သည့် သတ္တုစပ်ဖြစ်လာသည်။ သံသတ္တုရိုင်းခေါ် အချို့သောကျောက်များတွင် သံအမြောက်အမြားပါရှိသည်ကို တွေ့ရသည်။ ထိုကျောက်ရိုင်းများကို အပူပေးအရည်ကျို၍ သံကိုထုတ်ယူအသုံးပြုခဲ့ကြသည်။ ၁၈၇၀ ပြည့်နှစ်တွင် သံသတ္တုထက်ကောင်းမွန်ခိုင်ခံ့သော သံမဏိ (ခေါ်) သံကာဗွန်သတ္တုတစ်မျိုးကို ကူးပြောင်းထုတ်လုပ်လာနိုင်ခဲ့သည်။

ကမ္ဘာအနှံ့အပြားတွင် သံခေတ်သည် ဘီစီ ၁၅၀၀ မှ ၁၀၀၀ အတွင်း ပေါ်ပေါက်ခဲ့သည်ဟု ဆိုကြသည်။ မြန်မာသံခေတ်သည်လည်း ဘီစီ ၁၅၀၀ မှ ၁၀၀၀ အတွင်း စတင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်သည်။ သမိုင်းကြိုခေတ်ကာလဖြစ်သည့် ပျူမြို့ပြနိုင်ငံများ ပေါ်ထွန်းခဲ့သည့် ခရစ်နှစ်အစပိုင်း ဝန်းကျင်ခန့်ဖြစ်၍ သံကိုစတင်တွေ့ရှိပြီး ကျိုချက်နိုင်ခဲ့ကြသောကာလမှာ ထိုထက်စောမည်ဟု ခန့်မှန်းရပါသည်။ မြန်မာနိုင်ငံ ပျူခေတ်ဘီစီ ၅၀၀ မှ အေဒီ ၉၀၀ အထိကာလကို သံခေတ်ဟု ခေါ်ဆိုနိုင်ပါသည်။ ပျူယဉ်ကျေးမှုမြို့ပြနိုင်ငံများဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ တကောင်းစသော ဒေသများတွင် ရှေးဟောင်းသံချက်ဖိုများကိုတွေ့ရှိရသည်။ မြန်မာနိုင်ငံအရပ်ရပ်ရှိ သံချက်ဖိုကြီးများသည် သံထည်ပစ္စည်းများထုတ်လုပ်ရာ မူရင်းဌာနကြီးများ ဖြစ်ကြသည်။

ကမ္ဘာသုံးသံရိုင်းများ၏ လေးပုံသုံးပုံခန့်သည် ရေ၌ကျရောက်ခဲ့သော အနည်ကျသံများပင်ဖြစ်သည်။ ယင်းသံရိုင်းအလွှာများတွင် လှိုင်းတွန့်ရာ ကန့်လန့်ဖြတ်လွှာအင်စသော အနည်ကျ ကျောက်အနေအထားများကို တွေ့ရ၍ ယင်းတို့သည် အတိတ်ဘူမိခေတ်များအတွင်းမှ ပင်လယ်ရေများ အနည်ထိုင်၍ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အနည်ကျသံများတွင် ဟီမတိုက် ( Hematite ) အဓိကပါဝင်၍ မဂ္ဂနက်တိုက် ( Magnetite )၊ ပိုင်းရိုက်( Pyrite )၊ ဆိုဒ်ခရိုက်(Siderite )နှင့် ချာမိုဆိုက်( Chamosite )တို့လည်း အတော်အသင့်ပါဝင်ကြသည်။ ဟီမတိုက်သည် အနည်ကျချိုင့်ဝှမ်းအတွင်း အနားစွန်းပိုင်း(ရေတိမ်ပိုင်း)များတွင်လည်းကောင်း၊ ပိုင်းရိုက်သည် ချိုင့်ဝှမ်းအလယ်ပိုင်း(ရေနက်ပိုင်း)တွင်လည်းကောင်း ကျရောက်တတ်ကြောင်း သိရသည်။ ထို့ပြင် ကမ္ဘာမြေပြင်ရှိ ဒြပ်ဝတ္ထုများသည် အောက်စီဂျင်နှင့်ပေါင်းစပ်ပြီး အောက်ဆိုက်များ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဓာတုဖြစ်စဉ်များတွင် လေပါဝင်သော အောက်စီဂျင်နှင့် ရေခိုးရေငွေ့တို့က သံကိုထိတွေ့ရာမှ သံအောက်ဆိုက်များ ဖြစ်ပေါ်လာသည်။

**သံသတ္တုရိုင်းတွင်းထွက်များ**

သံသတ္တုရိုင်းတွင်းထွက်များစွာရှိသော်လည်း သံကိုအဓိက ထုတ်ယူနိုင်သည့် သံဓာတ်ကြွယ်ဝသည့် သံရိုင်းတွင်းထွက်များမှာ ဟီမတိုက်၊ မဂ္ဂနက်တိုက်၊ လီမွန်နိုက်နှင့် ဆီဒါရိုက်တို့ဖြစ်ပါသည်။ အနက်ရောင်ရှိသော မဂ္ဂနက်တိုက်သတ္တုရိုင်းတွင်းထွက်သည် သံပါဝင်မှု ၇၂ ရာခိုင်နှုန်း ပါဝင်သည်။ အနီရောင်ရှိသော ဟေမတိုက်သတ္တုရိုင်းတွင်းထွက်သည် သံပါဝင်မှု ၇၀ ရာခိုင်နှုန်း ပါဝင်သည်။ နီညိုရောင်မှ အနက်ရောင်ထိပါဝင်သော လီမွန်နိုက်သတ္တုရိုင်းတွင်းထွက်သည် သံပါဝင်မှု ၆၀ ရာခိုင်နှုန်း ပါဝင်သည်။ မီးခိုးရောင်မှ အညိုရောင်အထိပါဝင်သော ဆိုက်ဒရိုက်သတ္တုရိုင်းတွင်းထွက်သည် သံပါဝင်မှု ၄၈ ရာခိုင်နှုန်း ပါဝင်သည်။ သံဓာတ်ပါသော တွင်းထွက်များနှင့် ၎င်းတို့၏ ဓာတုဖွဲ့စည်းမှုမှာ (၁) သံဒြပ်စင်(Fe) (၂) ဟီမတိုက် ($Fe_2O_3$) (၃) မဂ္ဂနက်တိုက် ($Fe_3O_4$) (၄) လီမွန်နိုက် ($Fe_2O_3$-$2H_2O$) (၅) ဆီဒါရိုက် ($FeCO_3$) (၆) ပိုင်းရိုက် ($FeS_2$) (၇) တာရိုက် ($Fe_2O_3$-$2H_2O$) ဖြစ်ပြီး သံဒြပ်စင် (Fe) ၏ အရည်ပျော်မှတ်မှာ ၂၈၀၂ ဒီဂရီဖာရင်ဟိုက်ဖြစ်၍ ရေဆူအမှတ်မှာ ၄၉၆၀ ဒီဂရီဖာရင်ဟိုက်ဖြစ်ပါသည်။



ရှေးဟောင်းသံချက်ဖိုတစ်ခုကို တွေ့ရစဉ်။

**“မြန်မာနိုင်ငံသံခေတ်၏ တန်ဖိုးကြီးမားသော လဟာနယ်ပြတိုက်တွင် နှစ်ရှည်လများ သဘာဝဘေးဒဏ်ကို ခံစားနေကြရသော ပျူခေတ်သံချက်ဖိုများရှိရာသို့ ကွင်းဆင်းဆောင်ရွက်မှုများကို အစဉ်အဆက်ပြုလုပ်ရင်း သံလက်နက်များထုတ်လုပ်ပေးသော ပျူခေတ်သံချက်ဖိုများမှ သံချော်ခဲများကို ပြည့်စုံတိကျသော စမ်းသပ်မှုများဖြင့် ပျူတို့၏ သံခေတ်သက်တမ်းကို တွက်ချက်နိုင်သည့်အတွက် ထိုသံချက်ဖိုများသည် ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများဖြစ်၍ ထိန်းသိမ်းစောင့်ရှောက်သင့်”**

**သံချက်ဖိုများ**

သံချက်ဖိုများကို ကွင်းဆင်းရှာဖွေလေ့လာခဲ့ရာတွင် တည်ဆောက်မှုပုံသဏ္ဍာန်နှစ်မျိုး တွေ့ရသည်။ အဝိုင်းပုံထုလုံးရှည်ပုံစံတွင် အရှေ့ဘက်အောက်ခြေ၌ အဝိုင်းပုံလေဝင်ပေါက် ပါရှိသောပုံသဏ္ဍာန်နှင့် လေးထောင့်ပုံသဏ္ဍာန်တို့ ဖြစ်ပါသည်။ သံချက်ဖိုများတွင် လေပြင်းဖိုနှင့်သံချက်ဖိုဟူ၍ အပိုင်းနှစ်ပိုင်း ပါဝင်သည်။ လေပြင်းဖိုများကို တောင်စောင်းပတ်လည်တွင် သုံးပေစီခန့်ခြား၍ တွေ့ရသည်။ လေပြင်းဖိုများကို တည်ဆောက်ရာတွင် သဲဆန်သောမြေကို အသုံးပြု၍ အလိုရှိသည့် အရွယ်ပမာဏရရှိအောင် ဦးစွာပြုလုပ်ပြီး Iron Oxide ပါသော မြေနီများ (သို့) ခြတောင်ပို့မြေများကို လိမ်းကျံ၍ပြုလုပ်ထားကြောင်း တွေ့ရသည်။ လေဝင်လေထွက်ကောင်းစွာရသည့် အရပ်မျက်နှာဘက်သို့ အဝိုင်းပုံလေဝင်ပေါက်ထားရှိသည်။ လေပြင်းဖို၏အပြင်ဘက်၌ လောင်စာများစုပုံ၍ မီးတိုက်လိုက်သောအခါ အတွင်းအပြင်နှစ်ဖက်စလုံး၌ မီးကောင်းစွာကျက်သွားမည်ဖြစ်သည်။ ထိုလေပြင်းဖို၏ အပြင်နံရံမှာ ထူပြီးကြမ်းသဖြင့် မီးအုံးသည့်အပူရှိန်ကို စုပ်ယူထားနိုင်သည်။ လေပြင်းဖိုများကို လေတိုက်အားကောင်းသော Wind Power ကို ကောင်းစွာ အသုံးချနိုင်သော တောင်စောင်းပတ်လည်တွင် ရှစ်လုံး၊ ၁၃ လုံးအထိ ပြုလုပ်ထားတတ်ကြောင်း တွေ့ရသည်။

လေပြင်းဖိုများနှင့် သံချက်ဖိုကို အချင်းနှစ်ပေရှိ ရွံ့နှင့် ပြုလုပ်ထားသည့် လေပူမှုတ်ပြွန်ဖြင့် ဆက်သွယ်ထားသည်။ လေပြင်းဖိုအပြင်ဘက်တွင် လောင်စာ(ထင်း၊ မီး သွေး) များကို မီးရှို့လိုက်သောအခါ လေပြင်းဖိုအတွင်း လေများ သည် ပူ၍ပွကာ လေပူမှုတ်ပြွန်အတိုင်း အပေါ်သို့အင်အားပြင်းစွာဖြင့် တိုးဝင်သည်။ လေပြင်းဖို ရှစ်လုံး၊ ၁၃ လုံးတို့မှ ပြင်းထန်စွာ တိုက်ခတ်တိုးဝင်လာသော လေပူသည် သံချက်ဖိုကို မီးကောင်းစွာ ရရှိစေသည်။

တောင်ထိပ်ပိုင်း (Flat Area) တွင် သံချက်ဖိုကို မီးခံအုတ်ဖြင့် ပြုလုပ်ထားသည့် မြင့်မားသော မတ်တတ်ဖိုကြီးများ ဖြစ်နိုင်ပါသည်။ အချင်းပေ ၃၀ ခန့်၊ အမြင့်ပေ ၉၀ မှ ၁၀၀ ခန့်အထိ မြင့်နိုင်ပါသည်။ ထုလုံးရှည်ပုံသဏ္ဍာန်ဖြစ်သည်။ သံချက်ဖိုကို အောက်ခြေမှထိပ်အထိ အောက်ခြေ၊ လည်တိုင်နှင့် ခေါင်းပိုင်းဟူ၍ သုံးပိုင်းခွဲခြားနိုင်သည်။ ဖိုအောက်ခြေသည် သံရည်ပူများစုပုံကျရောက်ရာ နေရာဖြစ်၍ ထူထဲစွာ ဆောက်လုပ်ထားသည်။ တစ်ပေါက်မှာ သံရည်ကိုထုတ်ယူရန်ဖြစ်၍ အခြားတစ်ပေါက်မှာ ချော်ရည်ချော်မြှုပ်များကို ထုတ်ပစ်ရန်ဖြစ်သည်။ အောက်ခြေနှင့် လည်တိုင်စပ်ကြားနေရာတွင် အပြင်ဘက်ပတ်လည်၌ လေပြင်းဖိုမှလာသည့် လေပူမှုတ်သွင်းသည့် ပြွန်တပ်ဆင်ထားသည်။ ဖို၏ထိပ်၌ ကုန်ကြမ်းသတ္တုရိုင်း၊ ထုံးကျောက်၊ ကျောက်မီးသွေးထည့်ပေးရန် အပေါက်ကြီးရှိမည်ဖြစ်သည်။

**သတ္တုကျောက်ရိုင်းများ သန့်စင်မှု**

ပထမဦးစွာ သတ္တုကျောက်ရိုင်းများကို ကြိတ်ချေလိုက်သောအခါ သတ္တုကျောက်ရိုင်းတွင်ရှိသော သတ္တုနှင့်တကွ သတ္တုမဟုတ်သည့် ပစ္စည်းများသည် အညစ်အကြေးများနှင့် တခြားစီကွဲထွက်ကုန်သည်။ ထိုအညစ်အကြေးများကို ရေဆေးထုတ်လိုက်ပြီးနောက် ထိုသတ္တုကို မီးဖြင့်အပူပေးလိုက်သောအခါ သတ္တုရိုင်းအမှုန်များ အရည်ပျော်၍ စုခဲလာပြီးအတုံးအခဲများ ဖြစ်လာကြသည်။ ထို့နောက်တွင်မှ သံရည်ကျိုရန်အတွက် ထိုသံအတုံးအခဲများ၊ ထုံးကျောက်၊ ကျောက်မီးသွေးတို့ကို ဖိုထဲသို့ ထိပ်မှနေ၍ တစ်ထပ်စီထည့်ပေးရသည်။ ဖိုထဲ၌ လိုအပ်သောပစ္စည်းများ အဆင်သင့်ရောက်ရှိသောအခါ ကျောက်မီးသွေးကို အောက်ဘက်မှစတင်မီးရှို့ပေး၍ လေပြင်းဖိုမှ လေပူကို မှုတ်သွင်းပေးခြင်းဖြင့် သံရည်ကျိုခြင်း စတင်သည်။ ထုံးကျောက်ကိုမူ သံရိုင်းအရည်ပျော်လွယ်အောင် ထည့်ပေးရခြင်းဖြစ်သည်။ ကျောက်မီးသွေးသည် ပြင်းထန်သော လေပူအရှိန်ကြောင့် လျှင်မြန်စွာမီးလောင်၍ ကာဗွန်မိုနောက်ဆိုက်အဖြစ် ထွက်သွားသည်။ ကုန်ကြမ်းသတ္တုရိုင်းများ အရည်ပျော်၍ ဓာတ်ပြောင်းလဲမှုအမျိုးမျိုးဖြစ်ပွားပြီး နောက်ဆုံးတွင် သံမှာအရည်ပျော်သွားပြီး မီးဖို၏အောက်ဆုံးနေရာသို့ ထိုင်ကျလေသည်။

ကျောက်မီးသွေးမှကာဗွန်သည် သံတွင်ပါရှိသော အောက်စီဂျင်နှင့် ပေါင်းစပ်ကာ သံကို သန့်စင်အောင် ပြုလုပ်ပေးသည်။ သံတွင်ပါဝင်သော အခြားအညစ်အကြေးတို့သည် အလွန်ပြင်းထန်သော အပူချိန်ကြောင့် အရည်ပျော်သွားပြီး ထုံးကျောက်နှင့် ပေါင်းစပ်သွားလေသည်။ ယင်းအညစ်အကြေးများသည် သံရည်ထက်ပေါ့၍ ချော်ရည်ချော်မြှုပ်များဖြစ်လာကာ သံရည်ပူပေါ်၌ ပေါလောပေါ်နေသည်။ ချော်ရည်ချော်မြှုပ်များကို ချော်ရည်ထုတ်ပေါက်မှ ထုတ်ပစ်ပြီး သံရည်ပူကို သံရည်ထုတ်ပေါက်မှ ထုတ်ယူ၍ အအေးခံလိုက်သောအခါ သံစိမ်းတုံးအခဲများကို ရရှိသည်။

သံချက်ဖိုမှ ထုတ်ယူရရှိသောသံကို သွန်းသံဟုခေါ်သည်။ သွန်းသံတွင် ၉၂ ရာခိုင်နှုန်းအထိ သံပါရှိသည်။ သွန်းသံတွင် ကာဗွန်အချိုးအစားမှာ ၂ ဒသမ ၆မှ ၄ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိတတ်၍ ဆီလီကွန်အမျိုးအစားမှာ ထိုမျှလောက်နီးပါး ပါရှိသည်။ ထို့အပြင် မဂ္ဂနီ၊ ဖော့စ်ဖောရပ်နှင့် ဆာလဖိတ်တို့ကဲ့သို့ အညစ်အကြေးများလည်းအနည်းငယ် ပါရှိသေးသည်။ သံတွင်ပေါင်းစပ်ပါရှိသည့် အညစ်အကြေးများကြောင့် အလွန်ကြွပ်ဆပ်သဖြင့် ပန်းပဲတွင် အသုံးပြုရန် မသင့်တော်သေးပါ။

သွန်းသံမှအညစ်အကြေးများကိုဖယ်ရှားရန်အတွက် မီးဖိုကြီးများတွင် သံရိုင်းအနည်းငယ်ရော၍ ကျိုပေးပြီး နာနာမွှေပေးရသည်။ ဆာလဖာနှင့် ဖော့စ်ဖောရပ်တို့သည် သံရိုင်းတွင်ပါရှိသည့် အောက်စီဂျင်နှင့်ပေါင်းစပ်၍ ချော်ဖြစ်သွားသည်။ ကာဗွန်မှာ အောက်စီဂျင်နှင့်ပေါင်းစပ်ပြီး ဓာတ်ငွေ့အဖြစ်ထွက်သွားပြီး ချွတ်သံကို ရရှိသည်။ ထိုသံကို ပန်းပဲတွင် ထုရိုက်ပုံသွင်း၍ လိုအပ်သော သံထည်ပစ္စည်းလက်နက်ကိရိယာများ ပြုလုပ်နိုင်ပြီဖြစ်ပါသည်။ ထိုမီးဖိုမျိုးကို ဒုတိယအဆင့် မီးဖိုဟုခေါ်ပါသည်။

**သံထည်ပစ္စည်းများကို တွေ့ရ**

မြန်မာနိုင်ငံတွင် မြို့ပြယဉ်ကျေးမှုကို စတင်ခဲ့သူများမှာ ပျူလူမျိုးများဖြစ်သည်။ ပျူခေတ်သည် ကြေးခေတ်မှ သံခေတ်သို့ကူးပြောင်းသောကာလတွင် ပေါ်ထွက်လာခြင်းဖြစ်၍ ပျော့ပျောင်းသော ကြေးလက်နက်များ၊ ကိရိယာတန်ဆာပလာများ ထုတ်လုပ်ခြင်းမှ သံလက်နက်များနှင့် အခြားတန်ဆာပလာများ ထုတ်လုပ်ခြင်းသို့ ပြောင်းလဲလာခဲ့သည်။ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော(ပင်လယ်)၊ တကောင်း၊ ကြံညှပ်၊ ဘိန္နက၊ လယ်ကိုင်း၊ မင်းဘူးစသော ပျူဒေသများတွင် သံလက်နက်များ၊ သံထည်ခွက်၊ လူသုံးကုန်ပစ္စည်းများ၊ လယ်ယာစိုက်ပျိုးထွန်ယက်သည့် ကိရိယာများ စသည်ဖြင့် သံထည်ပစ္စည်းများကို တွေ့ရသည်။

ပျူမြို့တော်ဟောင်းများအနက် သရေခေတ္တရာမြို့ဟောင်းသည် သံလက်နက်ပစ္စည်းကိရိယာများ အထုတ်လုပ်နိုင်ဆုံးဖြစ်ခဲ့၍ အဖွံ့ဖြိုးအတိုးတက်ဆုံးဖြစ်ခဲ့ကြောင်းကို တူးဖော်မှုမှ ရရှိခဲ့သည့် သံမယ်နကြီးများ၊ သံချွန်၊ သံချိတ်၊ သံခားများ၊ သံမှို၊ သံလုံတံ၊ သံတူရွင်း၊ သံဆင်ရုပ်စသည့် ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများက သက်သေခံလျက်ရှိပါသည်။ ပျူခေတ်တွင် အသုံးပြုခဲ့သော သံလက်နက်ကိရိယာတန်ဆာပလာများကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့အနီးရှိ သရေခေတ္တရာ မြို့ဟောင်းတောင်ဘက်မြင်ဇာဟုတောင်ကြောနှင့် မြို့ဟောင်း အရှေ့ဘက်ရှိ ပေါက်ခေါင်းမြို့နယ်တို့ရှိ သံချက်ဖိုများမှ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျန်ရှိသော ပျူမြို့ဟောင်းဒေသများတွင်လည်း သံချက်ဖိုများကို တွေ့ရှိနိုင်ပါသေးသည်။

ထိုကဲ့သို့ ပျူမြို့ပြနိုင်ငံတိုင်းတွင် သံကိုကောင်းစွာထုတ်လုပ်နိုင်ခဲ့ပြီး သံထည်ပစ္စည်းများစွာ ထုတ်လုပ်သုံးစွဲခဲ့ကြမည်ဖြစ်သည်။ ပျူခေတ်သံချက်ဖိုများသည် မြန်မာ့သမိုင်းတွင် သံခေတ်ကာလ အထောက်အထားများအတွက် အရေးကြီးသောကဏ္ဍမှ ရပ်တည်နေသည့်အတွက် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်သည်။ သံချက်ဖိုများသည် မူရင်းအစစ်အမှန် ပစ္စည်းများကို မူလနေရာတွင် တစုတဝေးဖြင့် တွေ့ရှိနိုင်သည့် လဟာပြင်ပြတိုက်သဖွယ် ဖြစ်နေသည်။

သရေခေတ္တရာမြို့ဟောင်းနှင့် ပတ်ဝန်းကျင်မှတွေ့ရှိရသော သံချက်ဖိုများသည် မြန်မာ့သမိုင်းတွင် သံခေတ်ကာလ အထောက်အထားများအတွက် အရေးကြီးသောကဏ္ဍမှ ရပ်တည်နေပါသည်။ သံချက်ဖိုပျံ့နှံ့တည်ရှိရာနေရာများ၊ သံချက်ဖိုတည်ဆောက်ပုံနှင့် ထုတ်လုပ်မှုနည်းစနစ်များ သိရှိနိုင်စေရန်၊ သံခေတ်ယဉ်ကျေးမှုအထောက်အထားများကို ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)မှ ဆရာဆရာမများက ရှာဖွေမှတ်တမ်းတင် လေ့လာခဲ့ပြီးလည်း ဖြစ်သည်။

မြန်မာနိုင်ငံသံခေတ်၏ တန်ဖိုးကြီးမားသော လဟာနယ်ပြတိုက်တွင် နှစ်ရှည်လများ သဘာဝဘေးဒဏ်ကို ခံစားနေကြရသော ပျူခေတ်သံချက်ဖိုများရှိရာသို့ ကွင်းဆင်းဆောင်ရွက်မှုများကို အစဉ်အဆက်ပြုလုပ်ရင်း သံလက်နက်များထုတ်လုပ်ပေးသော ပျူခေတ်သံချက်ဖိုများမှ သံချော်ခဲများကို ပြည့်စုံတိကျသော စမ်းသပ်မှုများဖြင့် ပျူတို့၏သံခေတ်သက်တမ်းကို တွက်ချက်နိုင်သည့်အတွက် ထိုသံချက်ဖိုများသည် ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများဖြစ်၍ ထိန်းသိမ်းစောင့်ရှောက်သင့်ပါပေတော့သည်။ ။

# နတ်မတောင် အာဆီယံအမွေအနှစ် သဘာဝဥယျာဉ်ကြီး

**မောင်ယဉ်ကျေး**

ချင်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိပြီး ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များအထိ နယ်နိမိတ်ကျယ်ပြန့်လှသည့် နတ်မတောင်သည် အမြင့်ပေ ၁၀၂၀၀ ကျော်မြင့်မားပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၂၇၅ ဒသမ ၅ မိုင် ကျယ်ဝန်းကာ တစ်ချိန်သော အခါက ဝိတိုရိယတောင်အဖြစ်လည်း ထင်ရှားကျော်ကြားခဲ့သည်။ တောင်ဇလပ်၊ ချယ်ရီ၊ ဝက်သစ်ချပင်တို့ ဖုံးလွှမ်းနေကာ တိမ်ခိုးတို့ရစ်သိုင်းပြီး တောင်ဇလပ် ပန်းနီနီတို့ဖြင့် အသွင်တင့်နေသည့် ခေါ်နူးစုမ် ခေါ် နတ်မတောင်ကြီးသည်ကား အာဆီယံအမွေအနှစ် သဘာဝဥယျာဉ်ကြီးအဖြစ် ဝင့်ထည်စွာ တည်ရှိနေလေသည်။

နတ်မတောင်တွင် သစ်ပင်မျိုးစိတ်ပေါင်း ၈၀၀ ကျော်ရှိပြီး အမြဲစိမ်းသစ်တော၊ ရွက်ကြွေတော၊ ထင်းရှူးနှင့်ဝက်သစ်ချ၊ တောင်ဇလပ်တောများ ဖုံးလွှမ်းနေကာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု နည်းပါးသေးသည့် ဒေသဖြစ်သည်။ ကုန်းနေရေနေ သတ္တဝါ ၂၃ မျိုး၊ တွားသွားသတ္တဝါ ၆၅ မျိုး၊ လိပ်ပြာ ၇၇ မျိုးရှိကာ ရှားပါးတိရစ္ဆာန်များဖြစ်ကြသည့် ကျားသစ်၊ အင်းကျား၊ ဝက်ဝံ၊ တောင်ဆိတ်၊ ချေ၊ တောဝက်၊ သင်းခွေချပ်၊ မျောက်လွှဲကျော် စသည့် တိရစ္ဆာန်များနှင့် အထူးသဖြင့် မြန်မာ့ဒေသရင်း ငှက်မျိုးစိတ်ဖြစ်သည့် မျက်ခုံးဖြူငှက်ပြာခြောက် အပါအဝင် ငှက်မျိုးစိတ်ပေါင်း ၂၈၉ မျိုးခန့် ကျက်စားနေထိုင်ကြသည်။

နတ်မတောင်ကို ၂၀၁၀ ပြည့်နှစ်က အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်ခဲ့ပြီးနောက် ပြည်တွင်းပြည်ပမှ သဘာဝအခြေခံ ခရီးသွားလာမှုကို ခုံမင်မြတ်နိုးသူတို့၏ စိတ်ဝင်စားမှု မြင့်တက်လာကာ နှစ်စဉ် ခရီးသွားရာသီရောက်တိုင်း လာရောက်လေ့လာ အပန်းဖြေအနားယူကြလေ့ရှိရာ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်မှ ၂၀၁၉ သို့ နှစ်သစ်ကူးချိန်ကာလတွင် နတ်မတောင် အမျိုးသားဥယျာဉ်သို့ ခရီးသွားဧည့်သည် လာရောက်မှု အများဆုံးဖြစ်ကြောင်း သိရှိရသည်။

"ဒီနှစ် ခရစ္စမတ်ကာလနဲ့ နှစ်သစ်ကူးပွဲတော်ရက်ဖြစ်တဲ့ ဒီဇင်ဘာနောက်ဆုံးပတ်ထဲမှာ ကျွန်တော်တို့ ကန်ပက်လက်မြို့ကို ခရီးသွားဧည့်သည်လာရောက်မှု အများဆုံးလို့ ပြောနိုင်ပါတယ်။ ခရီးသွားအေဂျင်စီတွေနဲ့ ချိတ်ဆက်ပြီး လာရောက်သူတွေရော၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် လာရောက်သူတွေ၊ အနီးပတ်ဝန်းကျင်ဒေသတွေဖြစ်တဲ့ မကွေး၊ မင်းဘူး၊ ပခုက္ကူ စတဲ့ ဒေသတွေကနေ ဆိုင်ကယ်တွေနဲ့ လာရောက်ကြသူတွေရော တစ်ရက်ကို လူဦးရေ ၁၅၀၀ ခန့် လာရောက်ကြတာကို တွေ့ရှိရပါတယ်။ အများစုကတော့ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၅၀၀ ကျော်ရှိတဲ့ ကန်ပက်လက်မြို့မှာ ခေတ္တတည်းခိုပြီးမှ ပေပေါင်း ၁၀၂၀၀ ကျော်မြင့်တဲ့ ခေါ်နူးစုမ်တောင်ကို တက်ရောက်လေ့လာကြတာမို့ ကန်ပက်လက်ဟိုတယ်ဇုန်မှာရှိတဲ့ ဟိုတယ်ခြောက်လုံးမှာရော၊ မြို့တွင်းမှာရှိတဲ့ ဧည့်ရိပ်သာတွေမှာပါ ဧည့်သည်တွေနဲ့ ပြည့်နက်နေတဲ့အပြင် ခင်မင်နီးစပ်ရာ မိတ်ဆွေတွေရဲ့ အိမ်တွေမှာလည်း တည်းခိုနေကြသူတွေ အများအပြားမို့ ဧည့်သည်တွေနဲ့ စည်ကားနေတဲ့အချိန်လည်းဖြစ်ပါတယ်"ဟု ကန်ပက်လက်ဒေသခံ ချင်းတိုင်းရင်းသား ကိုကီးနိုင်းက ရှင်းပြသည်။

ခိုက်ခိုက်တုန်အောင် အေးချမ်းလှပြီး တိမ်ပင်လယ်အထက်တွင် တည်ရှိနေသည့် ကန်ပက်လက်မြို့လေးတွင် နံနက် ၄ နာရီမထိုးမီကပင် နတ်မတောင်သို့ တက်ရောက်ကြမည့် မော်တော်ကားသံ၊ ဆိုင်ကယ်သံများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၉၀၀၀ တွင်ရှိသည့် (၁၀)မိုင်စခန်းအထိ မော်တော်ယာဉ်များ တက်ရောက်ခွင့်ရှိပြီး အဆိုပါ (၁၀)မိုင်စခန်းမှ အထက် အမြင့်ပေ ၁၀၂၀၀ အထိရှိသည့် နတ်မတောင်ထိပ်သို့မူ အမျိုးသားသဘာဝဥယျာဉ်နယ်မြေအဖြစ် ကန့်သတ်ထားကာ သီးခြားခွင့်ပြုချက်ရ မော်တော်ယာဉ်များမှအပ မော်တော်ယာဉ်တက်ခွင့်ကို ကန့်သတ်ထားပြီး ဆိုင်ကယ်ဖြင့်သော်လည်းကောင်း၊ ခြေကျင်ခရီးဖြင့်သော်လည်းကောင်း တက်ရောက်ခွင့်ပြုထားသည်။

ဧည့်သည်အများစုမှာ သဘာဝပတ်ဝန်းကျင်အလှများနှင့် ငွားငွားစွင့်စွင့်ပွင့်နေကြသော တောင်ဇလပ်ပန်းများ၏အလှတို့ကို ငေးမောခံစားရင်း၊ ငှက်ငယ်လေးများ၏ တေးသီကျူးသံကို နားဆင်ရင်း ခြေကျင်ခရီးဖြင့် တောင်တက်ကြသလို အမောအပန်းမခံနိုင်သူများ၊ အမျိုးသမီးနှင့် ကလေးငယ်များကတော့ ဒေသခံများပြေးဆွဲပေးနေကြသည့် မော်တော်ဆိုင်ကယ်များဖြင့် တက်ရောက်ကြသည်။ ဆိုင်ကယ်စီးနင်းခမှာ အတက် ကျပ် ၅၀၀၀၊ အဆင်း ကျပ် ၅၀၀၀ ဖြစ်ပြီး ခရီးသည် များပြားလှသည့်အတွက် ဆိုင်ကယ်စီးရေနှင့်မမျှအောင်ပင် အလုအယက် ငှားရမ်းနေကြရကာ ကန်ပက်လက်ဒေသခံတို့ လက်ဖျားငွေသီးချိန်ပင်ဖြစ်သည်။

အတက်အဆင်းမတ်စောက်ကာ အကွေ့အကောက်ပေါများပြီး နှင်းရည်တို့ဖြင့် နေရာအချို့တွင် စိုရွှဲနေသည့်အတွက် မော်တော်ဆိုင်ကယ်အချို့ မတော်တဆမှုဖြစ်ကာ ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိကြသည်ကိုလည်း တွေ့ရှိရပေသည်။ ဆယ်မိုင်စခန်းမှ တောင်ထိပ်အရောက် ၃ မိုင် ၅ ဖာလုံရှည်လျားပြီး တောင်တက်တောင်ဆင်းလမ်းဖြစ်သောကြောင့် လမ်းခရီးတွင် မည်သည့်ဈေးဆိုင်မှမရှိသည့်အတွက် ခရီးသွားများ အနေဖြင့် သောက်ရေနှင့် အစားအစာများ လုံလောက်စွာ ယူသွားဖို့တော့ အလွန်အရေးကြီးပေသည်။ ခြေကျင်ခရီးဖြင့် တက်မည်ဆိုလျှင်မူ တောင်တက်ချိန် ၃ နာရီမှ ၅ နာရီ အထိ ကြာမြင့်နိုင်သည်မို့ သက်လုံကောင်းဖို့တော့ လိုအပ်ပေသည်။

တောင်ဇလပ်ပန်းနီနီတို့ကား တောင်လုံးကျွတ်မျှ ဖူးပွင့်နေကြသည်ဖြစ်ရာ လာရောက်လေ့လာကြသူများအဖို့ နေရာတိုင်းသည် လက်မလွှတ်တမ်း ဓာတ်ပုံမှတ်တမ်းတင်ချင်စရာ ချည်းသာဖြစ်နေသည်။ ပေတစ်သောင်းအထက်တွင် ရှားပါးလှသော တောင်ဇလပ်အဝါနှင့် အဖြူတို့ကိုလည်း ရံဖန်ရံခါ တွေ့ရှိရသည်။ တောင်ဇလပ်ပန်းကား ချင်းတိုင်းရင်းသားတို့၏ အထိမ်းအမှတ်ပန်းဖြစ်ကာ အဆုပ်အခဲလိုက် လှပစွာပွင့်နေကြပြီး တောင်ဇလပ်ပွင့်နီနီတို့သည် ချဉ်သောအရသာရှိကာ ချင်းရိုးရာအစားအစာအဖြစ် တောင်ဇလပ်ပွင့်သုပ်ကိုလည်းကောင်း၊ တောင်ဇလပ်ဝိုင်အဖြစ်ထုတ်လုပ်၍လည်းကောင်း စားသုံးကြကြောင်း သိရှိရသည်။

ယခုအခါတွင်မူ သဘာဝအခြေခံအရင်းအမြစ်များပျောက်ကွယ်ကာ မျိုးသုဉ်းသွားမည့်အန္တရာယ်ကို ကြိုတင်တားဆီးကာကွယ်သောအားဖြင့် တောင်ဇလပ်ပန်းများခူးခြင်းနှင့် တောင်ဇလပ်ပန်းပင်များခုတ်ယူခြင်းတို့ကို သစ်တောဦးစီးဌာနက တင်းကျပ်စွာ တားမြစ်ထားသည်မှာ ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ ထို့အပြင် နတ်မတောင်ကြီး၏ သဘာဝရင်းမြစ်များကို ရေရှည်ထိန်းသိမ်းနိုင်ရန်အတွက် ပလတ်စတစ်အလွန်အကျွံသုံးစွဲမှု လျှော့ချရေး အသိပေးနှိုးဆော်မှုများကို သစ်တောဦးစီးဌာနက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိရုံသာမက တောင်တန်းတစ်လျှောက်၌ အမှိုက်ပုံးများ စီစဉ်ထားရှိပေးသည်ကိုလည်း တွေ့ရှိရသည်။ သို့သော်လည်း တောင်တက်လမ်းတစ်လျှောက် နေရာအချို့၌ စည်းကမ်းမဲ့သူအချို့စွန့်ပစ်ထားသည့် ပလတ်စတစ်အမှိုက်များ၊ ရေသန့်ဘူးခွံများ ပြန့်ကျဲနေသည်ကို တွေ့ရှိနေရသေးသည်ကတော့ ဝမ်းနည်းဖွယ်ရာပင်ဖြစ်လေသည်။

ခေါ်နူးစုမ် ခေါ် နတ်မတောင်အတက်လမ်း၏ ပေ ၉၈၀၀ ခန့် အရောက်တွင်တော့ အကျယ်ပေ ၂၀ ခန့်ရှိသည့် ရေခဲနေသော ရေအိုင်ငယ်တစ်ခုနှင့် ၁၅ ပေခန့်ကျယ်ဝန်းသည့် ရေအိုင်ငယ်တစ်ခုတို့ကို တွေ့ရှိရမည်ဖြစ်သည်။ အဆိုပါ ရေခဲအိုင်ငယ်လေးများတွင် ပျော်ရွှင်ကြည်နူးစွာဖြင့် အမှတ်တရဓာတ်ပုံရိုက်ကြသူများ၊ ရေခဲပြင်ကို လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဝါးရုံတောငယ်လေးများ၊ ချုံတောငယ်လေးများအကြား တိုးဝှေ့ဖြတ်သန်းရသည့် သဘာဝ လူလျှောက်လမ်းလေးများတွင် ဖြတ်သန်းလျှောက်လှမ်းရသည်ကလည်း တောင်တက်ခရီးမှ ထူးခြားသော အရသာတစ်ခုပင်ဖြစ်သည်။ တောင်ခါးပန်းကိုပွေ့ဖက်ထားသည့်နှယ် တိမ်တိုက်တိမ်တောင်များ၊ တောင်ဇလပ်ပန်းနီနီများ၊ ညို့မှိုင်းနေသော ဝက်သစ်ချပင်များ၊ သဘာဝရနံ့ဖြင့် မွှေးပျံ့နေသည့် သစ်ခွပန်းအလှများအား ခံစားငေးမောရင်း အမှတ်တရဓာတ်ပုံတွေရိုက်ရင်းဖြင့် ဖြည်းဖြည်းမှန်မှန်လေး တက်ရောက်လာခဲ့ကြရာ ပေပေါင်း ၁၀၂၀၀ ကျော်မြင့်မားသည့် နတ်မတောင်ထိပ်ကြီးသို့ ရောက်ရှိလာခဲ့လျှင်မူ မောသမျှ အပန်းပြေရလေတော့သည်။

လေအဝှေ့မှာ တလူလူလွင့်ပျံ့နေသည့် သာသနာ့အလံတော်များနှင့်အတူ အေးချမ်းသာယာစွာ စံပယ်တော်မူ နေကြသည့် ငြိမ်းအေးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် ဇိနမာရ်အောင်စေတီတော်မြတ်တို့အား တောင်ထိပ်တွင် ဖူးမြော်ရမည်ဖြစ်သည်။ အတိုင်းမသိသော ပီတိအဟုန်ဖြင့် လွမ်းဆွတ်ကြည်နူးဖွယ် ထူးခြားသောရသကိုလည်း ခံစားရသည်။ ပေပေါင်း ၁၀၂၀၀ ကျော် မြင့်မားသီခေါင်သောဒေသတွင် အခက်အခဲမျိုးစုံကိုကျော်ဖြတ်ကာ ဘုရားဒါယကာ သံမဏိဦးမောင်မောင်နှင့်အဖွဲ့က ရုပ်ပွားတော်နှင့် စေတီတော်ကို ၁၉၇၁ ခုနှစ်က တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ကြောင်း ကမ္ပည်းကျောက်စာရေးထိုးထားသည်ကို တွေ့ရှိရသည့်အတွက် အလှူရှင်အား ချီးကျူး သာဓုခေါ်မိသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း တစ်သောင်းကျော်တွင် တည်ရှိနေသည့် နတ်မတောင်ဒေသသည် မြန်မာနိုင်ငံအတွက်သာမက အာဆီယံဒေသအတွက်လည်း ဂုဏ်ယူဖွယ် သဘာဝအမွေအနှစ် လက်ဆောင်ကြီးပင်ဖြစ်သည်။ အနီးဆုံးမြို့ဖြစ်သည့် ကန်ပက်လက်မြို့သည်ပင် ပေပေါင်း ၄၅၀၀ ကျော်အမြင့်တွင်သာ တည်ထားနိုင်သည်ကို ထောက်ရှုခြင်းဖြင့် နတ်မတောင်ကြီး၏ သဘာဝတန်ဖိုးကို အလေးအမြတ်ထားနိုင်ကြမည်ဖြစ်သည်။

ချင်းတိုင်းရင်းသားတို့ပျော်စံရာ တောင်ဇလပ်မြေမှ နတ်မတောင်ကြီးသို့ သွားရောက်ကြမည်ဆိုပါလျှင် မြန်မာပြည်အရပ်ရပ်မှ မော်တော်ယာဉ်အားလုံးသည် မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းဆုံရှိ ကန်စွန်းမမြို့လေးမှ စတင်ကာ ဆောမြို့အထိလာ၍ ဆောမြို့တွင် ခေတ္တအနားယူပြီးနောက် အမြင့်ပေ ၄၅၀၀ ကျော်ရှိ ကန်ပက်လက်မြို့သို့ တောင်ဆင်းတောင်တက်ခရီးကို ရင်သပ်ရှုမောခံစားရင်း ဆက်လက်လာရောက်ရမည်ဖြစ်သည်။

ထို့နောက် ကန်ပက်လက်မြို့တွင် ပါးရဲထိုးထားသည့် ချင်းတိုင်းရင်းသားအဘွားအိုတို့က ရိုးရာဝါးပလွေကို နှာခေါင်းဖြင့် မှုတ်၍ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုရင်း လှပသည့် ချင်းရိုးရာ ဂျပ်ခုတ်ထည်များကို အမှတ်တရလက်ဆောင် ဝယ်ယူနိုင်သလို ချင်းရိုးရာခေါင်ရည်ကို နွားနောက်သားကြော် မွှေးမွှေး၊ နွားနောက်သားထောင်းစပ်စပ်လေးဖြင့် မြည်းစမ်းရင်း အေးမြလှသော ချင်းတောင်တန်း၏ ညအလှကို မီးပုံပွဲနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြမည်ဖြစ်ရာ ချင်းတိုင်းရင်းသားသွေးချင်းတို့၏ သဘာဝနေထိုင်မှု ဓလေ့များကို ဝင်ရောက်လေ့လာရင်း မြင့်မားသီခေါင် နတ်မတောင်၏ သဘာဝအလှများကိုလည်း လာရောက်လေ့လာ ခံစားနိုင်ကြစေရန် ဖိတ်ခေါ်လိုက်ရပါကြောင်း။ ။



တောင်ဇလပ်ပန်း အလှအပများနှင့် နတ်မတောင်ရှုခင်း။




နတ်မတောင်ပေါ်သို့တက်မည့် ခရီးသွားဧည့်သည်များအား ကန်ပက်လက်မြို့၌ တွေ့ရစဉ်။

## မဟာအောင်မြေမြို့နယ်၌ မျက်မမြင်ဂီတဖျော်ဖြေပွဲကျင်းပမည်

**မန္တလေး ဧပြီ ၂၀**

မြန်မာနိုင်ငံ မျက်မမြင်များအသင်းမှ မျက်မမြင် ဂီတပညာရှင်များနှင့် မဟာအောင်မြေမြို့နယ် ပရဟိတအသင်းချုပ်တို့ ပူးပေါင်း၍ မဟာအောင်မြေမြို့နယ်အတွင်းရှိ ဘုံဆွမ်းလောင်းအသင်းများ၊ ပရဟိတအသင်းများ၊ လူမှုရေးအသင်းများ၊ နာရေးအသင်းများ၊ သွေးလှူရှင်အသင်းများက ကူညီပံ့ပိုးပြီး မျက်မမြင်ရန်ပုံငွေဂီတဖျော်ဖြေပွဲ (Free Show) ကျင်းပနိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၀ ရက်က မန္တလေး မဟာအောင်မြေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

မျက်မမြင်ဂီတဖျော်ဖြေပွဲကို မေလ ၁၈ ရက် ည ၇ နာရီမှ ၁၁နာရီအထိ မန္တလေးမြို့ ၆၂ လမ်းရှိ မနော်ရမ္မဟစ်တိုင်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးတွင် ဆွေးနွေးမှုအရ သိရသည်။ အစည်းအဝေးတွင် မြို့နယ်ပရဟိတအသင်းချုပ် ဥက္ကဋ္ဌ ဦးကျော်စိုးက အသင်း၏ ရေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ မျက်မမြင်များအသင်း အတွင်းရေးမှူး ဒေါ်ယမင်းဉမ္မာက အသင်း၏ ရည်ရွယ်ချက်များဖြစ်သည့် မျက်မမြင်များသည် ဥပဒေအရသော်လည်းကောင်း၊ လူ့အသိုင်းအဝိုင်းအတွင်း၌သော်လည်းကောင်း တန်းတူညီတူ အခွင့်အရေးအပြည့်အဝ ရရှိစေရန်၊ မျက်မမြင်များ၏ ပညာရေးကို မြှင့်တင်ပေးရန်၊ အထွေထွေဗဟုသုတ တိုးပွားလာစေရန်၊ မျက်မမြင်များ စိတ်ဓာတ်ရေးရာ မြင့်မားတိုးတက်လာပြီး ပျော်ရွှင်သောလူမှုဘဝကို ပိုင်ဆိုင်လာနိုင်စေရန် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မျက်မမြင်များအသင်းအတွက် ပရဟိတအသင်းများက အလှူငွေ ကျပ်လေးသိန်းခွဲကို ပေးအပ်ခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# လားရှိုးမြို့နယ် ဟူးမွန်ရေလှောင်တမံ ပျက်စီးသည့်အပိုင်းကို ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိ


ပြုပြင်မှုများ ဆောင်ရွက်နေသည့် ဟူးမွန်ရေလှောင်တမံအား တွေ့ရစဉ်။

**လားရှိုး ဧပြီ ၂၀**
ပြီးခဲ့သည့်နှစ် မိုးရာသီအတွင်းက ရေလွှဲဆည်အပေါ်မှ ရေနှစ်ပေခန့် ကျော်ကျခဲ့ပြီးလက်ရှိအချိန်တွင် ပြုပြင်မှုများဆောင်ရွက်နေသော လားရှိုးမြို့နယ် ဟူးမွန်ကျေးရွာ အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာရှိ ဟူးမွန် ရေလှောင်တမံနှင့် အလယ်ဆည် နုန်းထုတ်တံခါးတို့ အနေဖြင့် ကြံ့ခိုင်မှုအပြည့်ရှိနေပြီး စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး ဦးစန်းယုမောင်က “အခု လူအများပြောနေကြတဲ့ ဟူးမွန်ဆည်က အလယ်ဆည်(သို့မဟုတ်) ရေကျအဆောက်အအုံ၊ လူအများ အလွယ်နားလည် အောင်ပြောရရင် နုန်းထုတ်တံခါးလို့ ပြောလို့ရပါတယ်၊ လားရှိုးမြို့သောက်သုံးရေရရှိရေးအတွက် လွန်ခဲ့တဲ့ ၄၅ နှစ်ခန့်လောက်တုန်းက GE တပ်က တည်ဆောက်ခဲ့တာပါ၊ ရေဝပ်ဧရိယာ သုံးကေခန့်ရှိပြီး ရေအနက်ဆုံးအပိုင်းက ခြောက်ပေလောက်ရှိပါတယ်၊ ရေလွှဲဆည်ရဲ့အရှည်က ၇၅ ပေရှိပါတယ်၊ ၂၀၁၆ ခုနှစ်တုန်းက ဒီဆည်ကို ရေတွေ အကုန်ထုတ်ပြီး နုန်းတွေဆည်တော့ ၂၅ ရက်လောက် လားရှိုးမြို့မှာ ရေပြတ်ခဲ့ပါတယ်၊ ၂၀၁၈ ခုနှစ်မှာတော့ ဒီရေလွှဲဆည်ရဲ့ အပေါ်ကနေ နှစ်ပေခန့်လောက်အထိ ရေကျော်ကျခဲ့ဖူးပါတယ်၊ စိုးရိမ်ရတဲ့ အနေအထားမှာ မရှိခဲ့ပါဘူး၊ ဒီဆည်ရဲ့အဓိကအချက်ကတော့ တောင်ကျရေစီးဆင်းတဲ့အခါမှာ ပါလာတဲ့နုန်းတွေကို ထုတ်ပေးတဲ့ တံခါးပါ”ဟု ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး (မြို့ပြ) ဦးအောင်မင်းစိုးကလည်း “အခု ပျက်စီးနေတဲ့ အပိုင်းလေးကိုလည်း ကျွန်တော်တို့ဌာနက မျောတိုင်စိုက်ပြီး သံအိတ်နဲ့ ကာတာတွေ လုပ်ဆောင်နေပါတယ်၊ နှစ်ပေါင်း ၄၅ နှစ်ကျော် ကြာလာခဲ့လို့ ပြုပြင်စရာတွေလည်း ရှိလာပါမယ်။ အကြီးစား ပြင်ဆင်မှုတွေ လုပ်ကိုင်ပြီဆိုရင် သုံးကေလောက်ရှိတဲ့ ရေဝပ်ဧရိယာက ရေတွေကို ကုန်အောင်ထုတ်ရမယ်၊ ဒါဆိုရင် မြို့ရေပေးဝေမှုကို အဓိကသွားနေတဲ့ အဝေယျာဆည်၊ ကောက်ကွေ့ရေမြောင်းကို ရေမရောက်နိုင်တဲ့အတွက် လားရှိုးမြို့ကို ရေပေးဝေနေတဲ့ ဂါလန်တစ်သိန်း ဆံ့ရေကန်ကို ရေမရောက်နိုင်တော့ပါဘူး၊ ရပ်ကွက်တွေမှာလည်း အနည်းဆုံး ရေပြတ်လပ်မှု ၂၅ ရက်ခန့် ကြာမြင့်သွားမှာပါ၊ လုပ်ငန်းဆောင်ရွက်ဖို့ဆိုရင် ပွင့်လင်းရာသီအချိန်မှာသာ လုပ်ကိုင်ဆောင်ရွက်ရတာ လျင်မြန်မြန်ဆန်မှာဖြစ်ပါတယ်၊ အကြီးစားပြင်ဆင်မှုတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ကျလာရင် ဆောင်ရွက်မှာဖြစ်ပါတယ်”ဟု ပြောသည်။

ဟူးမွန်ဆည်ဟု အများပြည်သူ သိကြသော အလယ်ဆည် နုန်းထုတ်တံခါးမှာ လွန်ခဲ့သည့် ၄၅ နှစ်ခန့်က တည်ဆောက်ပြီးစီးခဲ့ပြီး လက်ရှိအချိန်တွင် လာရောက်လည်ပတ်သူများ အပန်းဖြေနားနေနိုင်သည့် ဘန်ဂလိုများလည်းရှိကာ လာရောက်ကြသူများအနေဖြင့် အမှိုက်စွန့်ပစ်ခြင်းကို စည်းကမ်းတကျ လုပ်ဆောင်ပါက ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပမှုကို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင်မူ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများလည်း ရှိနေကြောင်း သိရသည်။

ဟူးမွန်ရေလှောင်တမံကိုမူ ၁၉၉၅-၁၉၉၆ ဘဏ္ဍာ ရေးနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၇-၁၉၉၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ ဧရိယာ တစ်ဆက်စပ်တည်းရှိ ကောက်ကွေ့ရေလှောင်တမံကိုလည်း ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်က ပြီးစီးခဲ့သည်။ အဆိုပါ တမံနှစ်ခုမှ ထိန်းသိမ်းထားသော ဆည်ရေများကို ဖြန့်ဖြူးနိုင်ရန်အတွက် ဟူးမွန်ရေထိန်းတမံနှင့် အဝေယျာရေလွှဲဆည်တို့ကိုလည်း တစ်ပါတည်း တည်ဆောက်ခဲ့သည်။

ဟူးမွန်ရေလွှဲဆည်နှင့် အဝေယျာရေလွှဲဆည်တို့ကို ရေအားလျှပ်စစ်ထုတ်လုပ်ရန်၊ စိုက်ပျိုးရေပေးဝေနိုင်ရန်နှင့် ရေကြီးမှုမှကာကွယ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဟူးမွန် ရေလှောင်တမံစီမံကိန်း တည်ဆောက်ခဲ့ခြင်းကြောင့် မိုးတွင်းအခါတွင် လားရှိုးမြို့ကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ မိုးစပါး ဧက ၈၀၀ ကျော်အား စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ခြင်း၊ နွေရာသီတွင် စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် ရေပေးဝေနိုင်ခြင်း၊ လားရှိုးမြို့နေပြည်သူလူထုအတွက် သောက်သုံးရေ ဂါလန် သိန်း ၁၄၆၀ခန့် ပေးဝေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနေကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ပျိုးဥယျာဉ်ဆရာတော် သိက္ခာထပ်မွေးနေ့ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၀**
တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက် အောင်သီတာပျိုးဥယျာဉ်ကျောင်းတိုက်ရှိ ပျိုးဥယျာဉ်ဆရာတော် ဦးဝါယမသီဟအား (၅)ကြိမ်မြောက် စုပေါင်းသိက္ခာထပ်ပွဲ၊ ဆရာတော်၏ သက်တော် ၃၄ နှစ်ပြည့် ဇာတိသံဝေဂ မွေးနေ့မင်္ဂလာနှင့် ကျောင်းတိုက်တည် သာသနာပြုနှစ် ငါးနှစ်ပြည့် အထိမ်းအမှတ်ပွဲကို ဧပြီ ၁၉ ရက်က ပျိုးဥယျာဉ်ကျောင်းတိုက်အတွင်းရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတနှင့် ဘိုးဘွားရိပ်သာအတွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာတော်၏ မွေးနေ့မင်္ဂလာနှင့်အတူ ရဟန်းခံ၊ ရှင်ပြုပွဲ၊ သီလရှင်ဝတ်ပွဲ၊ ယောဂီဝတ်ပွဲ၊ ဖိုးသူတော်ဝတ်ပွဲများကိုလည်း ထည့်သွင်းကျင်းပခဲ့သလို နှစ်စဉ်ကျင်းပမြဲဖြစ်သော ပင့်သံဃာတော် အပါး ၉၀ နှင့် သာမဏေ ၁၀၈ ပါးတို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပွဲကိုလည်း ကျင်းပခဲ့ကာ ဇွန်လှိုင်းဘိုးဘွားမေ့ရုံ ရေစက်ချလှူဒါန်းပွဲကိုလည်း တစ်ဆက်တည်း ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်ပု**


ဆရာတော်၏ မွေးနေ့နှင့် သိက္ခာထပ်အခမ်းအနား ကျင်းပစဉ်။

# မြိုင်မြို့နယ်မှ လေပြင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်

**မြိုင် ဧပြီ ၂၀**
မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ဧပြီ ၁၈ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် မြို့နယ်မြောက်ပိုင်းကျေးရွာများဖြစ်သည့် သမင်ချောက်၊ ကုန်းစင်၊ ရွှေလင်းဆွဲ၊ မြန်အောင်နှင့် ပန်းတော်ပြင်ကျေးရွာများမှ နေအိမ်များ ထိခိုက်ပျက်စီးကာ အိမ်ထောင်စု ၁၂၅ စု လေဘေးသင့်ခဲ့သည်။

အဆိုပါ လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဧပြီ ၁၉ ရက်က လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ လေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂၅ စုနှင့် ဘုန်းတော်ကြီးကျောင်း ငါးကျောင်းတို့မှ လူဦးရေ ၅၅၀ ခန့်အတွက် ဆန်ရိက္ခာဖိုးကျပ် ၁၁ သိန်းကျော်၊ လေဘေးသင့်သည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးကျပ် ၃၃၅ သိန်းကျော်၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းမှ ပျက်စီးမှုများအတွက် ဆောက်လုပ်ရေးစရိတ် ကျပ်ငါးသိန်းနှင့် လေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးစီကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ပခုက္ကူခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးနေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်နိုင်နှင့် မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ခိုင်တို့က လေဘေးသင့်ပြည်သူများထံသို့ လက်ရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

# လူရည်ချွန်စခန်း(ငွေဆောင်) ဖွင့်လှစ်နိုင်ရေး ပုသိမ်မြို့၌ ဆွေးနွေး

**ပုသိမ် ဧပြီ ၂၀**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၉ ခုနှစ် လူရည်ချွန်စခန်း(ငွေဆောင်) ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၉ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၁၉ ခုနှစ် လူရည်ချွန်စခန်း(ငွေဆောင်)ဖွင့်လှစ်နိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်းက အမှာစကားပြောကြားပြီး စခန်းဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားမှုများကို တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်ဝင်းက ရှင်းလင်းတင်ပြသည်။


ထိုနောက် လူရည်ချွန်စခန်းအတွက် ပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ လူရည်ချွန်မောင်မယ်များ အပန်းဖြေနားနေရန်စီစဉ်ရေးကော်မတီ၊ လေ့လာရေးခရီးစဉ်နှင့် ပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ ဖွင့်ပွဲ ပိတ်ပွဲနှင့် ဧည့်ခံ ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးခဲ့သည်။

ပုသိမ်မြို့၌ ယခုနှစ် လူရည်ချွန်အပန်းဖြေစခန်းဖွင့်လှစ်ခြင်းသည် (၇)ကြိမ်မြောက်ဖြစ်ပြီး ဧပြီ ၂၈ ရက်မှ မေ ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ စခန်းဖွင့် နေစဉ်အတွင်း လူရည်ချွန်မောင်မယ်များအား ပုသိမ်မြို့မှ တန်ခိုးကြီးဘုရားများသို့ ပို့ဆောင်ပေးမည့်အပြင် ပုသိမ်ထီးနှင့် ဟာလဝါလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံများ၊ ရေငန်မှ ရေချိုထုတ်သည့်စက်၊ ငါးဖမ်း ငါးလှန်းလုပ်ငန်းခွင်နှင့် ယုဇန ပုစွန်သားဖောက်လုပ်ငန်း၊ ငွေဆောင်ဒေသရှိ ဟိုတယ်ကြီး လေးခု စသည်တို့ကို လူရည်ချွန်များ လေ့လာနိုင်ရန် ပို့ဆောင်ပေးမည်ဖြစ်ကာ (၁၉၆၄-၁၉၈၈)လူရည်ချွန်ကြီးများနှင့် တွေ့ဆုံခြင်း အစီအစဉ်ကိုလည်း စီစဉ်ထားကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# မိုင်းပန်မြို့နယ်တွင် ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

**မိုင်းပန် ဧပြီ ၂၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်အတွင်းရှိ နားမွန်ကျေးရွာအုပ်စုနှင့် နောင်လွန်းကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ၏ လိုလားချက်များကို တစ်နေရာတည်းတွင် ပြုလုပ်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ (Mobile Service Delivery)ကို ဌာနဆိုင်ရာများက ဧပြီ ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။


မြို့နယ်ရဲတပ်ဖွဲ့မှူးက အသိပညာပေး ဟောပြောစဉ်။

ဧပြီ ၁၉ ရက် နံနက်ပိုင်းတွင် နောင်လေကျေးရွာ၌လည်းကောင်း၊ နေ့လယ်ပိုင်းတွင် နောင်လွန်းကျေးရွာ၌လည်းကောင်း ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုဇယားများ ပြုလုပ်ပေးခြင်း၊ မွေးစာရင်းထည့်သွင်းခြင်းနှင့် ပျက်စီးစုတ်ပြဲသည့် အိမ်ထောင်စုဇယားများ အသစ်ပြန်ထုတ်ပေးခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်သည်။

ကျေးလက်နေပြည်သူများအား အသိပညာပေး ဟောပြောမှုတွင် မိုင်းပန်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ထွန်းလှက တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ် လဝကဦးစီးမှူး ဦးအောင်ကျော်သူက ဌာန၏ လုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးမင်းက ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မွေးစာရင်းမရှိသေးသည့် တစ်နှစ်အောက်ကလေးငယ်များအား မွေးစာရင်းပြုလုပ်ပေးကြရေးကိုလည်းကောင်း၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပုံစံ(၇) လျှောက်ထားခြင်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြသည်။

**မိုင်းပန် (ပြန်/ဆက်)**

# ဧက ၁၀၀ စာ ထောပတ်ပြောင်းနှင့် အစေ့ထုတ်ပြောင်းမျိုးစေ့များ ထောက်ပံ့ပေး

**လဟယ် ဧပြီ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်းမှ ဒေသခံတောင်သူများ လာမည့်မိုးရာသီတွင် စိုက်ပျိုးနိုင်ရေးအတွက် ဧက ၁၀၀ စာ ထောပတ်ပြောင်းနှင့် အစေ့ထုတ်ပြောင်း မျိုးစေ့များကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ဧပြီလ ဒုတိယပတ်အတွင်းက လွှဲပြောင်းပေးအပ်ထားပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦး၏ ပြောကြားချက်အရသိရသည်။

လဟယ်မြို့နယ်မှာ အများဆုံးစိုက်နေတဲ့ပြောင်းတွေက ဒေသမျိုးတွေဖြစ်တယ်၊ စိုက်တဲ့နှစ်တွေကြာလာတော့ အထွက်နှုန်းတွေ ကျလာတဲ့အတွက် အထွက်နှုန်းကောင်းမျိုးတွေကို ဖြန့်ပေးတာဖြစ်ပါတယ်၊ ထောပတ်ပြောင်းမျိုးစေ့ ကီလို ၂၅၀ နဲ့ အစေ့ထုတ်ပြောင်းမျိုးစေ့ ကီလို ၂၅၀၊ စုစုပေါင်း ဧက ၁၀၀ စာ ဖြန့်ဝေပေးတာဖြစ်ပါတယ်၊ အခုနှစ်စိုက်လို့ထွက်ရှိတဲ့မျိုးစေ့တွေကို နောင်လာမယ့်မိုးရာသီ အတွက်လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်” ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ယခု ၂၀၁၉ ခုနှစ် မိုးရာသီတွင် လဟယ်မြို့နယ်အတွင်း ထောပတ်ပြောင်းနှင့် အစေ့ထုတ်ပြောင်းများ စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကလျှင် မျိုးစေ့ ငါးကီလိုနှုန်းဖြင့် မျိုးစေ့ ကီလို ၅၀၀ ဖြန့်ဝေပေးခဲ့သလို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် မိုးရာသီအတွင်းကလည်း ရေဆင်း(၁၀) နှင့် ရေဆင်း(၁၁) ပြောင်းမျိုးစေ့များကို ၂၅၅ ဧကစာ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကော့သောင်းမြို့၌ သင်္ကြန်လွန်ချိန်အထိ ပင်လယ်အပန်းဖြေခရီးသွားဧည့်သည်များ စည်ကားနေ

**ကော့သောင်း မေ ၂၀**

မြန်မာ့ရိုးရာသင်္ကြန် အားလပ်ရက်များမတိုင်မီ ကာလကတည်းက ကော့သောင်းမြို့နယ် ပင်လယ်အပန်းဖြေကျွန်းများသို့ လာရောက်လည်ပတ်နေကြသည့် ခရီးသွားဧည့်သည်များမှာ ယခု သင်္ကြန်အလွန်ကာလတိုင်အောင် လျော့ပါးသွားခြင်း မရှိသေးဘဲ စည်ကားမြဲ စည်ကားနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာ့ပင်လယ်ကမ်းရိုးတမ်းဒေသတစ်လျှောက်တွင် အပန်းဖြေကမ်းခြေများ၊ အပန်းဖြေပင်လယ်ကျွန်းများ များစွာရှိသည့်အနက် ကော့သောင်းခရိုင်အတွင်းရှိ အက်ဒမန်ပင်လယ်အတွင်း၌ သဘာဝအလှအပများ မပျက်ယွင်းသေးသော ပတ်ဝန်းကျင်၊ ရေမြေတောတောင်နှင့် ရင်သပ်ရှုမောဖွယ် ရေအောက် သဘာဝရှုခင်းအလှအပများကို ယနေ့တိုင် တွေ့ရှိနိုင်သည့် ကောင်းသတင်းများကြောင့် ပြည်တွင်းခရီးသွားများအပြင် ထိုင်းနိုင်ငံမှတစ်ဆင့် လာရောက်လည်ပတ်ကြသည့် ပြည်ပခရီးသွားများဖြင့် စည်ကားနေခြင်းဖြစ်ကာ ကော့သောင်းမြို့မဆိပ်ကမ်း ဇာတ်တား၌ ပင်လယ်ခရီးစဉ်များသို့ သွားကြမည့် ဧည့်သည်များကို နေ့စဉ် တွေ့မြင်နေရသည်။

ကော့သောင်းသို့ရောက်လာကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များသည် သန့်ရှင်းလှပသည့် ပင်လယ်ကမ်းခြေသဲသောင်များနှင့် အပန်းဖြေအနားယူရန်နေရာများရှိသော ညောင်ဦးဖီးကျွန်း၊ စေတန်ကျွန်း၊ မြင်းခွာကျွန်း၊ ကြက်မောက်ကျွန်း(အသဲပုံကျွန်း)၊ ဇာဒက်ကြီးကျွန်း၊ ပန်းကျွန်း၊ ခရင်းခွကျွန်း၊ လည်ရွဲလေးလုံးကျွန်း၊ ငလုံးလက်ဖယ်ကျွန်းနှင့် စောင်းကောက်ကျွန်းများသို့ အများဆုံး သွားရောက်လည်ပတ်ကြကြောင်း သိရသည်။

မကြာမီကာလတွင် မုတ်သုံရာသီရောက်ရှိကာ လှိုင်းလေထန်သည့်ကာလဖြစ်၍ ကော့သောင်း ပင်လယ်ခရီးသွားရာသီမှာ ကုန်ဆုံးတော့မည်ဖြစ်ရာ ခရီးသွားရာသီမကုန်ဆုံးမီ အချိန်အခိုက်အတွံ့အတွင်း ပင်လယ် အပန်းဖြေခရီးစဉ်များ၌ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များဖြင့် စည်ကားနေခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကော့သောင်းမြို့မဆိပ်ကမ်းမှ နေ့စဉ် စပိဘုတ်အစီးရေ ၂၀ ကျော်ခန့်ဖြင့် ခရီးသွားကုမ္ပဏီများက မိမိတို့ခရီးစဉ်အလိုက် ထွက်ခွာပြေးဆွဲပေးလျက်ရှိပြီး သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ခရီးသွားဧည့်သည်များ ပို၍ လာရောက်လည်ပတ်လေ့ရှိကြောင်း၊ သင်္ကြန် အလွန်ကာလ ယခုရက်ပိုင်းအတွင်း၌လည်း တစ်နေ့လျှင် ခရီးသွားဧည့်သည်ဦးရေ ပျမ်းမျှ ၄၀၀ ကျော်၊ ၅၀၀နီးပါးခန့် နေ့စဉ် လာရောက်လည်ပတ်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**



ပင်လယ်ကျွန်းများသို့ အပန်းဖြေခရီးသွားမည့် ခရီးသည်များအား စပိဘုတ်ပေါ်၌ တွေ့ရစဉ်။

## မအူပင်မြို့နယ်၌ ပြည်သူများ စုပေါင်းလှူဒါန်းသည့် ကျေးလက်ဆေးပေးခန်းသစ်ဖွင့်လှစ်

**မအူပင် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ဝါးတောကျေးရွာ၌ ကျေးရွာအလှူရှင်များ စုပေါင်းလှူဒါန်းသည့် ဝါးတောဆေးခန်း အဆောက်အအုံဖွင့်ပွဲနှင့် ရေစက်ချအလှူပွဲကို မေ ၁၉ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဝါးတောဆေးပေးခန်း ဆောက်လုပ်ရန်အတွက် ပေ ၁၂၀ ပတ်လည်မြေနေရာကို ဝါးတောကျေးရွာနေ ကွယ်လွန်သူ (ဦးစောလှသိန်း)အားရည်စူး၍ ဒေါ်မြင့်မြင့်အေး မိသားစုက လှူဒါန်းခဲ့ပြီး အဆောက်အအုံကို ကွယ်လွန်သူ (ဦးတင်အောင်ဇော်)အားရည်စူး၍ ဦးလှကြည်မိသားစုနှင့် ကျေးရွာနေပြည်သူများ၏ စုပေါင်းလှူဒါန်းမှုဖြင့် အမြင့် ၁၅ ပေ၊ အကျယ် ၂၂ ပေရှိ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ် အဆောက်အအုံအဖြစ် ဆောက်လုပ်ခဲ့ကြောင်း၊ ယခင်က ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲသုံးခုမှ ပြည်သူ ငါးထောင်ကျော်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အခက်အခဲရှိခဲ့ရာမှ ယခု ဆေးပေးခန်းတွင် မြို့နယ်ကျန်းမာရေးဌာနမှ အရန်သားဖွားတစ်ဦးနှင့် ကျန်းမာရေးလက်ထောက်တို့က စဉ်ဆက်မပြတ် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**

## ဘောလခဲမြို့ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး ရှောင်တခင်စစ်ဆေး

**ဘောလခဲ မေ ၂၀**

ကယားပြည်နယ် ဘောလခဲမြို့၌ ရောင်းချနေသော ဓာတ်ဆီနှင့် ဒီဇယ်အရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်းရှိမရှိကို တာဝန်ရှိသူများက မေ ၁၉ ရက်က ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။

ဘောလခဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန အမှုဆောင်အရာရှိ ဦးသန်းထိုက်ဦး၊ မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးဝင်းမြင့်၊ ဒုမီးသတ်ဦးစီးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းပြီး ဘောလခဲမြို့၌ ရောင်းချလျက်ရှိသော ဓာတ်ဆီနှင့် ဒီဇယ် အရောင်းဆိုင်များတွင် မီးသတ်ဆေးဘူးများ ထားရှိမှုရှိမရှိ၊ ဓာတ်ဆီ၊ ဒီဇယ်များကို စနစ်တကျ သိုလှောင်ထားခြင်းရှိမရှိ စသည်တို့ကို ရှောင်တခင် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ထို့အပြင် လက်ရှိအချိန်တွင် ရာသီဥတုမှာ ပူပြင်းလွန်းသည့်အတွက် အရောင်းဆိုင်များ၏ ဘေးပတ်ဝန်းကျင်၌ ပေါင်းမြက်ခြောက်များကို ရှင်းလင်းထားရန်၊ ဓာတ်ဆီနှင့် ဒီဇယ်ပုံးများကို အဝတ်စိုဖြင့် ဖုံးအုပ်ထားရန်နှင့် ဆိုင်ရှေ့တွင် စိုစွတ်အောင် ရေများပက်ဖျန်းပေးရန်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆိုင်ရှင်များအား အကြံပြုမှာကြားခဲ့သည်။

**ဖိုးရယ်**

## မင်းတုန်းမြို့နယ်တွင် လေပြင်းကြောင့် နေအိမ်ပျက်စီးသူများအား ထောက်ပံ့ငွေပေးအပ်


လေပြင်းဒဏ်သင့်ပြည်သူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

**မင်းတုန်း မေ ၂၀**

သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် မေ ၁၈ ရက်ကတိုက်ခတ်သောလေပြင်းကြောင့် တိုင်တားကျေးရွာနှင့် သမင်ကတုတ်ကျေးရွာတို့ရှိ နေအိမ်အချို့ပျက်စီးမှုများရှိခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူစိုး၊ တိုင်းဒေသကြီး (၂) လွှတ်တော်ကိုယ်စားလှယ် ဦးအေးလှိုင်ဦး၊ ကျောက်တိုင် မီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရန်နိုင်ထွန်းနှင့်သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေး ပရဟိတအဖွဲ့မှ ဦးဝင်းရွှေနှင့် ဦးမြင့်အောင်တို့က မေ ၁၉ ရက်က သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်တစ်အိမ်လုံး လုံးဝပြိုလဲသွားသော တိုင်တားကျေးရွာရှိ အိမ်ပိုင်ရှင်တစ်ဦးအား ထောက်ပံ့ငွေ ကျပ်နှစ်သိန်းနှင့် နေအိမ်အမိုး လုံးဝပျက်စီးသွားပြီး ပြန်လည်ပြုပြင်ရန် အခက်အခဲရှိသော အိမ်ရှင်တစ်ဦးအား ထောက်ပံ့ငွေ ကျပ်တစ်သိန်းကိုသဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ရေး ပရဟိတအဖွဲ့က ထောက်ပံ့ပေးအပ်ခဲ့သည်။

**ချင်းကလေး(မင်းတုန်း)**

## ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေး အမ်းမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

**အမ်း မေ ၂၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ပျဉ်းတောရွာ၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်နှင့် မြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ကွက်စိပ်/ကွက်ကျဲ တိုင်းတာခြင်းနှင့် စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မေ ၁၉ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကျေးရွာနေပြည်သူများ၏ မြေပိုင်ဆိုင်မှု ခိုင်မာစွာရရှိရေးအတွက် ကျေးရွာမြေ၊ လယ်မြေ၊ ဥယျာဉ်မြေ၊ ကိုင်းမြေတို့ကို မြေယာများဥပဒေနှင့်အညီ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးသွားရန် ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုလို ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခြင်းအားဖြင့် ကျေးရွာနေ ဒေသခံပြည်သူများ အနေဖြင့် ခိုင်မာသော မြေပိုင်ဆိုင်မှုအထောက်အထားများ ရရှိကာ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**


မြေတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်

## ကျောင်းကြီးရှင်ချစ်စေတီတော် ဗုဒ္ဓပူဇနိယပွဲ၌ ဆွမ်းဆန်တော်လောင်းလှူ

**ကျောက်ထု မေ ၂၀**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသ ယောမြို့ကျေးရွာ၏ ရှေးဟောင်းသမိုင်းဝင် ကျောင်းကြီးရှင်ချစ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို မေ ၁၇ ရက်မှ စတင်ကျင်းပလျက်ရှိပြီး ဆွမ်းဆန်တော်လောင်းလှူပွဲကိုလည်း စေတီတော်ရင်ပြင်၌ မေ ၁၉ ရက်က ကျင်းပခဲ့ကာ သံဃာတော် အပါး ၄၀ အား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူခဲ့ကြသည်။

ထို့နောက် အဆိုပါ စေတီတော် အာရုံခံတန်ဆောင်း၌ ဒေသတွင်းကျေးရွာ ၅၃ ရွာရှိ ဘုန်းတော်ကြီးကျောင်း ၅၇ ကျောင်းမှ ထူးချွန်စာအောင်သံဃာတော် ၁၁ ပါးတို့အား ဂုဏ်ပြုလက်မှတ်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပခဲ့သည်။

ယောမြို့ကျေးရွာ(ယခင် ယောမြို့)ကို ကုန်းဘောင်ခေတ် ယောအတွင်းဝန် ဦးဖိုးလှိုင် စားခဲ့ရသည့်မြို့အဖြစ် လူသိများသည်။ ယခုအခါ ဆောမြို့နယ် ကျောက်ထုမြို့ဒေသ၌ ရွာအဖြစ်သာ တည်ရှိနေသော်လည်း ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့သည့် လယ်ယာမြေ ဧက ၂၇၀၀ ကျော်ကို ရေပေးသွင်းနိုင်သည့် ယောမြောင်းကြီးကို ဆက်လက်ထိန်းသိမ်းတည်ဆောက်ထားနိုင်ခြင်း၊ ဒေသနေပြည်သူများ၏ ရိုးသားကြိုးစားခြင်း၊ ဖော်ရွေစွာဆက်ဆံတတ်ခြင်းနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းတို့ကြောင့် ယနေ့တိုင် လူသိများလျက်ရှိဆဲဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေအခက်ကြုံနေသည့် ကျိုက်မရောမြို့နယ်မှ ကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ကျိုက်မရော မေ ၂၀**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအချို့၌ နွေရာသီကာလ သောက်သုံးရေရှားပါးပြတ်လပ်မှုကို ကြုံတွေ့နေရသဖြင့် ကျိုက်မရော လူငယ်ပရဟိတအဖွဲ့ ရေလှူအသင်းမှ ဦးစောဒူးလေး ဦးဆောင်သောအဖွဲ့ဝင်များက မေ ၂၀ ရက်က သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မေ ၂၀ ရက်က ကလိုင်းကနိုင်ကျေးရွာနှင့် ရှင်စောပုရပ်ကွက်တို့မှ ပြည်သူများထံသို့ သောက်သုံးရေများကို ရေလှူအသင်းဝင်များက ရေသယ်ယာဉ်သုံးစီးဖြင့် အိမ်ရှေ့အရောက် လှည့်လည်ပို့ဆောင် လှူဒါန်းပေးခဲ့ခြင်းဖြစ်သည်။ ယခု မေလအတွင်း ရာသီဥတုအပူရှိန်သည် ပို၍မြင့်တက်လာသည်နှင့်အမျှ ကျိုက်မရောမြို့နယ်အတွင်းရှိ ရေတွင်း ရေကန်များတွင် သောက်သုံးရေများ ခန်းခြောက်ပြတ်လပ်မှုနှင့် ရင်ဆိုင်နေကြရပြီး ပြည်သူများ၏ ရေအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန် အလှူရှင်များလည်း လိုအပ်နေကြောင်း ပရဟိတရေလှူအသင်းခေါင်းဆောင် ဦးစောဒူးလေးထံမှ သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော)**

# ဆံတော်ရှင် ကျိုက်ခနုတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနုတ်စံပြကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ခနုတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၁၂ ရက်မှ မြန်မာနှစ်ဆန်း ၃ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ကျိုက်ခနုတ်စေတီတော်မြတ်ကြီးသည် လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ကျော်ခန့်မှစ၍ ဟံသာဝတီမင်းအဆက်ဆက် တည်ထားပြုပြင်ကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် စေတီတော်ကြီးတစ်ဆူဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ အစိုးရအဆက်ဆက် ထိန်းသိမ်းပြုပြင် မွမ်းမံဆောင်ရွက်ခဲ့သည့် စေတီတစ်ဆူဖြစ်ပြီး ယခုအခါ ဥဏ်တော်အမြင့် ၁၈၉ ပေ၊ လုံးပတ်တော် ၂၄၄ ပေကျော်၊ ဖိနပ်တော် ပေ ၄၉၀ ကျော်ရှိသည်။

စေတီတော်မြတ်ကြီး၏ ရှေးဟောင်းလက်ရာအမွေအနှစ်များ မပျောက်ပျက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စေတီတော်မြတ်ကြီး ဘက်စုံပြင်ဆင်မွမ်းမံရေးအဖွဲ့နှင့် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ ထို့အပြင် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယဆွမ်းတော်ကြီးတင်ပွဲ၊ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဈေးရောင်းပွဲတော်၊ ဇာတ်သဘင်ပွဲနှင့် ပျော်ပွဲရှင်ပွဲများကို နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒလမြို့နယ် ဆံတော်ရှင် ကျိုက်ခနုတ်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်လိုပါက ရန်ကုန်(ပန်းဆိုးတန်း)ဆိပ်ကမ်းမှတစ်ဆင့် လာရောက်နိုင်ပြီး ဒလမြို့ နာရီစင်အဝိုင်းမှ ခနုတ်စေတီသွား ကားလမ်းအတိုင်း သွားပါက ၁၂ မိုင် ခရီးကွာဝေးကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-နိုင်လင်းကျော်(ဒလ)**

ကျိုက်ခနုတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်၌ ဘုရားဖူးပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားနေစဉ်။





## ကြည့်မြင်တိုင်မြို့နယ်၌ မူခင်းအသိပညာပေးဟောပြော

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် အိုးဘိုရပ်ကွက် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံရှေ့ကွင်းပြင်တွင် မေ ၁၉ ရက် နံနက်က ခရီးသွားပြည်သူများအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မူခင်းအသိပညာပေးယာဉ်ဖြင့် ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အေးထွန်းအောင်နှင့် နယ်ထိန်းအရာရှိ ဇော်လင်းထိုက်တို့က မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**



မေ ၁၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး မူခင်းပညာပေးယာဉ်ဖြင့် အလုံမြို့နယ်အတွင်း လူစည်ကားရာ ဈေးများ၊ ဆိပ်ကမ်းများသို့လှည့်လည်၍ အလုံမြို့ရဲစခန်းမှူး ဒုတိယရဲမှူး ကျော်ဇင်ထိုက်နှင့် အဖွဲ့က မူခင်းအသိပညာပေးဟောပြောကြစဉ်။ တင်မောင်ဦး(အလုံ)

## မလှိုင်မြို့တွင် လေပြင်းတိုက်၍ အမိုးလန်ပျက်စီးသွားသော နေအိမ်အတွက် ထောက်ပံ့ပေးအပ်

**မလှိုင် မေ ၂၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရွာသစ်ကလေးကျေးရွာရှိ ဒေါ်စောအေး၏ ဆောက်လုပ်ဆဲနေအိမ်မှာ မေ ၁၈ ရက် ညနေ ၃ နာရီဝန်းကျင်က လေပြင်းတိုက်၍ နေအိမ်ခေါင်မိုး တစ်ခုလုံးပြုတ်ကျမှုဖြစ်ပွားခဲ့ကြောင်း ဒေါ်စောအေးထံမှ သိရသည်။

အဆိုပါကျေးရွာသို့ မေ ၂၀ ရက် နံနက် ၁၁ နာရီက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မိတ္ထီလာမြို့နယ်မှ ဦးသန့်ဇင်ဦးနှင့်အဖွဲ့က မလှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့်အတူ လေပြင်းတိုက်၍ အမိုးလန်သွားသော ဒေါ်စောအေးမိသားစုအား ထောက်ပံ့ပစ္စည်း ဆယ်မျိုးနှင့်အတူ ပျက်စီးသွားသော သွပ်ပြားများအတွက် တန်ဖိုးငွေကျပ် ၄၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

## ကျိုက်မရောတွင် မဟာဓာတ်အားလိုင်း ဓာတ်တိုင်အသစ်များစိုက်ထူ

**ကျိုက်မရော မေ ၂၀**

မွန်ပြည်နယ် ကျိုက်မရောမြို့တွင် လျှပ်စစ်ဓာတ်အားလိုင်း အပြည့်အဝရရှိစေရန်နှင့် ကျိုက်မရော-မော်လမြိုင်သွား ကားလမ်းမပေါ်ရှိ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် ကျေးရွာများအတွက် လျှပ်စစ်မီးအပြည့်အဝရရှိစေရန် မေ ၂၀ ရက်က ကျိုက်မရောမြို့နယ် လျှပ်စစ်ရုံးဝန်ထမ်းများက ကျိုက်မရော-မော်လမြိုင် ကားလမ်းပေါ်ရှိ မုယောင်းကျေးရွာ၌ မဟာဓာတ်အားလိုင်းဓာတ်တိုင်များကို စိုက်ထူလျက်ရှိကြောင်း သိရသည်။

အဆိုပါ မုယောင်းကျေးရွာနှင့် ပိန်းနဲကုန်းကျေးရွာကြားရှိ ထန်းပင်တန်းလမ်းမတစ်လျှောက်တွင် ယခင်က ဓာတ်တိုင်များစိုက်ထူထားခြင်းမရှိ၍ လျှပ်စစ်မီးအခက်အခဲကို အချိန်အတော်ကြာ စောင့်ခဲ့ရကြောင်း၊ ညဘက်ခရီးသွားလာသူ ကား၊ ဆိုင်ကယ်မောင်းသူများအနေဖြင့် အမှောင်ထဲမောင်းရသဖြင့် အန္တရာယ်များရှိကြောင်း၊ ယခုလို မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးလင်းတော့မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပိုမိုအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ကျိုက်မရော )**

## တပ်မတော်ဆေးဝန်ထမ်းအဖွဲ့ ပခုက္ကူမြို့နယ်ရှိ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသ

**ပခုက္ကူ မေ ၂၀**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၁)တပ်မတော်ဆေးရုံ ခုတင် ၂၅ (လမ်းရှာ)မှ ဗိုလ်ကြီး အောင်စံဖြိုးသူ ဦးဆောင်သည့် တပ်မတော်ဆေးဝန်ထမ်းအဖွဲ့သည် မေ ၂၀ ရက်က ပခုက္ကူမြို့နယ် ကျောက်ဇောင်းကျေးရွာရှိ ဒေသခံပြည်သူ ၆၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်ဇောင်းကျေးရွာသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းရပ်ဝန်းဒေသတွင် ပါရှိသည့်အတွက် လတ်တလောရာသီဥတုကြောင့် အပူရှပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ သက်ကြီးရွယ်အိုများ ရာသီဥတုဒဏ်ကြောင့် မူးဝေခြင်း၊ အားနည်းခြင်းများ၊ သွေးတိုးရောဂါနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါများ အဖြစ်များသည့်အတွက် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ကလိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**



တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှ(သမာဓိ) မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဆရာ မိုးကြိုးဦးခင်မောင်လေး (ဖိုးသောကြာ)အား နှစ်သစ်ကူးဂါရဝပြုကုသိုလ်အဖြစ် ငွေကျပ် ငါးသိန်းကို မေ ၂၀ ရက် နံနက်ပိုင်းက ဆရာ၏နေအိမ်သို့ သွားရောက်ပေးအပ်လှူဒါန်းစဉ်။ (၀၄၈)

# ထီးစဲခါးရေတံခွန်ဝန်းကျင် သဘာဝအနေအထားပျက်စီးမှုမရှိစေရေး အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းကို တားမြစ်ရန်လိုအပ်



ကယားပြည်နယ်ရှိ ထီးစဲခါးရေတံခွန်ကို တွေ့ရစဉ်။

**လွိုင်ကော် မေ ၂၀**

ကယားပြည်နယ်ရှိ ထီးစဲခါးရေတံခွန် ပတ်ဝန်းကျင်အား သဘာဝအနေအထား ပျက်စီးယိုယွင်းခြင်းမှ ကာကွယ်နိုင်ရန် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းမပြုဘဲ သဘာဝအနေအထားကိုသာ မပြုမပြင်ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း အဆိုပါထီးစဲခါးရေတံခွန်သို့ အပန်းဖြေလေ့လာရေးခရီး လာရောက်သူအချို့က ပြောကြသည်။

“ကျွန်တော် ထီးစဲခါးရေတံခွန်ကို နှစ်စဉ်နှစ်တိုင်း ရောက်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်လာတာကို တွေ့မြင်ရပါတယ်။ ရေတံခွန်ကို လာရောက်ကြသူတွေဟာ ရေတံခွန်နဲ့ ပတ်ဝန်းကျင်သဘာဝအနေအထားတွေကို လေ့လာအပန်းဖြေချင်လို့ လာကြတာပါ။ အဆောက်အအုံတွေ တိုးချဲ့ဆောက်လုပ်ကြခြင်းအားဖြင့် သဘာဝအနေအထားတွေ ပျက်စီးယိုယွင်းလာနိုင်ပါတယ်” ဟု ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့မှ အမျိုးသားတစ်ဦးက ပြောသည်။

ယခုအခါ ရေတံခွန်နှင့် လိုက်ဖက်တင့်တယ်လျက်ရှိသည့် သစ်တောအတွင်း မြေပြင်တွင် ကွန်ကရစ်ခင်းခြင်း၊ ကွန်ကရစ်လှေကားထစ်များတည်ဆောက်ခြင်း၊ မော်တော်ကားရပ်နားရန် မြေပြင်ခြင်း၊ ဈေးဆိုင်ခန်းများ များပြားစွာဆောက်လုပ်ခြင်း၊ အပန်းဖြေစခန်းနှင့် မလျော်ညီသည့် အဆောက်အအုံမျိုးစုံတို့ များပြားစွာတည်ဆောက်ခြင်း၊ ရေတံခွန်ပတ်ဝန်းကျင်နှင့် နမ့်တန်ဖချောင်း ဘေးဝဲယာတွင် မလိုအပ်ဘဲ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း စသည်တို့ကြောင့် သဘာဝအနေအထားမှာ တစ်စတစ်စ ပျက်စီးယိုယွင်းလာလျက်ရှိရာ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းမပြုရေး သက်ဆိုင်ရာမှ တားမြစ်ပိတ်ပင်သွားရန် လိုအပ်လျက်ရှိသည်။

ထီးစဲခါးရေတံခွန်သည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၏ နယ်စပ်တစ်လျှောက် ဖြတ်သန်းစီးဆင်းသည့် နမ့်တန်ဖချောင်းပေါ်တွင် သာယာလှပစွာဖြစ်ပေါ်လျက်ရှိပြီး ၂၀၀၁ ခုနှစ်မှ စတင်ကာ ထင်ရှားကျော်ကြားလာပြီး အပန်းဖြေသူများ အများအပြားလာရောက်လျက်ရှိကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**


BOOST+
ဓာတ်ဆားအချိုရည် ပိုလန်းတယ်...
နှစ်ဆန်း ၁ရက်နေ့ မှ စ၍
နိုင်ငံသူနိုင်ငံသား အားလုံး စိတ်ဓါတ်ချမ်းသာခြင်းကိုယ်ဓါတ်ကျန်းမာခြင်းနှင့်
ပြည့်စုံပါစေကြောင်း၊ နှစ်သစ်မှစ၍ အခက်အခဲဟူသမျှရန်ဟူသမျှကင်းစင်ပပျောက်၍
ပိုမို၍ရွှင်လန်းစွာ နေထိုင်နိုင်ကြစေကြောင်း
Boost+ဓာတ်ဆားအချိုရည် မိသားစုမှ ဆုတောင်းမေတ္တာပို့သအပ်ပါသည်...
BOOST+
Electrolyte Beverage
Original

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

**နေပြည်တော် ဧပြီ ၂၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shouigu နှင့် ရုရှား- မြန်မာစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အူလန်အူဒယ်မြို့သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ULAN - UDE Aviation Plant မန်နေးဂျင်းဒါရိုက်တာ Mr.ALEXEY KOZLOV၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။


ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် (၈)ကြိမ်မြောက် မော်စကို နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (8th Moscow Conference on International Security)သို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရနှင့် တပ်မတော်မှအကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် အထင်ကရနေရာများအား လှည့်လည်ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နေပြည်တော်လေဆိပ်၌ တပ်မတော်အရာရှိကြီးများက ပို့ဆောင်နှုတ်ဆက်စဉ်။
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် ခန့်အပ်



**ရန်ကုန် ဧပြီ ၂၀**

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း နည်းပြချုပ်အဖြစ် မွန်တီနီဂရိုးနိုင်ငံသား ရာဒူလိုဗစ် (ဝဲပုံ) ကို ခန့်အပ်လိုက်ပြီဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ရာဒူလိုဗစ်ကို မြန်မာအသင်းနည်းပြချုပ်အဖြစ် ခန့်အပ်ကြောင်း ဧပြီ ၂၀ ရက်က ထုတ်ပြန်ခဲ့ပြီး ရက်ပိုင်းအတွင်း စာချုပ်ချုပ်ဆိုပွဲနှင့် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်ဖြစ်သည်။ ရာဒူလိုဗစ်နှင့်အတူ လက်ထောက်နည်းပြတစ်ဦးပါ ခန့်အပ်မည်ဖြစ်ပြီး ၎င်းသည် ဧပြီ ၁၈ ရက်ကတည်းက ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ ပြည့်နှစ်ဒီဇင်ဘာအထိ စာချုပ် ချုပ်ဆိုမည်ဖြစ်ပြီး ရာဒူလိုဗစ်အနေဖြင့် စက်တင်ဘာတွင်စတင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ဒုတိယအဆင့်၊ ၂၀၂၀ ပြည့်နှစ်နိုဝင်ဘာတွင် ကျင်းပမည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။ ရာဒူလိုဗစ်သည် အာရှအသင်းတစ်သင်းဖြစ်သော လက်ဘနွန်လက်ရွေးစင်အသင်းကို ကာလရှည်ကိုင်တွယ်ခဲ့ဖူးသည့် နည်းပြတစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ကိုင်တွယ်ခဲ့ကာ

စာမျက်နှာ ၁၂ ကော်လံ ၃ ❄

# ဟောင်ကောင် ယူ- ၁၈ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်း သရေကျ

**ရန်ကုန် ဧပြီ ၂၀**

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဟောင်ကောင်ယူ- ၁၈ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ဟောင်ကောင်၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပွဲဦးထွက်ပွဲတွင် အနိုင်ရထားသည့် မြန်မာနှင့် ဗီယက်နမ်အသင်းတို့ နိုင်ပွဲဆက်ရန် ကြိုးပမ်းခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ခြေစွမ်းပိုင်းအရ ပိုတိုးတက်လာပြီး အနိုင်သုံးမှတ်မရသော်လည်း ဗီယက်နမ်ကို သရေကစားနိုင်ခဲ့၍ ချန်ပီယံမျှော်လင့်ချက် ပိုကောင်းသွားခဲ့သည်။ အခြားပွဲတွင်အိမ်ရှင်ဟောင်ကောင်အသင်းက စင်ကာပူအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် မြန်မာနှင့် ဗီယက်နမ်အသင်းက လေးမှတ်စီ၊ ဟောင်ကောင်အသင်းက သုံးမှတ်ရထားပြီး စင်ကာပူအသင်းမှာမူ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။

စာမျက်နှာ ၁၂ ကော်လံ ၅ ○



မြန်မာကစားသမား ဗီယက်နမ်ဘက်သို့ ထိုးဖောက်စဉ်။ ဓာတ်ပုံ- MFF

## မာတိကာ


အကြိမ်(၃၀)မြောက် ဆီးဂိမ်းအကြို တိုက်ကွမ်ဒိုပြိုင်ပွဲ မြန်မာကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည် — စာမျက်နှာ - ၁၂

မံစီမြို့နှင့် မန္တလေးမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ — စာမျက်နှာ - ၁၃

အင်ဒိုနီးရှားနိုင်ငံ ဘာလီ အပြည်ပြည်ဆိုင်ရာလေဆိပ် မီးလောင်ရာ ခရီးသည်များကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်း — စာမျက်နှာ - ၁၄



Myanmar Endocrine and Diabetes Conference 2019 (MMEDC 2019)
ဆေးပညာနှီးနှောဖလှယ်ပွဲ
MSEM
MMDA Myanmar Diabetes Association
Myanmar Society of Endocrinology and Metabolism (ဟော်မုန်းရောဂါဗေဒပညာရှင်များအသင်း) နှင့် Myanmar Diabetes Association ( မြန်မာနိုင်ငံဆီးချိုသွေးချိုရောဂါအသင်း)တို့ပူးပေါင်း၍ Myanmar Endocrine and Diabetes Conference 2019 ဆေးပညာနှီးနှောဖလှယ်ပွဲအား ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့နှင့် ၁၉ ရက်နေ့များတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။
ဆက်သွယ်ရန်။ (၁) ဒေါက်တာစန်းစန်းဝင်း ( ၀၉-၅၁၄၁၇၂၁ ) ဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဌာန၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး။
(၂) ဒေါက်တာခင်စန္ဒာ ( ၀၉-၂၅၆၄၂၀၉၀၄ ) ဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး။
(၃) ဒေါက်တာအောင်ကိုကို ( ၀၉-၂၀၁၇၆၀၄ ) ဆီးချိုနှင့်ဟော်မုန်းရောဂါအထူးကုဌာန၊ မန္တလေးပြည်သူ့ဆေးရုံကြီး။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ

မြန်မာ့အလင်း

တနင်္ဂနွေ၊ မေ ၂၁၊ ၂၀၁၉


ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သုံးနှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ တတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# ကုန်သွယ်မှုများဖြင့် အမျိုးသားအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်စေမည်

**ဆောင်းပါး - မေဦးမိုး၊ ဓာတ်ပုံစုစည်း - အေးသန်း**

**ကုန်သွယ်မှုမြှင့်တင်ရေး (Trade Promotion)၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး(Trade Facilitation)၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေး (Trade Negotiation)၊ ကုန်သွယ်မှုဆိုင်ရာဖြေလျှော့ပေးရေး (Trade Liberalization)၊ ကုန်သွယ်မှုပညာပေးရေး (Trade Education) နှင့် စားသုံးသူအကာအကွယ်ပေးရေး(Consumer Protection)တို့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်နေသည့် လုပ်ငန်းကဏ္ဍကြီးများ ဖြစ်ကြသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်

"ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ နယ်ပယ် (Scope) က ကူးသန်းရောင်းဝယ်မှုကဏ္ဍတစ်ခုတည်းကိုပဲ အာရုံစိုက်တာမဟုတ်ပါဘူး။ လယ်ကွင်းထဲကနေ စက်ရုံအထိ၊ စက်ရုံကနေ စားသုံးသူပြည်သူတွေရဲ့ထမင်းစား စားပွဲပေါ်အထိ ရောက်တဲ့ အကျိုးဝင်တဲ့ ထုတ်လုပ်စားသုံးမှုကွင်းဆက် (Supply Chain) တစ်ခုလုံးကို လွှမ်းခြုံပြီး ဖွံ့ဖြိုးတိုးတက်မှုရရှိလာအောင် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

**စီးပွားရေးခိုင်မာတောင့်တင်းရန်လိုအပ်**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အဓိကတာဝန်မှာ ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေး ဖြစ်သည်။ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃ ဘီလီယံ ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက် အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉ ဘီလီယံ ဖြစ်ခြင်းကြောင့် ပြီးခဲ့တဲ့နှစ်ကထက် ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၉၄ ဘီလီယံ လျှော့ချဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရသည်။

"ဝန်ကြီးဌာနရဲ့ခံယူချက်ကတော့ ထုတ်လုပ်သူ၊ တောင်သူနဲ့ အလုပ်သမားအားလုံး စည်ပင်ဝပြောမှ တိုင်းပြည်စည်ပင်မယ်၊ ကုန်သည်လုပ်ငန်းရှင်များ စီးပွားရေးလုပ်ကွက်ကောင်းမွန်မှ တိုင်းပြည်ချမ်းသာမယ်၊ စားသုံးသူများ စိတ်ကျေနပ်မှုရှိမှ တိုင်းပြည်သာယာမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားသည်။

**ပို့ကုန်များတိုးမြှင့်တင်ပို့**

ပို့ကုန်တင်ပို့မှုများတွင် ယခင်ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် တင်ပို့ခဲ့သော်လည်း ယခုဘဏ္ဍာနှစ်တွင် ယနေ့အထိ အမေရိကန်ဒေါ်လာ ၁၄ ဘီလီယံခန့်ကို တိုးမြှင့်တင်ပို့နိုင်ခဲ့သည်။ ထို့ပြင် ဥပရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့မှ အထူးအကောက်ခွန်သက်သာခွင့် (GSP) အခွင့်အရေးများ ပြန်လည်ရရှိခဲ့သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း အများအပြား ဖန်တီးပေးနိုင်သည့် ချုပ်ပြီးအဝတ်အထည် တင်ပို့မှုတွင်လည်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံအထိ စံချိန်တင် တင်ပို့နိုင်ခဲ့သည်ကို မြင်တွေ့ရသည်။ လယ်ယာထွက်ကုန်၊ ဆန်၊ ပဲ၊ ပြောင်း၊ သစ်သီးဝလံ၊ ကျွဲ၊ နွား၊ ဆိတ်နှင့်အခြား ပို့ကုန်အမယ်သစ်များ တိုးတက်တင်ပို့နိုင်ခဲ့ပြီး ဝဥ၊ လျှော်ဖြူ၊ ထောပတ်သီးစသည့် အလားအလာကောင်းသော ပို့ကုန်အမယ်သစ်များကိုလည်း တင်ပို့ခဲ့ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် အီလက်ထရွန်နစ် စနစ်အသုံးပြု၍ ကူးသန်းရောင်းဝယ်မှုများ လုပ်ဆောင်ခြင်းကြောင့် ရရှိလာနိုင်မည့် အခွင့်အလမ်းများကို သိရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် Private Public Dialogue on Emerging E-Marketplace in Myanmar အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်နိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ်စနစ်အသုံးပြု ကုန်သွယ်ရေးဆောင်ရွက်နိုင်ရန် အဆင်သင့်ဖြစ်မှုအပေါ် ဆန်းစစ်ချက် အစီရင်ခံစာအား မိတ်ဆက်ဖြန့်ချိသည့် အခမ်းအနားနှင့် မြန်မာနိုင်ငံအတွင်း E-commerce ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေရေး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ မိတ်ဖက်နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးသည့် အစည်းအဝေးများကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

**စားသုံးသူအတွက်အကာအကွယ်များပေးအပ်**

စားသုံးသူများ ကုန်စည်သုံးစွဲရာတွင် ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရေး၊ လုံခြုံစိတ်ချရသော ကုန်စည်များ ဈေးကွက်အတွင်း လွတ်လပ်စွာ စီးဆင်းနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်နိုင်စေရေးတို့အတွက် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်း၊ ကုန်စည်ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့်

**အချပ်ပို(ခ)သို့**

- ❒ **၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၃ ဘီလီယံ ရရှိခဲ့**
- ❒ **၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်အထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၂ ဘီလီယံ ဆောင်ရွက်နိုင်ခဲ့သည်။ ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၉ ဘီလီယံ ဖြစ်ခြင်းကြောင့် ပြီးခဲ့တဲ့နှစ်ကထက် ကုန်သွယ်မှုလိုငွေ ၁ ဒသမ ၉၄ ဘီလီယံ လျှော့ချဆောင်ရွက်နိုင်ခဲ့**




သီလဝါအထူးစီးပွားရေးဇုန်တည်ဆောက်ပြီးစီးမှု ၁၁-၁-၂၀၁၉ ရက်က တွေ့ရစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ ၃၀-၁၁-၂၀၁၈ ရက်က ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

**အချပ်ပို(က)မှ**

ဘေးကင်းလုံခြုံမှုမရှိသော ကုန်စည်ကို ဈေးကွက်အတွင်းမှ ဖယ်ရှားခြင်းအား ဒေသဆိုင်ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့်အညီ အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

စားသုံးသူရေးရာဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်များ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ကုန်ပစ္စည်းသတိပေးချက်များနှင့် စားသုံးသူများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူတိုင်ကြားနိုင်ရန် Complaint System ပါဝင်သည့် ဝက်ဘ်ဆိုက် www.doca.gov.mm ကို ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်တွင် စတင်ထုတ်လွှင့်ထားသည်ကိုလည်း မြင်တွေ့ရသည်။

စားသုံးသူများလုံခြုံစိတ်ချရမှုရှိပြီး ကျန်းမာရေးနှင့် ညီညွတ်သော ကုန်စည်များအား ရွေးချယ်သုံးစွဲနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဈေးကွက်များအတွင်းတွင် ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများကို ဈေးကွက်စောင့်ကြည့်လေ့လာစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တတိယ(၁)နှစ်တာကာလအတွင်း ဈေးကွက် စောင့်ကြည့်စစ်ဆေးခြင်း အကြိမ်ပေါင်းမှာ ၃၁၆၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် အစားအသောက်မဟုတ်သည့် ကုန်စည် ၃၈၉ မျိုးနှင့် အစားအသောက်ကုန်စည် ၁၃၃၃ မျိုး စုစုပေါင်းကုန်စည် ၁၇၂၂ ကို သိမ်းဆည်းခဲ့ကြောင်း သိရှိရသည်။

**ပြည်ပပို့ကုန်များအရည်အသွေးမြှင့်**

အစိုးရ၏ တတိယ(၁)နှစ်တာအတွင်း စိုက်ပျိုးရေး အခြေခံထုတ်ကုန်များဖြစ်သည့် ဆန်၊ ဖရဲသီး၊ ထောပတ်သီး၊ ကော်ဖီစေ့၊ ကျွဲကောသီးနှင့် ငှက်ပျောသီးတို့၏ စံချိန်စံညွှန်းများကို သတ်မှတ်ထုတ်ပြန်နိုင်ခဲ့ပြီး မြေပဲ၊ နှမ်း၊ ဒူးရင်းသီး၊ မင်းဂွတ်သီး၊ သခွားမွှေးသီး၊ သရက်သီး၊ နနွင်းတက်၊ ကြက်သွန်နီနှင့် အစေ့ထုတ်ပြောင်းတို့၏



ဒုတိယဝန်ကြီး ဦးအောင်ထူး (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)

စံချိန်စံညွှန်း(မူကြမ်း)ကိုးခုကို ရေးဆွဲထားပြီး အများပြည်သူသဘောထားမှတ်ချက် တောင်းခံနိုင်ရေး ဆောင်ရွက်ပေးနေကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ဖြေလျှော့ပေးခြင်းဖြင့် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေ**

ပြည်တွင်းထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိစေပြီး အငယ်စား၊ အသေးစား၊ အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန်၊ စားသုံးသူများ အနေဖြင့် ဈေးသက်သာစွာဖြင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများကို အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန်အတွက် နိုင်ငံခြားသားကုမ္ပဏီ၊ မြန်မာနိုင်ငံသား နှင့် နိုင်ငံခြားသားပေါင်းစည်း ဆောင်ရွက်သည့် ကုမ္ပဏီများအား ပြည်တွင်းတွင် လက်လီ၊ လက်ကားရောင်းချခွင့်ပြုခဲ့ကြောင်း သိရှိရသည်။

ပို့ကုန်ပစ္စည်း ၃၂ လိုင်းနှင့် သွင်းကုန်ပစ္စည်း ၄၉ လိုင်း၊ စုစုပေါင်း ကုန်ပစ္စည်း အမယ် ၈၁ မျိုး ကို Fully Online Licensing စနစ်ဖြင့် လျှောက်ထားရယူနိုင်ရန် ဖြေလျှော့ဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရသည်။ ထို့ပြင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတ(၁) ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်ပေးရပြီး ပုဂ္ဂလိကကဏ္ဍမှ တွေ့ကြုံနေရသည့် အခက်အခဲများကို ဒုတိယသမ္မတက လစဉ်လုပ်ငန်းရှင်၊ အသင်းအဖွဲ့များနှင့် တွေ့ဆုံပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံက ပို့ကုန်ပိုင်းမှာဆိုရင် တစ်ဖက်က ဈေးကွက်တိုးချဲ့နိုင်ဖို့အတွက် အခွင့်အလမ်းကောင်းတွေ အများကြီးရှိနေပေမယ့် တစ်ပြိုင်နက်တည်းမှာပဲ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း အများကြီးရှိနေပါတယ်။ ပို့ကုန်တိုးမြှင့်ရေးအတွက် တင်ပို့နိုင်မယ့် ပို့ကုန်ပစ္စည်းများဖြစ်ကြတဲ့ ကုန်ကြမ်းတွေ၊ တစ်ဝက်တစ်ပျက်ကုန်ချောတွေနဲ့ ကုန်ပစ္စည်းမျိုးစုံတွေ ပိုလျှံမှုဖြစ်ပွားတာ၊ ပို့ကုန်ပစ္စည်းမျိုးစုံနဲ့ ဈေးကွက်ရှိပေမယ့် ဈေးနှုန်းသက်သာမှုအရ ယှဉ်ပြိုင်နိုင်စွမ်းအားနည်းတာ၊ ပို့ကုန်ပစ္စည်းတွေရဲ့ အရည်အသွေးအရ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းတာ၊ လိုအပ်သလို တင်ပို့နိုင်တဲ့ အတိုင်းအတာအရ ယှဉ်ပြိုင်နိုင်စွမ်းရှိသလားဆိုတာတွေ လိုအပ်နေပါသေးတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ပို့ကုန်ကဏ္ဍတွင်စိန်ခေါ်မှုများပြည့်နှက်နေ**

ပို့ကုန်တိုးချဲ့တင်ပို့နိုင်ရန်အတွက် လယ်ယာကဏ္ဍ၊ သီးနှံ၊ သားငါး၊ ရေထွက်ပစ္စည်း ထုတ်လုပ်မှုနှင့် ပုဂ္ဂလိကကဏ္ဍ၏ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများကိုလည်း အားကိုးနေရသည့် အနေအထားရှိသော်လည်း အဆိုပါ လယ်ယာကဏ္ဍနှင့် အသေးစား၊ အလတ်စား စက်မှုကဏ္ဍမှ ထုတ်လုပ်မှု အခြေအနေသည် ဒေသတွင်းနိုင်ငံများ၏ ထုတ်လုပ်မှုစွမ်းအား (ဥပမာ တစ်ဧကအထွက်နှုန်း)တွင် နိမ့်ကျလျက်ရှိနေသည်ကို တွေ့ရှိရသည်။ ထုတ်လုပ်မှုကုန်ကျစရိတ်မှာလည်း ဒေသတွင်း နိုင်ငံများထက် များပြားနေပြီး ထုတ်လုပ်မှုအရည်အသွေးတွင်လည်း ဒေသတွင်းနိုင်ငံများထက် အားနည်းနေသေးသည်ကို မြင်တွေ့ရသည်။

ထို့ပြင် ထုတ်လုပ်သူမှသည် စားသုံးသူများဆီသို့ရောက်အောင် ထုတ်လုပ်သူများထံမှ ပြည်ပတင်ပို့ရသည့် ပို့ကုန်ဆိပ်ကမ်း၊ နယ်စပ်ကုန်သွယ်ရေးစခန်းများသို့ရောက်ရှိအောင် ဆောင်ရွက်ရသည့် ဝယ်ယူကြိတ်ခွဲသိုလှောင်၊ သယ်ယူပို့ဆောင်ဖြန့်ဖြူးရေးနှင့်ပတ်သက်သည့် စရိတ်များ (Logistic Cost) မှာလည်း ဒေသတွင်းနိုင်ငံများထက် အလွန်ကြီးမားလျက်ရှိသည်။

"မျိုးကောင်းမျိုးသန့်ရရှိနိုင်မှု၊ ထုတ်လုပ်မှု၊ စက်ကိရိယာသုံးစွဲနိုင်မှု၊ ဓာတ်မြေဩဇာပိုးသတ်ဆေးများ စနစ်တကျသုံးစွဲနိုင်မှု၊ ကျွမ်းကျင်လုပ်သားရှားပါးမှုစသည့် အခြေခံလိုအပ်ချက်အများကြီးရှိနေပါတယ်။ ပို့ကုန်ဈေးကွက်ဟာ ကျယ်ပြန့်လာနေပေမယ့် လက်ရှိ အခြေအနေမှာ အဓိကအားဖြင့်တော့ ဈေးကွက်တစ်ခုနှစ်ခုတည်း ပေါ်မှာပဲ ကျဉ်းမြောင်းစွာနဲ့ မှီခိုနေရပြီး အဲဒီ ဈေးကွက်ရဲ့လိုအပ်ချက်အရသာ တင်ပို့နိုင်တာကို တွေ့ရှိရပါတယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ကုန်သွယ်ဖက်နိုင်ငံများနှင့် ဆက်ဆံကူးသန်း**

ကုန်သွယ်ဖက်နိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှု၊ နိုင်ငံခြားငွေကြေးလဲလှယ်မှု နှုန်းထားများမတည်ငြိမ်မှု၊ ပို့ကုန်ဈေးနှုန်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ပြည်တွင်းထုတ်လုပ်မှုနှင့် ပို့ကုန်လုပ်ငန်းများအပေါ် များစွာအကျိုးသက်ရောက်မှုများ ရှိလာသည်ကိုလည်း တွေ့ရှိရသည်။

**စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရေး အဖြေရှာထုတ်ဖော်**

လက်ရှိအစိုးရလက်ထက်တွင် ဝယ်လိုအားနှင့် ရောင်းလိုအားကို အခြေခံသည့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် (Liberal Market Economy) ကို ပီပြင်စွာ ဖွံ့ဖြိုးတိုးတက်စေပြီး ပို့ကုန်တိုးတက်မှုကိုအခြေခံသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ရသည်။

ပို့ကုန်တိုးတက်မှုကိုအခြေခံသည့် စီးပွားရေးဖွံ့ဖြိုးမှုကိုရရှိစေရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ပို့ကုန်တိုးတက်စေရေးတွင် ပို့ကုန်အမယ်နှင့် တင်ပို့သည့် နိုင်ငံများကို ဖြန့်ခွဲခြင်း (Diversification)နှင့် အဓိကပို့ကုန်အမယ်အချို့ကို ပိုမိုဦးစားပေးစူးစိုက်တိုးချဲ့တင်ပို့ခြင်းများ (Intensification)ကို အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ဆက်လက်ပြီး အမျိုးသားပို့ကုန် မဟာဗျူဟာ (၂၀၂၀-၂၀၂၅) တွင် လက်ရှိကဏ္ဍ ၁၁ ခုအတွက် ရှေ့လာမည့်ငါးနှစ်အတွင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံချက်များကို ပြင်ဆင်ဖြည့်စွက်သွားမည်ဟု သိရှိရပြီး ထပ်မံထည့်သွင်းဆောင်ရွက်မည့် ဦးစားပေးကဏ္ဍအသစ် ငါးခုဖြစ်သည့် (ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ လယ်ယာထွက်ပစ္စည်းအခြေခံ စားသောက်ကုန်ထုတ်လုပ်ခြင်း၊ လက်မှုအနုပညာပစ္စည်း)များအတွက်လည်း မဟာဗျူဟာဒီဇိုင်း ရေးဆွဲ အတည်ပြုခြင်းကို အဓိကထုတ်လုပ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များက လုပ်ကိုင်သူများအားလုံး ပါဝင်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဦးစားပေးကဏ္ဍများအနက် ပိုမိုအလေးပေးဆောင်ရွက်သင့်သည့် ကဏ္ဍများ (Top Priorities) ကိုလည်း ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များအဖြစ် သိရသည်။

**ပို့ကုန်သုံးဆမြင့်မားရေးဆောင်ရွက်**

လက်ရှိအစိုးရ၏ သုံးနှစ်တာကာလအတွင်း ပို့ကုန်တန်ဖိုးကို သုံးဆခန့် မြှင့်တင်နိုင်အောင် ရည်မှန်းချက်ထားကာ ဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှာလည်း သွင်းကုန်အစားထိုးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ပို့ကုန်တိုးမြှင့်နိုင်စေရန်နှင့် သွင်းကုန်များ အစားထိုးနိုင်စေရန်အတွက် အထူးစီးပွားရေးဇုန်များ (Special Economic Zone, SEZ)၊ နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ (Border Economic Cooperation Zone)တို့ကို ထူထောင်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ကုန်သွယ်မှုတွင်လည်း နှစ်နိုင်ငံကုန်သွယ်မှု (Bilateral Trade) နှင့် နယ်စပ်ကုန်သွယ်မှု (Border Trade)သာမက ကုန်သွယ်မှုလိုငွေလျော့နည်းစေမည့် ကုန်ချင်းဖလှယ်မှုစနစ် (Counter Trade) ကိုပါ ကျင့်သုံးနိုင်စေရေးအတွက် ဝန်ကြီးဌာနမှ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)နဲ့ ပူးပေါင်းပြီးတော့လည်း နှစ်လတ်အစီအစဉ် (Medium Term Programme) ကို ချမှတ်ပြီး ပူးပေါင်းဆောင်ရွက်နေပါတယ်။ စီးပွားရေးသံမှူးတွေကို အဓိကဈေးကွက်ရှိတဲ့ နိုင်ငံတွေဆီ ပိုမိုတိုးချဲ့စေလွှတ်နိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံက

**အချပ်ပို(ဂ)သို့**

*အချပ်ပို (ခ)မှ*

ထုတ်လုပ်တဲ့ ကုန်စည်တွေနဲ့ လက်မှုအနုပညာတွေကို ပြသနိုင်မယ့် မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုစင်တာ(Myanmar International Trade Centre) တစ်ခုကိုလည်း ရန်ကုန်မြို့မှာ ထူထောင်လျက်ရှိပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

**ဥပဒေများပြဋ္ဌာန်းခြင်း၊**
**ပြန်လည်ရေးဆွဲခြင်းများဆောင်ရွက်**

စားသုံးသူအကာအကွယ်ပေးရေးကိစ္စရပ်များအား ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် စားသုံးသူကာကွယ်ရေးဥပဒေကို အသစ်ပြန်လည်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းပြီး နည်းဥပဒေရေးဆွဲ ထုတ်ပြန်နိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပြည်ပမှ လျှော့ဈေးဖြင့် စုပုံတင်ပို့လာသည့် ကုန်ပစ္စည်းများအား တားဆီးနိုင်ရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ထိခိုက်နစ်နာမှုဖြစ်ပေါ်လာပါက သွင်းကုန်များအပေါ် Safeguard Duty သို့မဟုတ် Quota သတ်မှတ်၍ ပြည်တွင်းလုပ်ငန်းရှင်များ၏ ထိခိုက်နစ်နာမှုကို ကုစားပေးနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သို့ ယခင်ပေးပို့တင်ပြထားသော သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ အကာအကွယ်ပေးမှုဥပဒေ (The Safeguard Law on Increased Imports)အား ပြဋ္ဌာန်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းလည်း ဝန်ကြီးဌာနမှ သိရှိရသည်။

ထို့ပြင် ဝန်ကြီးဌာနက ကုန်သွယ်မှုကဏ္ဍတစ်ရပ်လုံးကို လွှမ်းခြုံနိုင်စေမည့် ကုန်သွယ်မှုဥပဒေ (Trade Law) ကို ရေးဆွဲပြုစုလျက်ရှိပြီး ကုန်သွယ်မှုဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်များဖြစ်သည့် World Bank Group, GIZ တို့နှင့်ပူးပေါင်း၍ ဥပဒေမူကြမ်းရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းပြသည်။

ထို့အတူ ယှဉ်ပြိုင်မှုဥပဒေကို ၂၀၁၅ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ပြဋ္ဌာန်းပေးခဲ့ပြီး စတင်အာဏာသက်ဝင်သည်မှာ ၂၀၁၇ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဖြစ်သည်။ ယှဉ်ပြိုင်မှု နည်းဥပဒေကို ၂၀၁၇ အောက်တိုဘာလ ၉ ရက်က ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။




၈-၁၁-၂၀၁၈ ရက်က ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲကျင်းပစဉ်။

> “ ကျောက်ဖြူအထူးစီးပွားရေးဇုန်သည်လည်း အလားအလာရှိသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် အိန္ဒိယ၊ သီရိလင်္ကာ၊ အာဖရိကနှင့် ဥရောပနိုင်ငံများကို တောင်တရုတ်ပင်လယ်နှင့် မလက္ကာရေလက်ကြားကို အသုံးမပြုဘဲ သွားရောက်နိုင်သည့် စီးပွားရေးလမ်းကြောင်းသစ်တစ်ရပ်လည်းဖြစ်ပြီး တင်ဒါအောင်မြင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CITIC ကုမ္ပဏီနှင့် မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပြီး ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုဆိုင်ရာလုပ်ငန်းများ စမ်းသပ်လျက်ရှိ ”




**စီးပွားရေးအညွှန်းကိန်းရလဒ်ကိုအခြေခံ**

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှု လွယ်ကူစေရေးအတွက် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုလွယ်ကူရေး အညွှန်းကိန်း( World Bank Ease of Doing Business Index)ကို Ranking ပိုမိုတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ရည်မှန်းချက်အဖြစ် လက်ရှိအညွှန်းကိန်း ၁၇၁ မှ ၂၀၂၀ ခုနှစ်တွင် ၁၀၀ အောက်အထိ ကျဆင်းသွားနိုင်စေရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ရှင်းပြသည်။

“ဒီအညွှန်းကိန်း တိုးတက်လာတာနဲ့အမျှ မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်ရတာလွယ်ကူလာပြီး ပြည်ပက ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုတွေကို ပိုမိုဆွဲဆောင်လာနိုင်လိမ့်မယ်လို့ မျှော်မှန်းထားပါတယ်”ဟု ဒုတိယဝန်ကြီးက ရှင်းပြသည်။

**အထူးစီးပွားရေးဇုန်များပေါ်ထွက်လာ**

တိုင်းပြည်၏ ပို့ကုန်ဦးဆောင်သည့် စီးပွားရေးတိုးတက်စေရန် (Export Led Economic Growth) ရည်ရွယ်၍ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ လက်ရှိ အထူးစီးပွားရေးဇုန် သုံးခုအနက် ရန်ကုန်၌ တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်သည် ဂျပန်လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည်လည်း အလားအလာရှိသည့် အထူးစီးပွားရေးဇုန်တစ်ခုဖြစ်ပြီး ကျောက်ဖြူရေနက်ဆိပ်ကမ်းမှတစ်ဆင့် အိန္ဒိယ၊ သီရိလင်္ကာ၊ အာဖရိကနှင့် ဥရောပနိုင်ငံများကို တောင်တရုတ်ပင်လယ်နှင့် မလက္ကာရေလက်ကြားကို အသုံးမပြုဘဲ သွားရောက်နိုင်သည့် စီးပွားရေးလမ်းကြောင်းသစ်တစ်ရပ်လည်း ဖြစ်ပြီး တင်ဒါအောင်မြင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ CITIC ကုမ္ပဏီနှင့် မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပြီး ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုဆိုင်ရာလုပ်ငန်းများ စမ်းသပ်လျက်ရှိသည်။ ရေနက်ဆိပ်ကမ်း စီမံကိန်းအတွက် Shareholders Agreement နဲ့ Concession Agreement တွေချုပ်ဆိုနိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်း ဆွေးနွေးလျက်ရှိပြီး မကြာခင်အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာ-ထိုင်း အပြင် ဂျပန်နိုင်ငံကပါ ပါဝင်လာရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ထားဝယ်အထူးစီးပွားရေးဇုန်မှ ထီးခီးသို့ ဆက်သွယ်ထားသည့် နှစ်လမ်းသွားကားလမ်း အဆင့်မြှင့်တင်ရေးအတွက်ကိုလည်း ထိုင်းနိုင်ငံကချေးငွေရယူ ဖောက်လုပ်နိုင်ရေးအတွက် နှစ်နိုင်ငံကျွမ်းကျင်သူတွေက ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

**ပို့ကုန်ဦးဆောင်တဲ့**
**စီးပွားရေးတိုးတက်မှုရအောင်ကြိုးပမ်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ရည်မှန်းချက်အဖြစ် အစိုးရသက်တမ်း ငါးနှစ်တာကာလအတွင်း ပို့ကုန်ကို သုံးဆအထိ မြင့်တက်အောင် ဆောင်ရွက်ရန်ဖြစ်ပြီး လက်ရှိတွင် ပို့ကုန်နှစ်ဆခန့် မြင့်တက်လာခဲ့ကြောင်းနှင့် ကုန်သွယ်ရေးတိုးတက်မှုသာမက ပြည်တွင်းတွင် စီးပွားရေးအခြေအနေကောင်းများကိုလည်း ဖန်တီးပေးနိုင်ရန် ရည်ရွယ်ကြောင်း ဒုတိယဝန်ကြီးက ရှင်းပြသည်။

“ပို့ကုန်ဦးဆောင်တဲ့ စီးပွားရေးတိုးတက်မှု (Export Led Economic Growth) ရရှိစေဖို့ အစိုးရလက်ထက်မှာ ဝယ်လိုအားနဲ့ ရောင်းလိုအားကိုအခြေခံတဲ့ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် (Liberal Market Economy) ကို ပီပြင်အောင် ဖွံ့ဖြိုးစေပြီးတော့ ပို့ကုန်တိုးတက်မှုကိုအခြေခံတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းခဲ့တာ ဖြစ်ပါတယ်။ ပို့ကုန်တိုးတက်စေဖို့ ပို့ကုန်အမယ်နဲ့ တင်ပို့တဲ့နိုင်ငံတွေကို ဖြန့်ခွဲခြင်း (Diversification) နဲ့ အဓိကပို့ကုန်အမယ်အချို့ကို ပိုမိုဦးစားပေးစူးစိုက်တိုးချဲ့တင်ပို့ခြင်း (Intensification)ကို အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) အရ ချမှတ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်”ဟု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဝန်ကြီးဌာနက ကုန်သွယ်မှုမှသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှာလည်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍအကြား တွေ့ဆုံဆွေးနွေးမှု (Public Private Dialogue) များ လစဉ်ဆောင်ရွက်နေပြီး ပုဂ္ဂလိကကဏ္ဍရဲ့ အခက်အခဲတွေကို ကူညီဖြေရှင်းပေးလျက်ရှိကြောင်း သိရသည်။

*အချပ်ပို (ဃ)သို့*



**Doing Business** ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဦးအောင်ထူး အမှာစကား ပြောကြားစဉ်။

*အချပ်ပို (ဂ)မှ*

"ကျွန်တော်တို့နိုင်ငံဟာ ဆိုရှယ်လစ်ခေတ်က စလို့ ဈေးကွက်စီးပွားရေးစနစ်ကို ကူးပြောင်းလာခဲ့တယ်။ ယင်းအချိန်မှာ ပုဂ္ဂလိကကဏ္ဍဟာ ပုံမှန်စီးပွားရေးကဏ္ဍအနေနဲ့ မဖြစ်ခဲ့ဘူး။ အလွတ်သဘော Informal Sector အနေနဲ့သာရှိခဲ့တယ်။ ဒါကို Formal Sector ရောက်အောင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဒုတိယသမ္မတ ဦးမြင့်ဆွေက ဦးဆောင်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ အသင်းအဖွဲ့တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လစဉ်ပြုလုပ်ပြီး သူတို့တွေ့ကြုံနေရတဲ့ အခက်အခဲတွေနဲ့ လုပ်ငန်းတွေ ချောမွေ့ပြေပြစ်ဖို့အတွက် လုပ်ဆောင်ပေးနေပါတယ်"ဟု ဒုတိယဝန်ကြီးက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

**အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေး**

ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကဏ္ဍများဆောင်ရွက်ခဲ့ပြီး အထည်ချုပ်ကဏ္ဍတွင် ယခင်က ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့်သာရှိခဲ့သော်လည်း လက်ရှိ အစိုးရလက်ထက်တွင် အမေရိကန်ဒေါ်လာသန်း ၂၀၀၀ (၂ ဘီလီယံ) ခန့် တိုးချဲ့လာနိုင်ခြင်းအပါအဝင် အလုပ်အကိုင်ဖန်တီးမှုများကို ပိုမိုအားစိုက် ဖန်တီးပေးခဲ့ခြင်းကြောင့် ယခုအခါ အလုပ်အကိုင်ပေါင်း ၅ သိန်းခန့် ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် လာမည့်ကာလအတွင်း အလုပ်အကိုင် တစ်သန်းကျော်အထိ ဖန်တီးပေးနိုင်ရန် ရေချိုငါး၊ ပုစွန်မွေးမြူရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ ဆင့်တက်ပြုပြင်သည့်ကဏ္ဍ၊ စက်မှုကုန်ချောထုတ်လုပ်သည့်ကဏ္ဍ၊ သစ်သီးဝလံပန်းမန်ထုတ်လုပ်တဲ့ကဏ္ဍနှင့် တိရစ္ဆာန်မွေးမြူရေးကဏ္ဍများတွင် အလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း သိရသည်။

"စားသုံးသူတွေမှာ အခွင့်အရေးရှိတယ်၊ စားသုံးသူတွေက အမြဲမှန်ကန်တယ် "The Customer is always right" လို့ စီးပွားရေးလောကမှာ ပြောတာရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ စားသုံးသူတွေရဲ့ အခွင့်အရေး ပြည့်မီအောင် စားသုံးသူရေးရာဦးစီးဌာနက ဆောင်ရွက်နေပါတယ်။

"စားသုံးသူများ နစ်နာဆုံးရှုံးမှုများနဲ့ ပတ်သက်ပြီး အစားအသောက် ကိစ္စရပ်တွေမှာ သာမက မြန်မာနိုင်ငံမှာ ဆက်သွယ်ရေး Company တွေက တယ်လီဖုန်းလိုင်းတွေကို သုံးစွဲတဲ့အခါမှာ Bill ကို ပိုဖြတ်တယ်ဆိုတဲ့ကိစ္စတွေ၊ ရုပ်မြင်သံကြား ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ဆိုရင်လည်း သူတို့ပေးထားမယ်ဆိုတဲ့ Package တွေကို မပေးနိုင်တဲ့ကိစ္စမျိုးတွေ စားသုံးဆီတွေမှာ နှမ်းအနံ့၊ မြေပဲအနံ့တွေ ထည့်ပြီးတော့ စားအုန်းဆီတွေကို နှမ်းဆီ၊ မြေပဲဆီတွေဆိုပြီးတော့ လိမ်လည်ရောင်းချတဲ့ကိစ္စမျိုးတွေ၊ ဝန်ဆောင်မှုတွေမှာလည်း မော်တော်ယာဉ် ယာဉ်စီးခတွေနဲ့ ပတ်သက်ပြီး သင်္ကြန်လိုကာလမျိုးတွေမှာ ယာဉ်စီးခ ပိုမိုကောက်ခံတဲ့ကိစ္စမျိုးတွေကို ဖြေရှင်းပေးနေသလို မော်တော်ယာဉ်ရောင်းဝယ်မှုတွေမှာ ကားအသစ်ရောင်းချတဲ့နေရာမှာ သတ်မှတ်ထားတဲ့ အရည်အသွေး မပြည့်မီဘဲ ရောင်းချလိုက်တဲ့ကိစ္စတွေမှာလည်း ရောင်းချသူတွေနဲ့ စားသုံးသူတွေရဲ့ကြား ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်"ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

**နယ်စပ်စီးပွားရေးအဆင့်မြှင့်တင်**

မြန်မာ-တရုတ် နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်(Myanmar - China Economic Cooperation Zones) ကို နှစ်နိုင်ငံပူးပေါင်းထူထောင်ကြရန်အတွက် ၂၀၁၇ ခုနှစ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အပြင် ကချင်ပြည်နယ်၊ ကန်ပိုက်တီ၊ ရှမ်းပြည်နယ်၊ မူဆယ်နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ချင်းရွှေဟော်တို့တွင် ထူထောင်နိုင်ရန် အဆိုပြုထားကြောင်း သိရှိရသည်။

ထို့ပြင် Framework Agreement လက်မှတ်ရေးထိုးနိုင်ရေးအတွက်လည်း နှစ်နိုင်ငံညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ညှိနှိုင်းချက်အရ ရှမ်းပြည်နယ် မူဆယ်မြို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်နိုင်ငံနယ်စပ် အထူးစီးပွားရေးဇုန်ရဲ့ သဘောတရားအရ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ နှစ်နိုင်ငံနယ်နိမိတ်ကိုခွပြီး ထူထောင်ထားတဲ့ ပင်မဇုန် (Core Zone) အဖြစ် ထူထောင်မှာဖြစ်ပါတယ်။ ဒီပင်မဇုန်(Core Zone) ထဲမှာဆိုရင်တော့ နှစ်နိုင်ငံ လွတ်လပ်စွာကူးသန်းရောင်းဝယ်နိုင်မှာ ဖြစ်ပါတယ်။ ပင်မဇုန် (Core Zone) ထဲမှာဆိုရင်တော့ ဘဏ်လုပ်ငန်းတွေ၊ ဟိုတယ်လုပ်ငန်းတွေ၊ ခရီးသွားလာမှုနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ဆက်စပ်ဇုန်မှာဆိုရင်တော့ စက်မှုကုန်ချောထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းတွေ၊ ကုန်ချောပြုပြင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေပါဝင်မှာ ဖြစ်ပါတယ်။ ထွက်ရှိလာတဲ့ ပစ္စည်းတွေကိုတော့ ပင်မဇုန် (Core Zone) မှတစ်ဆင့် တစ်ဖက်နိုင်ငံကို တင်ပို့ရောင်းချနိုင်မှာဖြစ်ပါတယ်။ တရုတ်နိုင်ငံဘက်မှာလည်း ဒီတိုင်းပဲ စက်မှုဇုန်တွေ တည်ထောင်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံကြားမှာ မလိုလားအပ်တဲ့ ပြဿနာတွေကို ဖယ်ရှားပြီး နှစ်နိုင်ငံကုန်သွယ်မှု ပိုမိုတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒီလိုဇုန်တွေမှာ ရင်းနှီးမြှုပ်နှံပါဝင်ဆောင်ရွက်မယ့် မြန်မာနိုင်ငံက ပုဂ္ဂလိကကုမ္ပဏီများနဲ့ပတ်သက်လို့ စိတ်ဝင်စားမှု ဖော်ပြလွှာ (Expression of Interest, EOI) တွေကို ခေါ်ယူသွားဖို့ စီစဉ်လျက်ရှိပါတယ်"ဟု ဒုတိယဝန်ကြီးက ဖြေကြားသည်။

ကုန်သွယ်မှုဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ ဘေးကင်းလုံခြုံ၍ အန္တရာယ်ကင်းသည့် ကုန်စည်များ၊ ဝန်ဆောင်မှုများကို ဈေးနှုန်းသက်သက်သာသာဖြင့် ရရှိခံစားနိုင်ခြင်းကို ပထမဦးစားပေး လုပ်ငန်းအဖြစ် ဆောင်ရွက်နေပြီး ယင်းနောက်တွင် ထုတ်လုပ်မှုကွင်းဆက် (Supply Chain) အားလုံး အကျိုးကျေးဇူးများ ရရှိစေရေး၊ ထုတ်လုပ်မှု လုပ်ငန်းအားလုံး၏ အစတွင် ကုန်ချောထုတ်လုပ်သူများနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်သူလည်း ပါဝင်ကာ အကျိုးအမြတ်ရရှိရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ရည်ရွယ်ကြိုးပမ်းလျက်ရှိပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။



စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန် ဈေးကွက်များအတွင်း ရောင်းချလျက်ရှိသော ကုန်ပစ္စည်းများကို တာဝန်ရှိသူများက စောင့်ကြည့်လေ့လာစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်စဉ်။

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ တတိယ(၁)နှစ်တာ


ဒေါ်တာဝင်းသိမ်း(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)

**တွေ့ဆုံမေးမြန်း - ကေကေ၊ ဓာတ်ပုံစုစည်း-အေးသန်း**

**ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် တတိယ (၁)နှစ်တာကာလအတွင်း နိုင်ငံ့ဝန်ထမ်းများ ရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သည့် ဥပဒေပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးတို့ကို ဆောင်ရွက်ခဲ့ပါသည်။**

**ထိုကဲ့သို့ တတိယ (၁)နှစ်တာကာလအတွင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် နိုင်ငံ့ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းခဲ့ပါသည် -**

**ဒေါ်တာဝင်းသိမ်း**
**ဥက္ကဋ္ဌ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ပြည်သူတွေရဲ့လိုအပ်ချက်တွေကို မဆိုင်းမတွ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မယ့်၊ ပြည်သူတွေကို ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်မယ့်၊ ပြည်သူ့ဝန်ထမ်းကောင်းတွေ ဖြစ်စေရေးအတွက် ရည်ရွယ်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့လုပ်ငန်းတွေအနက် ဝန်ထမ်းရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းနဲ့ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေတွေ ပြင်ဆင်ခြင်း အပိုင်းတွေကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

အဲဒီလို ပုံစံပြောင်းလဲ ဆောင်ရွက်ရာမှာ ခေတ်စနစ်နဲ့ လျော်ညီတဲ့ မေးခွန်းပုံစံတွေ ဖြေဆိုစေခြင်း၊ စစ်ဆေးမှုပုံစံတွေ ပြုပြင်ပြောင်းလဲခြင်းတွေကို စနစ်တကျ ဆောင်ရွက်ခဲ့ပါတယ်။ မေးခွန်းပုံစံတွေကို မူလက အထွေထွေဗဟုသုတကို အခြေခံခြင်းအစား ပြည်သူ့ဝန်ကို တာဝန်ထမ်းဆောင်လိုခြင်း အရင်းခံစိတ် (Motivation)ကို ပြသနိုင်မယ့် စဉ်းစားတွေးခေါ်နိုင်စွမ်းကို အခြေခံတဲ့စနစ်နဲ့ ပြင်ဆင်ခဲ့ပါတယ်။ မြန်မာ၊ အင်္ဂလိပ်၊ သုတရေးရာ ဘာသာရပ်တွေနဲ့ စစ်ဆေးမေးမြန်းခြင်း ဆောင်ရွက်ခဲ့ပါတယ်။

မေးခွန်းပုံစံတွေ ပြောင်းလဲရုံသာမက လူမှန်နေရာမှန် ရွေးချယ်ပေးနိုင်ဖို့ ရေးဖြေစာမေးပွဲစနစ်ကျင်းပတဲ့ပုံစံတွေလည်း ပြောင်းလဲခဲ့ရာ နိုင်ငံ့ဝန်ထမ်း အရာထမ်းတစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ လေ့လာတွေးခေါ်နိုင်စွမ်း ဆန်းစစ်ခြင်းကို အခြေခံတဲ့ ပထမအဆင့်အနေနဲ့ ပဏာမစစ်ဆေးခြင်း (Screening Test) ဆောင်ရွက်တယ်။ ဖြေဆိုအောင်မြင်သူတွေကို ဒုတိယအဆင့် ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုပြီး ရေးဖြေ ထပ်မံအောင်မြင်သူတွေကို စိတ်အခြေအနေနဲ့ လူတွေ့စစ်ဆေးခြင်းတွေကို ဆက်လက်ပြုလုပ်သွားတာ ဖြစ်ပါတယ်။

လေ့ကျင့်ရေးအပိုင်းမှာဆိုရင် နိုင်ငံတကာ ဝန်ထမ်းတက္ကသိုလ် လေ့ကျင့်ရေးကျောင်းတွေမှာ ဖွင့်လှစ်သင်ကြားလျက်ရှိတဲ့ နည်းစနစ်တွေအတိုင်း သင်ကြားနိုင်ရေးအတွက် ရည်ရွယ်ပြီး ပညာရေးနဲ့ ကျွမ်းကျင်မှုအခြေပြု လေ့ကျင့်ရေးပုံစံအသွင်ကို ပြောင်းလဲခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွေကို ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုရှိအောင်၊ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေမှာ လက်တွေ့ဆောင်ရွက်မှုတွေနဲ့ ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနဲ့ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်နိုင်ရေးအတွက် အထောက်အကူပြုဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈ ခုနှစ်အတွင်းမှာ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း (၁၃)ခုက ပြန်တမ်းဝင်အရာရှိအဆင့် လစ်လပ်ရာထူး ၂၅၀၁ နေရာအတွက် လျှောက်ထားသူ ၉၉၀၀ ရှိခဲ့ပါတယ်။ ဒီလျှောက်ထားသူတွေထဲက ရေးဖြေစာမေးပွဲ ၂၀၂၅ ဦး ဖြေဆိုခဲ့ပါတယ်။ ရေးဖြေအောင်မြင်သူ ၁၄၆၄ ဦးကို လူတွေ့ဖြေဆိုခဲ့ပြီး အပြီးသတ် ၁၃၇၂ ဦးကို ရွေးချယ်ပေးခဲ့ပါတယ်။

ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လက်ထောက်ဆရာဝန်နှင့် ဦးစီးအရာရှိ (သွားကျန်းမာ) လစ်လပ်ရာထူး ၂၁၅၀ နေရာအတွက် နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ရေးဖြေစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူ ၁၂၉၉ ဦးအနက် ၁၁၄၅ ဦးကို တိုက်ရိုက်လူတွေ့စစ်ဆေးရွေးချယ်ပေးနိုင်ခဲ့ပါတယ်။

လေ့ကျင့်ရေးအပိုင်းအနေနဲ့ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာတွေ ရေးဆွဲပြင်ဆင်ရာမှာ EU (GOPA) က ပညာရှင်တွေရဲ့ အတွေ့အကြုံနဲ့ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ ကောင်းမွန်သောလက်တွေ့လုပ်ဆောင်မှုတွေကို နမူနာရယူပြီး အဖွဲ့အတွင်းက နည်းပညာရပ်ဆိုင်ရာ အဖွဲ့ဝင်တွေ၊ EU (GOPA)က ကျွမ်းကျင်ပုဂ္ဂိုလ်တွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေက ဆရာ၊ ဆရာမတွေ တွေ့ဆုံဆွေးနွေးညှိနှိုင်းပါတယ်။

> **“နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေတွေကို ခေတ်စနစ်နဲ့ လိုက်လျောညီထွေမှုရှိအောင်၊ ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေမှာ လက်တွေ့ဆောင်ရွက်မှုတွေနဲ့ ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲခြင်း၊ ဖြည့်စွက်ခြင်း လုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနဲ့ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေကို ထုတ်ပြန်နိုင်ရေးအတွက် အထောက်အကူပြုဖို့ ဆောင်ရွက်လျက်ရှိပါတယ်”**

ပါမောက္ခချုပ်(ငြိမ်း)တွေ၊ ပါမောက္ခ(ငြိမ်း)တွေ၊ လက်ရှိပါမောက္ခချုပ်တွေနဲ့ ပါမောက္ခတွေပါဝင်တဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဗဟိုဝန်ထမ်းတက္ကသိုလ်အကြံပေးအဖွဲ့နဲ့ တက္ကသိုလ်ပညာရပ်အဖွဲ့ /အစည်းအဝေးကို တင်ပြအတည်ပြုချက်ရယူပြဋ္ဌာန်းခဲ့ပါတယ်။

သင်တန်းကာလကို စာရေးဝန်ထမ်း အခြေခံသင်တန်းကို ရက်သတ္တ ရှစ်ပတ်အစား ရက်သတ္တ လေးပတ်၊ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်းကို ရက်သတ္တ ၁၄ ပတ်အစား ရက်သတ္တ ရှစ်ပတ်၊ အရာထမ်းအခြေခံသင်တန်းကို ရက်သတ္တ ရှစ်ပတ်အစား ရက်သတ္တ ၁၂ ပတ်၊ အရာထမ်းငယ်အခြေခံသင်တန်းကို ရက်သတ္တ ရှစ်ပတ်အစား ရက်သတ္တ လေးပတ် ပြင်ဆင်ပြောင်းလဲခဲ့ပါတယ်။

အရင်က ဗဟိုဝန်ထမ်းတက္ကသိုလ်တွေရဲ့ အရည်အချင်း အကဲဖြတ်စနစ်တွေကို သာမန်အထက်အဆင့်၊ သာမန်အဆင့်နဲ့ သာမန်အောက်အဆင့် သတ်မှတ်ဆောင်ရွက်ခဲ့ရာကနေ ယခု ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းတွေအတွက် Leadership Assessment, Active Participation, Discipline & Morale နှင့် အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း (ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု အဆင့်မြင့်ဒီပလိုမာသင်တန်း)၊

*အချပ်ပို (စ) သို့*


ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါ်တာဝင်းသိမ်း ပြန်တမ်းဝင်အရာရှိစာမေးပွဲ ဖြေဆိုနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။




ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)တွင် ဖွင့်လှစ်သည့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း အမှတ်စဉ်(၅) ၌ အမှာစကားပြောကြားစဉ်။

*အချပ်ပို (င) မှ*

အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းလောင်းအခြေခံသင်တန်း (ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း)တွေအတွက် Study Assessment, Mutual Assessment, Discipline & Morale နှင့် အရာထမ်းငယ် အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်းတွေအတွက် Examination, Mutual Assessment, Discipline and Morale နှင့် Work Related Skills တွေကို အခြေခံပြီး ပြင်ဆင်သတ်မှတ်ခြင်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

### လုပ်ငန်းခွင်မပျက်

လေ့ကျင့်ရေးရည်မှန်းချက် အစီအမံတစ်ခု အောင်မြင်ဖို့အတွက် သင်တန်းနည်းပြတွေရဲ့ အရည်အသွေးမြှင့်တင်ရေးက အရေးကြီးပါတယ်။ Own Capacity Development အစီအစဉ်တစ်ရပ်အနေနဲ့ နိုင်ငံခြားအဖွဲ့အစည်းတွေက ပေးတဲ့ ပညာသင်ဆု Scholarship များ ရရှိရေး၊ ပညာသင်ဆုခွဲတမ်းတွေ တိုးမြှင့်ရရှိရေး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ လက်တွေ့သင်ကြားရေးတာဝန်ယူနေတဲ့ နည်းပြဆရာ၊ ဆရာမတွေကို သင်ကြားရေးတာဝန်တွေ မလစ်ဟင်းစေဘဲ အဆင့်မြင့်ဘွဲ့တွေကို လုပ်ငန်းခွင်မပျက် လေ့လာသင်ယူနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။

လေ့ကျင့်ရေးလုပ်ငန်းကို အထောက်အကူဖြစ်မယ့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောတူညီချက်နဲ့ **“နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒ”**ကို ၂၀၁၈ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှာ အဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၈ နဲ့ထုတ်ပြန်ခဲ့ပြီး ဒီမှာ မူဝါဒ(၁၅)ရပ်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် လုပ်ငန်းစဉ် ၁၄ ခုတို့ ပါဝင်ပါတယ်။

၂၀၁၈ ခုနှစ်အတွင်းမှာ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်တဲ့သင်တန်း ကိုးမျိုးမှာ ဝန်ထမ်းစုစုပေါင်း ၇၅၆၂ ဦးကို လေ့ကျင့်သင်တန်းပေးနိုင်ခဲ့ပါတယ်။

နိုင်ငံ့ဝန်ထမ်းသင်တန်း အဆင့်ဆင့်အလိုက် သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာပြင်ဆင်မှုအပိုင်းအနေနဲ့ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းငယ် အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်းတွေမှာ ပို့ချလျက်ရှိတဲ့ ဘာသာရပ်တွေကို ခေတ်စနစ်နဲ့ လျော်ညီအောင် နိုင်ငံတကာအဆင့်မီဖို့ သင်ရိုးညွှန်းတမ်းတွေကို ပြန်လည်ဆန်းစစ်ခြင်း၊ စိစစ်ပြင်ဆင်ခြင်း လုပ်ဆောင်ဖို့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့နဲ့ EU GOPA က ကျွမ်းကျင်သူတွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်တွေက ဆရာ၊ ဆရာမတွေ တွေ့ဆုံဆွေးနွေးညှိနှိုင်းပါတယ်။

ဒီကနေရရှိတဲ့ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာတွေကို ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးညှိနှိုင်း အတည်ပြုချက်ရယူပြီး ပြင်ဆင်နေပါတယ်။ သင်တန်းပြီးမြောက်တဲ့ သင်တန်းသားတွေရဲ့ Feedback တွေကို နောင်ဖွင့်လှစ်မယ့် သင်တန်းတွေအတွက် သင်ရိုးညွှန်းတမ်းတွေကို အမြဲမပြတ် Update ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှုအရည်အသွေး မြှင့်တင်တည်ဆောက်ရာမှာ နိုင်ငံတကာ အထောက်အပံ့ကောင်းတွေရရှိဖို့အတွက် ဗဟိုဝန်ထမ်းတက္ကသိုလ်တွေကို စီမံအုပ်ချုပ်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွေနဲ့ တက္ကသိုလ်များဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ International Association of Schools and Institutes of Administration-IASIA ကို အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေးနဲ့ နှစ်စဉ်ကြေးထည့်ဝင်ခွင့်တင်ပြခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုချက်နဲ့ နိုင်ငံတော်သမ္မတရုံးရဲ့လမ်းညွှန်ချက်နဲ့အညီ IASIA ကို အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခွင့်ရရှိခဲ့ပါတယ်။

**နိုင်ငံ့ဝန်ထမ်းသင်တန်း အဆင့်ဆင့်အလိုက် သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာ ပြင်ဆင်မှုအပိုင်းအနေနဲ့ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း၊ အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ အရာထမ်းအခြေခံသင်တန်း၊ အရာထမ်းငယ် အခြေခံသင်တန်း၊ စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း၊ စာရေးဝန်ထမ်း အခြေခံသင်တန်းတွေမှာ ပို့ချလျက်ရှိတဲ့ ဘာသာရပ်တွေကို ခေတ်စနစ်နဲ့ လျော်ညီအောင် နိုင်ငံတကာအဆင့်မီဖို့ သင်ရိုးညွှန်းတမ်းတွေကို ပြန်လည်ဆန်းစစ်ခြင်း၊ စိစစ်ပြင်ဆင်ခြင်း လုပ်ဆောင်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အနေနဲ့ ရှေ့ဆက်လက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မယ့်လုပ်ငန်းတွေမှာ ရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းနဲ့ ဥပဒေဆိုင်ရာ အပိုင်း (၃) ပိုင်း ခွဲခြားပြီး ပြောပြလိုပါတယ်။

ရွေးချယ်ရေးအပိုင်းအနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်တမ်းဝင်အရာရှိအဆင့်ဝင်ပေါက်ရာထူးတွေအတွက် ကြော်ငြာခေါ်ယူထားရှိတဲ့ ရာထူးတွေမှာ ဝင်ရောက်လျှောက်ထားဖြေဆိုမယ့်သူတွေသာမက ရုံးပိုင်းဆိုင်ရာ လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပိုမိုလျင်မြန်သွက်လက်စေရေးနဲ့ အချိန်နဲ့တစ်ပြေးညီ လိုအပ်တဲ့ သတင်းအချက်အလက်တွေ စုစည်းနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း

*အချပ်ပို (ဆ) သို့*




၁-၄-၂၀၁၉ ရက်က ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၈၂)နှစ်မြောက် အဖွဲ့စတင်ဖွဲ့စည်းတည်ထောင်သောနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း အမှာစကားပြောကြားစဉ်။

*အချပ်ပို (၈) မှ*

Online Application Form နဲ့ လျှောက်လွှာတွေ ပေးပို့နိုင်ရေး စီစဉ်ထားရှိပါတယ်။

ဒါ့အပြင် ပဏာမစစ်ဆေးခြင်း၊ ရေးဖြေစစ်ဆေးခြင်း၊ စိတ်အခြေအနေစစ်ဆေးခြင်းနဲ့ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းတွေကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေ့ကျင့်ရေးအပိုင်းအနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် နှစ်ခုပူးပေါင်းပြီး ၂၀၂၀ ပြည့်နှစ်မှာ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပတ်သက်တဲ့ International Conference တစ်ခုကို ပြည်တွင်းပြည်ပက ပညာရှင်တွေ ဖိတ်ကြားဆောင်ရွက်သွားဖို့ ရှိပါတယ်။

မဖြစ်မနေ သတ်မှတ်ပေးဖို့ လိုအပ်တဲ့ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစနစ်မှာ အခန်း(၁၃) ခန်းပါဝင်ပြီး မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်ပေါ်ပေါက်လာပုံ၊ ရေးဆွဲရတဲ့ ရည်ရွယ်ချက်၊ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံနဲ့ အခြေခံသဘောတရား ရာထူးအဆင့် သတ်မှတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်ခန့်ထားခြင်း၊ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ပညာပေးခြင်း၊ ရာထူးတိုးမြှင့်ခြင်းအတွက် လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းတွေအတွက် ခံစားခွင့်တွေ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ ကျင့်ဝတ်စည်းကမ်း၊ ၂၁ ရာစုကို ရှေးရှုတဲ့ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်ရဲ့ အနာဂတ်ဦးတည်ချက်တွေနဲ့ စံတန်ဖိုးတွေ ပါဝင်ပါတယ်။ ဖေဖော်ဝါရီ ၂၆ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံးကို သဘောထားတောင်းခံထားရှိပြီး လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆက်လက်ဆောင်ရွက်သွားဖို့ ရှိပါတယ်။

ဥပဒေပိုင်းအနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကို ပြည်သူ့လွှတ်တော်မှာ ၂၀၁၉ ဖေဖော်ဝါရီ ၄ ရက်နဲ့ အမျိုးသားလွှတ်တော်မှာ ၂၀၁၉ ခုနှစ် မတ် ၁၄ ရက်တို့တွင် အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။




ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံ့ဝန်ထမ်း နည်းဥပဒေတွေကို တတိယအကြိမ် ပြင်ဆင်တဲ့ နည်းဥပဒေတွေ ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးအတွက်(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးကို တတိယအကြိမ် ပေးပို့တင်ပြထားပြီးဖြစ်ပါတယ်။

ဒီနည်းဥပဒေတွေကို ထုတ်ပြန်ပြဋ္ဌာန်းခြင်းဖြင့် ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်းတွေက ပြင်ပပုဂ္ဂိုလ်တွေကို ကျွမ်းကျင်ဝန်ထမ်းအဆင့်(၂)နဲ့ စီမံခန့်ခွဲရေးဝန်ထမ်း(စီးပွားရေး) အဆင့်(၂) ရာထူးတွေ ရွေးချယ်ခန့်အပ်နိုင်ခြင်း၊ ပညာအရည်အချင်း သတ်မှတ်ချက်မပြည့်မီပေမယ့် ကျွမ်းကျင်မှုအရည်အချင်း ထူးကဲသာလွန်တဲ့ ဝန်ထမ်းတွေကို ချီးမြှင့်တဲ့အနေနဲ့ ရာထူးတိုးမြှင့်ပေးနိုင်ခြင်း၊ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခွင့်ကာလကို တစ်ပြေးညီဖြစ်စေခြင်းစတဲ့ အကျိုးကျေးဇူးတွေ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေအပေါ် ပြည်သူတွေရဲ့ သဘောထားအမြင်စစ်တမ်း (Public Perception Survey of Government Services - PPSoGS) ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုစာရင်းအင်းအဖွဲ့နဲ့ UNDP တို့ပူးပေါင်းပြီး ၂၀၁၉ ခုနှစ် မတ်လနဲ့ မေလအတွင်း နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက အိမ်ထောင်စု ၂၅၂၀ ကို ကောက်ယူသွားမှာ ဖြစ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းတွေကိုယ်တိုင် နိုင်ငံ့တာဝန်ထမ်းဆောင်ရာမှာ စိတ်ခတ်လှုံ့ဆော်မှု၊ စိတ်ပါဝင်စားမှု အရင်းခံအကြောင်း သဘောထားအမြင်စစ်တမ်းကောက်ယူဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အာဆီယံအဆင့် Public Service

**"ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ပြန်တမ်းဝင်အရာရှိအဆင့် ဝင်ပေါက်ရာထူးတွေအတွက် ကြော်ငြာခေါ်ယူထားရှိတဲ့ ရာထူးတွေမှာ ဝင်ရောက်လျှောက်ထား ဖြေဆိုမယ့်သူတွေသာမက ရုံးပိုင်းဆိုင်ရာ လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပိုမိုလျင်မြန်သွက်လက်စေရေးနဲ့ အချိန်နဲ့တစ်ပြေးညီ လိုအပ်တဲ့ သတင်းအချက်အလက်တွေ စုစည်းနိုင်ရေးတို့အတွက် ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း Online Application Form နဲ့ လျှောက်လွှာတွေ ပေးပို့နိုင်ရေးစီစဉ်ထားရှိ"**



၁-၁-၂၀၁၉ ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပသည့် (၅၄)နှစ်မြောက် တက္ကသိုလ်နှစ်ပတ်လည်နေ့နှင့် အထိမ်းအမှတ်စာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဆွေးနွေးစဉ်။

Motivation ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနဲ့ ဖိုရမ်တွေကို ၂၀၁၉ ခုနှစ်အတွင်း ကျင်းပသွားနိုင်ဖို့ စီစဉ်လျက်ရှိပါတယ်။

**ဦးကျော်ကျော်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊**
**ပြည်တွင်းအခွန်များဦးစီးဌာန**

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှာ ဖွင့်လှစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် ၅ ကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၆ ရက်ကနေ စက်တင်ဘာ ၇ ရက်အထိ ရှစ်ပတ်ကြာ တက်ရောက်ခဲ့ပါတယ်။ သင်တန်းမှာ သင်တန်းပို့ချတဲ့အခါ ဗဟိုဝန်ထမ်းတက္ကသိုလ်က နည်းပြတွေက ပို့ချတာတွေရှိတယ်။ ဒါ့အပြင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန စသဖြင့် ဝန်ကြီးဌာနတွေက လာရောက်ပို့ချပါတယ်။

ဥပမာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးကဆိုရင် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်တွေကို လေ့လာမှတ်သားခဲ့ရပါတယ်။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေ၊ အထူးဥပဒေတွေကို ဆွေးနွေးပေးပါတယ်။

*အချပ်ပို (၉)သို့*

*အချပ်ပို (ဆ) မှ*

**ဦးအောင်ကျော်မိုး**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊**
**လူမှုဝန်ထမ်းဦးစီးဌာန**


ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှာ ဖွင့်လှစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူးစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် ၅ ကို တက်ရောက်ခဲ့ပါတယ်။ ဒီသင်တန်းမှာ ဘာသာရပ်တွေက ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးအဆင့်မှာ သက်ဆိုင်တဲ့ ဘာသာရပ်တွေ၊ စီမံခန့်ခွဲမှုဘာသာရပ်တွေ၊ နိုင်ငံတကာ သိသင့်သိထိုက်တဲ့ ဘာသာရပ်တွေကို သင်ကြားပို့ချခဲ့ပါတယ်။ ဒီလိုပို့ချတာအပြင် သင်တန်းသားတွေ အချင်းချင်း ဆွေးနွေးကြပါတယ်။ အုပ်စုလိုက် ဆွေးနွေးမှုတွေ လုပ်ကြတယ်။ ဒီလိုဆောင်ရွက်နိုင်ခဲ့တဲ့အတွက် သင်တန်းက အကျိုးရှိပါတယ်။

ဝန်ထမ်းအဖွဲ့အစည်း ဒုတိယအကြီးအမှူး သင်တန်းမှာ ပြည်ပပညာရှင်တွေလာပြီး ပို့ချတယ်။ အထူးသဖြင့် ဥပဒေနဲ့ ပတ်သက်တာတွေ၊ စီမံခန့်ခွဲမှုနဲ့ ပတ်သက်တာတွေ ပို့ချတဲ့အပိုင်းမှာ နိုင်ငံတကာက သတ်မှတ်ထားတဲ့ သီအိုရီတွေကို သိရှိခဲ့ရပါတယ်။ ပြည်ပနည်းပြတွေက နိုင်ငံတကာ အတွေ့အကြုံတွေကို မျှဝေဆွေးနွေးပေးပါတယ်။

သင်တန်းတက်ခဲ့တဲ့ကာလမှာ သင်တန်းသားအရာရှိ အချင်းချင်း ဌာနဆိုင်ရာ ပေါင်းစုံစုပေါင်းပြီး တက်ရတဲ့အတွက် ရင်းနှီးမှုတွေ ရရှိပါတယ်။ လုပ်ငန်းလိုအပ်ချက်အရ ဌာနဆိုင်ရာတွေ ဆက်သွယ်ညှိနှိုင်းတဲ့အခါ သင်တန်းကနေ ခင်မင်ရင်းနှီးမှုရခဲ့တဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုရာထူးဝန်အဖွဲ့က ထုတ်ဝေသည့် စာအုပ်စာစောင်များ

**ဦးရန်နောင်စိုး**
**လက်ထောက်ညွှန်ကြားရေးမှူး**
**သတင်းအချက်အလက်၊ နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန**

ဇဟိုဝန်ထမ်းတက္ကသိုလ်မှာ ၂၀၁၈ ခုနှစ် မတ် ၁၂ ရက်ကနေ ဩဂုတ် ၄ ရက်အထိ အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုသင်တန်း တက်ရောက်ခဲ့ပါတယ်။ ဒီသင်တန်းမှာ ဘာသာရပ် ခုနစ်ခု သင်ယူခဲ့ပါတယ်။ ဘာသာရပ် ခုနစ်ခုဆိုပေမယ့် ဘာသာရပ်တွေမှာ ဘာသာရပ်ခွဲတွေ အများကြီးရှိပါတယ်။ ဒီလိုသင်တန်းတက်တဲ့အခါမှာ အုပ်စုခွဲပြီး သင်ယူရတာမျိုးရှိပါတယ်။ ဒီလို အုပ်စုနဲ့ သင်ယူတဲ့အခါ ကျား/မ ပါဝင်မှု၊ နယ်ပယ်စုံ ပါဝင်မှု ဒါမျိုးတွေနဲ့ သေချာခွဲပေးထားပါတယ်။

နယ်ပယ်စုံက ပါဝင်မှ အမြင်ချင်းဖလှယ်လို့ ရမှာပါ။ ဒီလိုအမြင်ချင်းဖလှယ်ပြီး စာတမ်းငယ် တစ်စောင်ပြုစုရပါတယ်။ ဒီစာတမ်းငယ်ကို အားလုံးဆွေးနွေးပြီး အမေးအဖြေ လုပ်ရပါတယ်။ ဒီလို အမေးအဖြေ ပြုလုပ်ကြတဲ့အခါ ကိုယ်မထင်မှတ်တဲ့ မေးခွန်းတွေမေးကြတဲ့အခါ ဘယ်လို အကောင်းဆုံး ပြန်ဖြေရမလဲဆိုတာကို ပြင်ဆင်တတ်သွားပါတယ်။ စာတမ်းပြုစုတဲ့အခါ အုပ်စုလိုက်လုပ်ရတာဖြစ်တဲ့အတွက် အမြင်တွေက

“ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစနစ်မှာ အခန်း(၁၃) ခန်းပါဝင်ပြီး မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ် ပေါ်ပေါက်လာပုံ၊ ရေးဆွဲရတဲ့ ရည်ရွယ်ချက်၊ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံနဲ့ အခြေခံသဘောတရား ရာထူးအဆင့်သတ်မှတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်း ရွေးချယ်ခန့်ထားခြင်း၊ နိုင်ငံ့ဝန်ထမ်း လေ့ကျင့်ပညာပေးခြင်း၊ ရာထူးတိုးမြှင့်ခြင်းအတွက် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းတွေအတွက် ခံစားခွင့်တွေ၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်၊ ကျင့်ဝတ်စည်းကမ်း၊ ၂၁ ရာစုကို ရှေးရှုတဲ့ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းစနစ်ရဲ့အနာဂတ်ဦးတည်ချက်တွေနဲ့ စံတန်ဖိုးတွေ ပါဝင်”

အများကြီးရှိတယ်။ ဒီအမြင်တွေကို ပေါင်းစပ်ညှိနှိုင်းပြီးမှ အားလုံးသဘောတူညီတဲ့အချက်တွေနဲ့ စာတမ်းပြုစုကြတာ ဖြစ်ပါတယ်။ အဓိကက အများနဲ့ ပေါင်းစပ်ညှိနှိုင်း လုပ်ဆောင်တတ်တဲ့ အကျင့်နဲ့ ညီညွတ်မှုကို ရစေပါတယ်။

သင်တန်းပေးတဲ့အခါမှာလည်း သင်တန်းဆရာကသာ ဦးဆောင်သွားတဲ့ ပုံစံမျိုးမဟုတ်ဘဲ သင်တန်းဆရာက ဆွေးနွေးတဲ့အချိန်မှာ သင်တန်းသားကပါ မေးမြန်းဆွေးနွေးလို့ရပါတယ်။ သင်ယူခဲ့ရတဲ့ ဘာသာရပ်အားလုံးထဲက တချို့ဘာသာရပ်တွေက တိုက်ရိုက်အသုံးချလို့ ရပါတယ်။ တချို့ဘာသာရပ်ကျတော့ တိုက်ရိုက်အသုံးမချနိုင်ပေမယ့် သိသင့်သိထိုက်တဲ့ အရာတွေချည်းပါပဲ။

ကျွန်တော်တို့ အပတ်စဉ်မှာ သင်တန်းသားတွေက အသက်အရွယ်မျိုးစုံပါပါတယ်။ အသက် ၃၀ ဝန်းကျင်တွေပါသလို အသက် ၆၀ ဝန်းကျင်အထိ ပါပါတယ်။ အသက်ကြီးတဲ့သူအတွက် ဆွေးနွေးနိုင်ပေမယ့် စာမေးပွဲဖြေဆိုဖို့ လိုက်နာမှတ်သားရတာကျတော့ အခက်အခဲရှိပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနတွေကနေ သင်တန်းသားရွေးချယ်တဲ့အခါ တကယ်တက်ချင်တဲ့သူကိုပဲ ရွေးချယ်စေလွှတ်စေချင်ပါတယ်။ ပြီးတော့ အင်္ဂလိပ်ဘာသာနဲ့ သင်ယူရတာဖြစ်တဲ့အတွက် ထိုက်သင့်တဲ့ အရည်အချင်းရှိတဲ့သူ၊ မရှိရင်လည်း ဒီအတွက် ၆ လလောက် ကြိုပြီးပြင်ဆင်ပြီးမှ သင်တန်းလွှတ်တာမျိုး ဖြစ်ချင်ပါတယ်။

**ဦးအောင်မြင့်သူ**
**ဦးစီးအရာရှိ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

အရာထမ်းလောင်း အခြေခံသင်တန်း ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ သင်တန်းအမှတ်စဉ်(၄)ကို ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှာ တက်ရောက်ခဲ့ပြီး ကျွန်တော့်အနေနဲ့ သင်တန်းကနေ အကျိုးရှိတာတွေ အများကြီးရရှိခဲ့ပါတယ်။ သင်တန်းသားတွေအနေနဲ့ သင်တန်းအတူတူ တက်ခဲ့ရပေမယ့် လုပ်ငန်းခွင်ဝင်ရတဲ့ ဌာနတွေကတော့ မတူကြပါဘူး။ သင်တန်းမှာက ရုံးလုပ်ငန်းတွေပါ သင်ပေးတဲ့အတွက် အဆင်ပြေပါတယ်။ ဒါတွေကို လုပ်ငန်းခွင်မှာ ပေါင်းစပ်ပြီး အသုံးချသွားရမှာပါ။ အတိအကျကြီး အသုံးချလို့ရတာလည်း ရှိမယ်၊ မရတာလည်း ရှိမယ်။ သင်တန်းက အကောင်းဆုံးလို့ မပြောလိုပါဘူး။ သင်တန်းမှာ လိုအပ်နေတာတွေရှိရင် ကျွန်တော်တို့လို သင်တန်းသားတွေက အကြံပြုသွားရမယ်လို့ ထင်ပါတယ်။ ။

